ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ် ၊ ပထမ စာသင်နှစ်ဝက်

# EDU1109

# သင်ရိုးညွှန်းတမ်း နှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းစဉ်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။ မြန်မာနိုင်ငံ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များ နှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှု ရှိစေရန်နှင့် ပညာရေးကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် ( Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန် အလှန်လှန်လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးကောလိပ်သင်ရိုးကို အပိုင်း နှစ်ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘာက်စုံပေါင်းစပ်ထားသောချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှု နှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာ သင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စု အလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှု နှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြား တတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများ နှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများ နှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါတွင် လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း ( မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း ( သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း ( မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်း အားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများ နှင့် ပညာရေးတက္ကသိုလ်များ နှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှု ပြုပါသည်။ ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ နှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ 'မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်' မှတဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက်မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီထားပါသည်။

# မာတိကာ

နိဒါန်း ..... က
မာတိကာ ..... ဃ
ဤလမ်းညွှန်စာအုပ်ကို မည်ကဲ့သို့ အသုံးပြုမည်နည်း။ ..... ၁
အခန်း ၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက် ..... ၄၈
၁.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဟူသည်မှာ အဘယ်နည်း။ ..... ၄၉
၁.၁.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် အဘယ်ကြောင့် အရေးပါသနည်း။ ..... ၄၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၅၇
၁.၂။ အခြေခံပညာရေးရှိ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းခေါင်းစဉ်များ ..... ၅၈
၁.၂.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းခေါင်းစဉ်များ ..... ၅၈
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၆၆
အခန်းဆုံးအနှစ်ချုပ် ..... ၆၇
အဓိကအချက်များ ..... ၆၇
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ..... ၆၈
ဆက်လက်ဖတ်မှတ်စရာများ ..... ၇၀
အခန်း ၂။ တိုင်းရင်းသားရေးရာ ဘာသာစကားနှင့် ယဉ်ကျေးမှု ..... ၇၂
၂.၁။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းမိတ်ဆက် ..... ၇၃
၂.၁.၁။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်း ..... ၇၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၈၂
၂ .၂။ ကျောင်းသားများ၏ လေ့လာသင်ယူမှုကို ပံ့ပိုးကူညီခြင်း ..... ၈၃
၂.၂.၁။ တိုင်းရင်းသားဘာသာစကားများ သင်ယူနေသည့် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည်နည်း။ ..... ၈၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ..... ၉၀
အခန်းဆုံးအနှစ်ချုပ် ..... ၉၁
အဓိကအချက်များ ..... ၉၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ..... ၉၂

ဆက်လက်ဖတ်မှတ်စရာများ ........ ၉၄
အခန်း ၃။ စိုက်ပျိုးရေး ........ ၉၅
၃.၁။ အပင်နှင့် မျိုးစေ့များ ........ ၉၇
၃.၁.၁။ အပင်များ ........ ၉၇
၃.၁.၂။ မျိုးစေ့များ ........ ၁၀၀
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၀၄
၃.၂။ မြေဆီလွှာများနှင့် ဓာတ်မြေဩဇာများ ........ ၁၀၅
၃.၂.၁။ မြေဆီလွှာများ ........ ၁၀၅
၃.၂.၂။ ဓာတ်မြေဩဇာများ ........ ၁၀၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၁၃
၃.၃။ အပင်မျိုးပွားခြင်း ........ ၁၁၄
၃.၃.၁။ အပင်များမျိုးပွားခြင်းကို နားလည်ခြင်း ........ ၁၁၄
၃.၃.၂။ ကိုင်းဖြတ်နည်းဖြင့် အပင်များမျိုးပွားခြင်း ........ ၁၁၈
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ၁၂၂
၃.၄။ အင်းဆက်ဖျက်ပိုးများ၊ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ ........ ၁၂၃
၃.၄.၁။ အင်းဆက်ဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်းနည်းများ ........ ၁၂၃
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၂၈
အခန်းဆုံးအနှစ်ချုပ် ........ ၁၂၉
အဓိကအချက်များ ........ ၁၂၉
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၁၃၂
ဆက်လက်ဖတ်မှတ်စရာများ ........ ၁၃၃
ခက်ဆစ်အဘိဓာန် ........ ၁၃၅
ကျမ်းကိုးစာရင်း ........ ၁၃၉
နောက်ဆက်တွဲများ ........ ၁၄၆
နောက်ဆက်တွဲ ၁။ အပင်များ ကြီးထွားရန်အတွက်
မည်သည့်အာဟာရများ (ဒြပ်စင်များ) လိုအပ်သနည်း။ ........ ၁၄၇
နောက်ဆက်တွဲ ၂။ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများဆိုင်ရာ
အစားထိုးသင်ခန်းစာ (စိတ်ကြိုက်) ........ ၁၄၉

# ဤလမ်းညွှန်စာအုပ်ကို မည်ကဲ့သို့ အသုံးပြုမည်နည်း။

## ဤဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆရာလမ်းညွှန်ကို မည်သူက အသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်စာအုပ်သည် ပညာရေးကောလိပ် ပထမနှစ်ကျောင်းသား[၁]များအား ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်ကိုသင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်စာအုပ်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားများ၏ ကျောင်းသားကိုင်စာအုပ် အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းလင်းစွာဖော်ပြထားသည်။

## မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြားမည်နည်း။

လေးနှစ်သင်ပညာရေးကောလိပ်အစီအစဉ်အတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန် တစ်နှစ်လျှင် နှစ်ဆယ့်လေးချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေး ကောလိပ်တွင် ဖြစ်ပါသည်။

## ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆရာလမ်းညွှန်တွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။

ပညာရေးကောလိပ်ပထမနှစ် ဘဝတွက်တာ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ကျောင်းသားကိုင် စာအုပ်နှင့် ဆရာလမ်းညွှန် စာအုပ်တို့၏ ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ပါဝင်သော အကြောင်းအရာများတူညီကြသည်။

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ် ကျောင်းသားများကို ရည်ညွှန်းပါသည်
[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ် ဆရာများကို ရည်ညွှန်းပါသည်။

ပညာရေးကောလိပ်ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် အောက်ပါအခန်းများပါဝင်သည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက်
- တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှု
- စိုက်ပျိုးရေး
- အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများ
- အိမ်တွင်းစီမံခန့်ခွဲမှုစွမ်းရည်များ
- စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာတစ်ချင်းစီအတွက် ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့် တတ်ကျွမ်းမှု။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် ( Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန် များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ကြားသင်ယူမှုလုပ်ငန်းများတွင် အသုံးပြုသော သင်ကြားသင်ယူမှု နည်းလမ်းများကို ချုံ့ဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာဗဟုသုတ ရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်း ဖွဲ့စည်းပုံ ၊ အချိန် စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာပင်များ၊ URL ဝက်ဘ်လင့်များ၊ ဗွီဒီယိုများ၊ အကုန်အကျနည်းသော/ လုံးဝကုန်ကျစရိတ်မရှိသော ရင်းမြစ်များ၊ လက်တွေ့ လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စသင့်သည်။ သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှု ရှိသည်။

**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာသည် အဆင်ပြေစွာ သင်ကြားသင်ယူနေခြင်း ရှိ၊ မရှိစစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့်အချက်များကို ကျောင်းသားများ ထိရောက်စွာသင်ယူခြင်း ရှိ မရှိ သေချာစေရန် 'ရပ်တန့်ပါ၊ စဉ်းစားပါ' ကို ညွှန်ကြားချက်အကွက် (instruction box)ကို အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေး အကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင်ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန်အတွက် လုပ်ငန်းစဉ် တစ်ခုချင်းအပေါ်တွင် သင်ကြားနေစဉ်စစ်ဆေးအကဲဖြတ်ခြင်း ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ်အကျဉ်းချုံး ဖော်ပြထားခြင်းမျိုးဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်ချဉ်းကပ်မှုများအတွက်စုစည်းမှု (Toolbox for assessment approaches)တွင် ပါဝင်ပါသည်။

**ကျောင်းသား၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်သည့် ကျောင်းသားများထံမှရရှိနိုင်သော တုံ့ပြန်ချက် အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်း ဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ၊ သင်ယူမှု ရလဒ်များအား အနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက် ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ဆရာ့တတ်ကျွမ်းမှုစံအညွှန်းကိန်းများသည် သင်ခန်းစာ အကြောင်းအရာတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့ သင်ယူခဲ့ကြ ကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် လုပ်ဆောင်ရန်လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော် အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ငန်းများ ပေးရန်နှင့် သင်ယူမှုအားနည်းသောကျောင်းသား သို့မဟုတ် ကွဲပြားသော သင်ယူမှု လိုအပ်ချက် (different learning needs)ရှိသည့် ကျောင်းသားများကို လိုအပ်ချက် အလိုက် ထပ်ဆောင်းလုပ်ငန်းများပေးရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

ဆရာလမ်းညွှန်တွင် အခန်းတစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသော အဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လှန်သုံးသပ်သည့် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထား ပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့်ပတ်သက်ပြီး မှန်/မမှန်အတည်ပြုပေးရန် ပညာရေး

ကောလိပ်ဆရာများကို အသိပညာများ ထောက်ပံ့ပေးပါသည်။ **(ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။)**

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အား အသိပေးရန် ဤနေရာတွင် ထပ်မံပြန်လည်ဖော်ပြထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအားဖတ်ရှုရန် တိုက်တွန်းရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့သော သင်ခန်းစာ (အခန်း)တွင် သင်ယူမှုနှင့် ဆိုင်သောမေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့်ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် သို့မဟုတ် ပညာရေးကောလိပ်၏ အွန်လိုင်း စာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင် ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ကြားသင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင်စာအုပ်မှ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်း ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း များကို အိမ်စာအလုပ်အဖြစ် (သို့မဟုတ်) ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာ နှင့် သင်ယူမှု လိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာအဘယ်နည်း။

ပညာရေးကောလိပ်ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှု နှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြု ဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင် ပညာရေး၏ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုနှင့် ကိုက်ညီစေရန် အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)** သင်ယူမှုဆိုင်ရာ

အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)** ဤသင်ကြားနည်းနှင့်ဆိုင်သောအယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာကဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိ ကိုယ်ပိုင်လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်း ဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက်ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်း ဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော်အချင်းချင်း သော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦးမျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှ တစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသော အလုပ်သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့်လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း စသည်တို့ ဖြစ်သည်။

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ်သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့်

အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလိုအသုံးချနိုင်ရန် အခွင့်အလမ်းများ ကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤသင်ရိုး၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် အခြေခံပညာသင်ရိုးသစ်ပါ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအကြောင်းအရာအပြင် ဤသင်ရိုးညွှန်းတမ်းကို မည်သို့ရေးဆွဲသည်၊ ဒေသ လိုအပ်ချက်များနှင့်အညီ မည်သို့တုံ့ပြန်ရေးဆွဲသည်ကိုပါ ရင်းနှီးကျွမ်းဝင်စေရန် ဖြစ်သည်။ ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက်၊ အထူးသဖြင့် စိုက်ပျိုးရေးအပိုင်းတွင် တွေ့ရသော သင်ခန်းစာခေါင်းစဉ်များကို သိရှိပြီး ကျွမ်းကျင်မှုလည်း ရလာပေမည်။ သင်တန်းအပြီးတွင် ကျောင်းသားများသည် မြန်မာနိုင်ငံဒေသအခြေအနေများတွင် ပညာရေးနှင့် ဆက်စပ်ရန် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်နှင့် အရေးပါပုံတို့ကိုသာမက ယဉ်ကျေးမှုတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန် လေးစားမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ တွင် အကျိုးပြုခြင်းကိုလည်း နက်နဲစွာနားလည်သဘောပေါက်ပြီး ဖြစ်ပေမည်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ

အမျိုးသားပညာရေးဥပဒေ (၂၀၁၄၊ ပြင်ဆင်ချက် ၂၀၁၅) အခြေခံပညာ သင်ရိုးညွှန်းတမ်း မူဘောင်နှင့်အညီ ပြည်နယ်များ/တိုင်းဒေသကြီးများအတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ရေးဆွဲရန် အစိုးရများအနေဖြင့် ဆောင်ရွက်ကြောင်းဖော်ပြရန် အခွင့်အလမ်းပေးပါသည်။ (အဓိက) သင်ရိုးညွှန်းတမ်း၏ ဆက်စပ်ဘာသာရပ်များနှင့် သင်ခန်းစာအကြောင်းအရာတစ်ချို့ကို သင်ကြားခြင်းဖြင့်သောလည်းကောင်း အချို့သော သင်ခန်းစာအကြောင်းအရာများကို သီးခြား ဘာသာရပ်များအဖြစ် သင်ကြားခြင်းဖြင့်သော်လည်းကောင်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို ထည့်သွင်းရန် အစီအစဉ်များ ရေးဆွဲထားသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအဖြစ် သတ်မှတ် ထားသော အဓိကသင်ခန်းစာ အကြောင်းအရာများမှာ တိုင်းရင်းသားဘာသာစကားများ၊ တိုင်းရင်းသားများ၏ သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုများကို လေ့လာသင်ယူခြင်း၊ ဒေသတွင်း

စီးပွားရေးလုပ်ငန်းအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြေခံကွန်ပျူတာစွမ်းရည်တို့ ဖြစ်ကြသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း၊ အထူးသဖြင့် တိုင်းရင်းသားဘာသာစကား လေ့လာသင်ယူခြင်းသည် မိခင်ဘာသာ စကားအသုံးပြု၍ သင်ကြားသင်ယူမှု အကြောင်းအရာကို အခြေအနေနှင့် လိုက်လျောညီထွေမှုပြုခြင်း၊ ကျောင်းသားများ၏ သင်ယူမှု အောင်မြင်ခြင်းမှတစ်ဆင့် တိုင်းရင်းသားကလေးငယ်များ၏ မိမိကိုယ်မိမိ လေးစားစိတ်ကို မြှင့်တင်ပေးခြင်းနှင့် ယဉ်ကျေးမှု အချင်းချင်း အပြန်အလှန် လေးစားနားလည်မှု တိုးတက်လာစေခြင်းတို့အတွက် အခွင့်အလမ်းရရှိစေသည်။

## ဇယား (က) ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| က(၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။ | က(၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည် ဆိုသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၁.၁.၁) သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုများပေါ်မူတည်၍ ကျောင်းသားများ မည်ကဲ့သို့ ကွဲ ပြားစွာ သင်ယူသည်ကို ဥပမာဖြင့် ဖော်ပြသည်။<br><br>(က)(၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုး မှု၊ ကာယဖွံ့ဖြိုး မှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက် နှင့်ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| (က-၂) ရရှိအသုံးပြုနိုင်မည့် ပညာရေးဆိုင်ရာ နည်းပညာများကို သိသည်။ | (က)(၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာနည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ် အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက် ကြောင်းပြသသည်။ | (က)(၂.၁.၁)ကျောင်းသားများအချင်းချင်းအပြန်အလှန်ပြောဆိုဆက် သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန် တီးခြင်းအခွင့်အလမ်းများကိုပံ့ပိုး ပေးသည့် သင်ယူမှုအတွေ့အကြုံ များကို ပြင်ဆင် ဆောင်ရွက်သည်။<br><br>(က)(၂.၁.၂)ကျောင်းသားများ သင် ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့်သင်ကြားနည်းများ၊ နည်းဗျူဟာ များ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း များနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်း ပစ္စည်းများကိုအသုံးပြုသည်။ |
| | (က)(၂.၂) သင်ကြားသင်ယူမှုတွင် သတင်းအချက်အလက်၊ ဆက်သွယ် ရေးနည်းပညာ (ICT)ကို သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည် ကြောင်း ပြသသည်။ | (က)(၂.၂.၁)သင်ကြား၊သင်ယူမှု ဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသောပညာရေးဆိုင်ရာ နည်းကိရိယာ များနှင့် ပစ္စည်းများ၏လုပ်ဆောင် မှုများနှင့်ရည်ရွယ် ချက်များကိုဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၃) ကျောင်းသားများနှင့် ၄င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ဆက်ဆံရမည်ကို သိသည်။ | (က)(၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က)(၃.၁.၁) မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက်စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ်ငါးသွယ်နှင့် ဆရာအခန်းကဏ္ဍကိုဖော် ပြသည်။ |
| | (က)(၃.၂) ကျောင်းသားများနှင့် ၄င်းတို့ ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနား မှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က)(၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့ အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၄င်းတို့၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |
| (က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။ | (က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့်သင်ထောက်ကူ ပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က)(၄.၁.၃)သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာမှုများကိုဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၅) ဘာသာရပ်အကြောင်း အရာကိုသိသည်။ | (က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်း အရာကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။ | (က)(၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှု လိုအပ်ချက်နှင့်ဆက်နွယ် နေသော သင်ယူမှု အခြေ အနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူ တတ်မြောက်အောင် ဘာသာရပ် အကြောင်း အရာများကို မည်သို့ပို့ချ ရမည်ကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | (က)(၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှု မြင့်မားစေရန်ကျောင်းသားများ၏ အသက်၊ ဘာသာ စကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများ ကို ထည့်သွင်းစဉ်းစားသည့်နည်းလမ်းများကိုဖော်ပြ သည်။<br><br>(က)(၅.၂.၂)ဘာသာရပ်အကြောင်း အရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင် သည့် ဒေသဆိုင်ရာသတင်းအချက်အလက်များနှင့် ဥပမာများထည့်သွင်းပြီး သင်ခန်းစာများကိုမည်ကဲ့သို့ ဖွဲ့စည်း ဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်း အရာကို သင်ကြားသည်။ | (ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်း အရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ)(၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်း အခြေအနေ၊ အတန်း အရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများသင်ယူမှုကို အထောက်အကူပြု စေမည့် အရေးအဖတ်နှင့်အခြေခံအတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာ များ ဆိုင်ရာအသိပညာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၃) ကျောင်းသားများ အတွက် လက်တွေ့ လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ် နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေး သည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ)(၁.၃) ကျောင်းသားများ ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှု ပုံစံကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကိုထိ ရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၎င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်း ပျိုးပေးသည်။<br><br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့ အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ် များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br><br>(ခ)(၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။ |
| (ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာ ကြီးကြပ်ခြင်းနှင့် အစီရင် ခံခြင်း | (ခ)(၂.၁) ကျောင်းသားများ ၏ သင်ယူမှုကိုလေ့လာ ကြီးကြပ် တည့်မတ်ပေးရန် နှင့်စစ်ဆေးအကဲဖြတ် နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ)(၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန်စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှု ရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | (ခ)(၃-၁) ကျောင်းသားအားလုံး အတွက် ဘေးကင်းလုံခြုံမှု ရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ)(၃.၁.၁) သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသား အားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေး အတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ကျောင်းသားများကို အားပေးသည်။<br><br>(ခ)(၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။ |
| | (ခ)(၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ)(၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်သည်။ | (ခ)(၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေး အတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များ နှင့်အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ)(၄.၁.၃) သင်ယူမှုအခက်အခဲများကို တုံ့ပြန်ရန် နှင့် သုံးသပ်အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများ ရရှိရန်ကြိုးပမ်းသည်။ |
| (ဂ-၁) ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အတွက် အကျိုးပြုတာဝန် ထမ်းဆောင်သည်။ | (ဂ)(၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ)(၁.၁.၁)မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံး သည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| (ဂ-၂) ရပ်ရွာအရေး ဦးဆောင်ပါဝင်ဆောင်ရွက် သည်။ | (ဂ)(၂-၁) ကျောင်းနှင့် ရပ်ရွာ ကိစ္စများ၌ ဆရာ့အတတ်ပညာ အသိုင်းအဝိုင်းဝင် ဆရာတစ်ဦး အနေဖြင့် တာဝန်ခံ ဆောင်ရွက် နိုင်ကြောင်းပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ |

| တတ်ကျွမ်းမှု<br>စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး<br>လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဂ-၃)<br>ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှုရှိစေရန် မြှင့်တင်ဆောင်ရွက်သည်။ | (ဂ)(၃-၁)<br>ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်း နှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း ၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။ | (ဂ)(၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။ |
| | (ဂ)(၃-၃)<br>ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှု အကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင် ပေးနိုင်စွမ်းရှိကြောင်း ပြသည်။ | (ဂ)(၃.၃.၁) ရေရှည် တည်တံ့မှု ၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြု လုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |
| (ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည် ထင်ဟပ်သုံးသပ်သည်။ | (ဃ)(၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ် စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှု တိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံ သတ်မှတ်ချက်များ | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဃ-၂) သင်ကြားရေး လက်တွေ့ကျင့်သုံးမှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက် များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ | (ဃ)(၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းအားဖြင့် လည်းကောင်း၊ မိမိ၏လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ)(၂.၁.၁)လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ် အကြံပြုချက်များကို စိတ်ဆန္ဒ ထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ)(၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။<br><br>(ဃ)(၂.၁.၄) အသိအမှတ် ပြုထားသော ဆရာအတတ်ပညာ အဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |
| (ဃ-၃) သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ငန်းအတတ် ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။ | (ဃ)(၃.၁) လက်တွေ့သင်ကြားမှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာမှုနှင့် သုတေသန အခြေပြု သင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်း ပြသည်။ | (ဃ)(၃.၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှုများ တိုးတက်ကောင်းမွန် စေရန်ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။ |

ရင်းမြစ်။ မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း ၃.၂ (၂၀၁၉ မေလ) (စာ ၃၀ မှ ၃၆ အထိ)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူ လူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင်တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏သင်ယူမှုကိုမိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင်ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့် ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

၁။ **ဆီလျော်မှုရှိပါစေ။** အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက် ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသား များ သင်ခန်းစာသင်ကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကိုတတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်း မှုရှိသော ပန်းတိုင်နှင့်ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏ အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည်များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာ မည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

၂။ **သင့်ကျောင်းသားများ၏နောက်ခံဘဝအခြေအနေများကိုသိပါ။** သင်၏ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာ အကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

၃။ **စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ။** အရွယ်ရောက်သူ လူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းလိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့်အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့်ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကိုသင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာပါဝင်လာစေရန် နည်းလမ်းများရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူ တစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ယင်းတို့စိတ်ဝင်စားသောအရာကိုရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်ကျ သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ်အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကိုစဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ကျောင်းသား အားလုံး၏စိတ်ထဲတွင် ကျား၊

မ ခွဲခြားမှုမရှိဘဲ မိမိတို့၏လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည် ဟူသောခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှု အခွင့်အလမ်းများ ညီတူညီမျှရရှိရေးသာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိ သဘောထားများကို ၎င်းတို့၏ လေ့ကျင့်သင်ကြားခြင်းများတွင် အသေအချာထည့်သွင်း စဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ် ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။  စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား တန်ဖိုးထားမှု နှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သောဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ်ထိ အကျိုးသက်ရောက်မှုများရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကား အသုံးအနှုန်းများကိုလည်းကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊မ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု ရှိကြောင်းသေချာစေရန် ဤနည်းလမ်းများကိုထည့်သွင်းစဉ်းစား ပါ။

- ကျား၊မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမဟူသော နာမ်စားကို တစ်လှည့်စီ သုံးပါ။
- ကိုးကားချက်များသုံးပါက ကျား နှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါ ပါစေ။
- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။

- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအကျုံးဝင်သော (အားလုံးနားလည်သော) ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန်၊ ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများအား မိမိတို့၏ အပြုအမူများကို ပြန်လည် ဆင်ခြင်သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများ၊ ကျောင်းသူများနှင့် ပြောဆိုဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ။ ။ မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင်ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကားပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသားအမည်များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ ပို၍နှုတ်ဆိတ်နေတတ်သော ကျောင်းသားဖြစ်ပါက ကျား၊ မ မရွေးဘဲ အားပေးကူညီ ထောက်ပံ့ပေးပါ။
- ကျားရော၊ မပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြားသင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ။ ။ အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသား အားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်စုံတစ်ယောက်တည်းက လွှမ်းမိုးထားမှုမရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့်ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကိုအလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက်ရပါမည်။

စာသင်အခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့်

တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်း ဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာရေးစာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူတို့၏ ကျား၊ မ တန်းတူ သာတူညီမျှကို ကောင်းမွန်စွာ အထောက်အကူ ပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အထများ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြားသင်ယူမှုနည်းလမ်းများကိုစုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားများ၏ ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီ အတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တသွေမတိမ်း လိုက်နာလုပ်ဆောင်ရန်မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက် အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်း ပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင်အသုံး ပြုထားပါသည်။ သင်၏သင်ခန်းစာများပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင်ပြုပြင် ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့်သင်ယူမှု ဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူဝက်ဘ်ဆိုဒ်များသို့ ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သောလုပ်ငန်းတာဝန်များတွင်ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက်ဂျာနယ်များ ပါဝင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ။ ။ဖတ်ထားသောစာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်ကသင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက် သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ။ ။သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကိုကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ် တွေးခေါ်နိုင်သော စွမ်းရည်များ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကိုဖတ်ကြသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင်တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသောလုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ။ ။ လက်တွေ့တန်းပြလေ့ကျင့်သင်ကြားနေချိန်အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။

လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်းပေးသည့်အနေဖြင့် အနီးကပ် ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ် များ)၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။


**ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း(Gallery walk)** - ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကိုပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကိုလှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင်ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။




**ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)** - ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏အတွေးများ၊ စိတ်ကူးများကိုပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီးထိရောက်မှုရှိသော နည်းလမ်း တစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆိုအသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။

**စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)** - စိတ်ကူးပုံဖော်ခြင်းကို အသိသညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကိုမြင်သာအောင် ပြပေးခြင်း ဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်သော ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမိုအသေးစိတ်သောအသိညာများကို ကွန်ယက်ပုံစံဖြင့် ဆက်သွယ် သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။



**ဗင်းပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)** - မတူသောအကြောင်းအရာ သို့မဟုတ် စိတ်ကူးနှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ)တို့၏ တူညီသော လက္ခဏာများ ဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က) နှင့် (ခ)တို့၏ သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




**သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)** - ဤနည်းလမ်းသည် အခန်းငယ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်က သိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်းတစ်ခန်း(unit)ကို မသင်မီ ကျောင်းသားများအား ပထမ ကော်လံနှစ်ခုတွင် မိမိတို့သိပြီးသည့် အကြောင်းအချက်နှင့် သိလိုသော အကြောင်းအချက်များကို ဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း(unit)ကို သင်ပြီးချိန်တွင် ၎င်းတို့သင်ယူတတ်မြောက်သွားသောအချက်များကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

**တီပုံဇယားကွက် (T Chart)** - တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ သို့မဟုတ် မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် ၁ | ခေါင်းစဉ် ၂ |
|---|---|
| | |

**အုပ်စုလုပ်ငန်း (Group work)** - အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအားလေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများ ဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြုပ်ပြီး ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ။ ။ မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

**ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)** - ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်

သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော စွမ်းရည်အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

**ဟောပြောပို့ချခြင်း (Lecture)** - ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများအုပ်စုအကြားတစ်လမ်းသွားဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များ သည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက်အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း၌ပင် သင်သည်ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကိုဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း သို့မဟုတ် ကျောင်းသားများအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သတ်မှု ရှိစေနိုင်သည်။

**အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)** - အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ် အတွင်း ကျောင်းသားတစ်ဦး၊ သို့မဟုတ် ကျောင်းသား အုပ်စုငယ်တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြားကြသည်။ ယင်းနောက်၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည် များကို အသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြုသုံးသပ်ချက်များရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ် သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများ အတွက်ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများအဓိက သင်ကြား လေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့်မေးခွန်းများမေးခြင်း သို့မဟုတ် ကျောင်းသား များအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များ ပံ့ပိုးခြင်းဖြစ်သည်။

**နမူနာလုပ်ပြခြင်း (Modelling)** - နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိသညာ အသစ် သို့မဟုတ် ချဉ်းကပ်နည်းသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာ သင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦးနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို ပါးစပ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည်ဆိုသည့် အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးကောလိပ်ကျောင်းသားများအားအနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာရေးကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

**ကြည့်ရှုလေ့လာခြင်း (Observation)** - ကျောင်းသားများသည် အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပာယ်ရှိစေရန် ပုံစံချထား သည့် လေးနက်စွာ ပြန်လည်ဆင်ခြင်စဉ်းစားရသောဆွေးနွေးပွဲများ တွင်ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုး တိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြပေးရန်နှင့် ကျောင်းသားများအား၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။

**လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)** - လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ်သင်လုပ်ဆောင်သော သရုပ်ပြ သင်ကြားမှုများ ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာလက်တွေ့လုပ်ဆောင်မှုနှင့်ကျောင်းသားများ ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ - သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်း ပြုလုပ်ရန် လိုအပ်သောလုပ်ငန်းပေးစာရွက်တို့ ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူ တတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့ လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

**စာဖတ်အဖွဲ့များ (Reading groups)** - စာဖတ်အုပ်စုတစ်ခုသည် ပြဌာန်းစာအုပ်တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာသောအုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသားသည့်နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

**သရုပ်ဆောင်သင်ကြားသင်ယူခြင်း (Role-playing)** - သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်းဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေအစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသောနည်းလမ်းတစ်ခု ဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှု အခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသောရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

**ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)** - ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြု နယ်ပယ်ဆိုင်ရာကို စဉ်းစားရန်အချိန်လည်း ပါဝင်သည်။

**နီးနောဖလှယ်ပွဲများ (Seminars)** - နီးနောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ် ဆွေးနွေးကြသည်။ အမြင်များအပေါ် အခြေအတင်ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည်နီးနောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီးလုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများကို ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

**တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair- Share)** - တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး၊ တွဲ၊ မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ တွေးပါ။ ။သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသောအကြောင်းအရာများကို စဉ်းစားပါစေ။
၂။ ယှဉ်တွဲပါ။ ။အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။
၃။ မျှဝေပါ။ ။မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့်ပတ်သက်၍ အခြားသူများ၏ အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

**အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)** - အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသားတစ်ဦးချင်း သို့မဟုတ် ဆရာနှင့်အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေး သင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထားဆွေးနွေးသည်။ အခြားဖြစ်နိုင်သော

ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့် ပတ်သက်၍ အခက် အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

**အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual learning Environment-VLE) -** ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင် သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်း စာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက်အသုံး ပြုခြင်းနည်းလမ်းဖြင့် သင်ကြား သင်ယူမှုအထောက်အကူ ပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

**အလုပ်ရုံဆွေးနွေးပွဲများ (Workshops) -** အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက် ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြ သည်။ ဤနည်းလမ်းသည် ပူးပေါင်း လုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူ နေသည်များကို အသုံးချရန် လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

**စစ်ဆေးအကဲဖြတ် ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ**

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာ ရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို နှုတ်အားဖြင့်သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါ သည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မှုနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့မှုကို ပေးသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား

ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့်စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းမတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

**သရုပ်ပြသင်ကြားခြင်း (Demonstration)** - သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအား ပြသစေခြင်းဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသားများ၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာကကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသောသုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ ပေးသည်။

**အိမ်စာအလုပ်ပေးခြင်း (Homework assignments)** - ကျောင်းသားများအား အကြောင်းအရာကို ဖတ်ပြီး မေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများဖတ်စေခြင်းစသည့် အိမ်စာ လုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှုလမ်းကြောင်း မှန်ကန်ခြင်း ရှိ၊ မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ပေးသောအိမ်စာအလုပ်အလိုက် အဖြေများ ကိုတစ်တန်းလုံးနှင့်ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကိုစစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

**နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)** - ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်းရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး ဖြစ်လာရန် အတွက် မိမိတို့၏ တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် မှတ်တမ်းဂျာနယ်နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်းစာတမ်းများက

ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသောပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက မှတ်တမ်း ဂျာနယ်နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်းစာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

**ကြည့်ရှုလေ့လာခြင်း (Observation)** - ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် - အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများဆွေးနွေး နေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာကို နားလည်မှုရှိပါသလားဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သောနည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် - ကျောင်းသား၏အဖြေများသို့မဟုတ် တင်ပြခြင်းကိုစစ်ဆေးရန်အချက်များပါသော စာရင်း/ ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသောစာရင်း/ ပုံစံ (Criteria) ကို အသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ်အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

**အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (Peer Assessment)** - ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက် ပေးစေခြင်းအား အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းဟုခေါ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များ ပေးနိုင်ရန် စစ်ဆေးရန် အချက်များပါသောစာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသောဇယား (Rubric) လို အပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန် အတွင်း ကျောင်းသားများ အချင်းချင်းအပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

**တင်ပြခြင်း (Presentation)** - တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကိုပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

**စီမံချက်များ (Projects)** - စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်းပြီး ပြီးဆုံးအောင် ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများ သည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝပြဿနာ တစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသောဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

**အမေးအဖြေများ (Question and answer)** - ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည် ကိုသိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်း တစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင် သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများ ပေးနိုင်သည့်မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

**ဉာဏ်စမ်းမေးခွန်း (Quiz)** - ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းဖြင့်သော် လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့်သော် လည်းကောင်း စစ်ဆေးနိုင်ပါသည်။ စစ်ဆေးနိုင် ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

**မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)** - ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအား ၎င်းတို့အတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲ ဖြတ်ခြင်းကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

**ရေးဖြေစာမေးပွဲများ (Written examinations)** - ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံ အသိပညာနှင့် သင်ယူရမည်များ (မော်ဂျူး)ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်း အတတ်ပညာများကို ပြန်လည်ထင်ဟပ် သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များများကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် အကူအညီပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီသင်သည် အောက်ပါအချက်များကိုလုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့်အကြောင်းအရာများ၊ ကျွမ်းကျင်မှု စွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍ နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသောအဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ဆောင်ရွက်မည် ဆိုသည့်အချက်နှင့်ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသောသင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။

- သင်ယူမှုလုပ်ငန်း တစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့်ရေးသား၍လည်း ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့်ရေးပါ။

- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့် ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည့်အရာအား ပြုလုပ်ရမည် ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (role-play) ကိုလုပ်ဆောင် နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာတွေ့မြင်နိုင်စေမည်ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီးရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါ အချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များကို ကျောင်းသားများလုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။

- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသောညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တို သရုပ်ဆောင်သင်ကြား သင်ယူခြင်းနည်း (short role play)ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။

- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။

- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည် ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးသုံးဦးအား ၎င်းတို့ နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။

- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ သို့မဟုတ် ၎င်းတို့ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ကျောင်းသားများ နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ဟုယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသောသတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း သို့မဟုတ် ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါသည်။

    - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
    - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
    - ကျောင်းသားများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များအားလုံး ရှိနေကြောင်း သေချာပါစေ။
    - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ၊ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။

- အကယ်၍ နားလည်မှုလွဲနေကြောင်းစုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆို ရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။

- သင်ခန်းစာများရှေ့မဆက်မီ 'ရပ်ပါ၊ စဉ်းစားပါ' ညွှန်ကြားချက် ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကို ရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ် နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် မည်သို့ ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ အထူးသဖြင့် စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသောအချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။

- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။

- ကျောင်းသား တစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေး ဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူ မှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီး တည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ် ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသား များအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

## ဇယား (ခ) ပထမနှစ်၊ ပထမနှစ်ဝက်၊ ဒေသဆိုင်ရာသင်ရိုးမာတိကာအကြောင်းအရာ

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| **၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မိတ်ဆက်** | ၁.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဟူသည်မှာ အဘယ်နည်း။ | ၁.၁.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သည် အဘယ့်ကြောင့် အရေးပါသနည်း။ | • ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း အကြောင်းရှင်းပြတတ်မည်။<br><br>• ရိုးရာဓလေ့ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်စုလူမျိုးဆိုင်ရာ ကိုယ်ပိုင်အတွေ့ အကြုံများ အပေါ် မူတည်၍ မြန်မာနိုင်ငံရှိ ပြည်နယ်များ/ တိုင်းဒေသကြီးများကြား ခြားနားချက်များကို နားလည် ကြောင်း သရုပ်ပြသတတ်မည်။<br><br>• ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အရေးပါပုံကို ဥပမာများ ပေးတတ်မည်။ | က-၄.၁ | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၁.၂။ အခြေခံပညာရေး ရှိ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ခေါင်းစဉ်များ | ၁.၂.၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ခေါင်းစဉ်များ | • မူလတန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းမည့် သင်ခန်းစာခေါင်းစဉ် အမျိုးမျိုးကို စာရင်းပြုစု ဖော်ပြတတ်မည်။<br><br>• ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့် သက်ဆိုင်သည့် နိုင်ငံတကာ စာပေများကို စူးစမ်းလေ့လာ၍ ဤဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ဒေသခံ လူထုအတွက် ပိုမိုဆီလျော်မှုရှိစေရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြတတ်မည်<br><br>• ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်' ကို ပြန်လည်ဖွင့်ဆိုသတ်မှတ်ခြင်းဖြင့် ဤဘာသာရပ်ကို မိမိတို့ နားလည်ကြောင်း ပြသတတ်မည်။ | (က) (၄.၁) | ၁ |
| **၂။ တိုင်းရင်းသား ရေးရာ ဘာသာ စကားနှင့် ယဉ်ကျေးမှု** | ၂.၁။ တိုင်းရင်းသား ဘာသာ စကားနှင့် ယဉ်ကျေးမှု သင်ယူ လေ့လာခြင်း မိတ်ဆက် | ၂.၁.၁။ တိုင်းရင်းသား ဘာသာစကား နှင့် ယဉ်ကျေးမှု သင်ယူ လေ့လာခြင်း | • ဘာသာစကား တစ်မျိုးတည်းသာ အသုံးပြု သင်ကြားသည့် ပညာရေး၏ ကန့်သတ်ချက်များ အကြောင်းကို ရှင်းပြတတ်မည်။<br><br>• မိခင်ဘာသာ စကားကို သင်ကြားရေးဘာသာ စကားအဖြစ် အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှု နှင့်စပ်လျဉ်း၍ နိုင်ငံတကာ စာပေများကို စူးစမ်းလေ့လာတတ်မည်။ | က-၅.၁<br>က-၅.၂ | ၂ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၂.၂။ ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးကူညီခြင်း | ၂.၂.၁။ တိုင်းရင်းသားဘာသာ စကားများ သင်ယူနေသည့် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည်နည်း။ | • တိုင်းရင်းသားဘာသာ စကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းတွင် မူလတန်းကျောင်းသားများ တွေ့ကြုံလာနိုင်သည့် အခက်အခဲများနှင့် ၎င်းတို့အား ဆရာမှ မည်သို့ ကူညီထောက်ပံ့ပေးနိုင်မည်ကို ဆွေးနွေးတတ်မည်။<br><br>• ကျောင်းနှင့် စာသင်ခန်းအဆင့်တွင် တိုင်းရင်းသားဘာသာစကားဆရာ/မ များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြတတ်မည်။ | က-၅.၁<br>က-၅.၂ | ၁ |
| ၃။ စိုက်ပျိုးရေး | ၃.၁။ အပင်နှင့် မျိုးစေ့များ | ၃.၁.၁။ အပင်များ | • မူလတန်း ကျောင်းသားများကို သင်ကြားပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံသဘောတရားနှင့် အသိပညာများကို ရှင်းပြတတ်မည်။<br><br>• အခြေခံစိုက်ပျိုးရေးသိပ္ပံနှင့် အပင်မျိုးပွားခြင်းနည်းစနစ်များ၏ လက်တွေ့လုပ်ဆောင်ခြင်း ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br><br>• အပင်များ၏ အရေးပါပုံကို ရှင်းလင်းပြနိုင်ပြီး အပင်အမျိုးမျိုးကို အမျိုးအစားခွဲခြားတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| | | ၃.၁.၂။ မျိုးစေ့များ | • မူလတန်းကျောင်းသားများ အား မျိုးစေ့နှင့် အညှောက်ပေါက်ခြင်းအကြောင်း သင်ကြားမှု အခြေခံစွမ်းရည်များကို သရုပ်ပြတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၃.၂။ မြေဆီလွှာများနှင့် မြေဩဇာများ | ၃.၂.၁။ မြေဆီလွှာများ | • မြေဆီလွှာများ၊ အခြေခံ မြေဆီလွှာအမျိုးအစား များနှင့် မြေချဉ်ငန်ကိန်း၏ အရေးပါပုံကို ခွဲခြားသတ်မှတ်တတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| | | ၃.၂.၂။ ဓာတ်မြေဩဇာများ | • အပင်များအတွက် အာဟာရများ၊ မြေဩဇာအမျိုးမျိုးနှင့် အသုံးချမှုနည်းလမ်းများကို ရှင်းပြတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| | ၃.၃။ အပင်မျိုးပွားခြင်း | ၃.၃.၁။ အပင်များမျိုးပွားခြင်းကို နားလည်ခြင်း | • အပင်မျိုးပွားခြင်းအကြောင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်းဖြင့် အချို့အပင်များကို မည်သို့မျိုးပွားသည်ဆိုသည်ကို ရှင်းပြတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| | | ၃.၃.၂။ ကိုင်းဖြတ်နည်းဖြင့် အပင်များမျိုးပွားခြင်း | • ကိုင်းဖြတ်မျိုးပွားခြင်းအကြောင်းကို ရှင်းပြနိုင်ပြီး အချို့သောအပင်များကို ပင်စည်ဖြတ်ခြင်းနည်းလမ်းဖြင့် မျိုးပွားတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| | ၃.၄။ အင်းဆက်ဖျက်ပိုးများ၊ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ | ၃.၄.၁။ အင်းဆက်ဖျက်ပိုးများ နှင့် ကာကွယ်နှိမ်နင်းနည်းများ | • အင်းဆက်များ၏ သဘောသဘာဝနှင့် ၎င်းတို့ကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုကို သိရှိမှတ်သားတတ်မည်။<br>• အင်းဆက်ကာကွယ်နှိမ်နင်းနည်းများကို ဖော်ပြတတ်မည်။<br>• စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းလမ်းများကို စူးစမ်းလေ့လာတတ်မည်။ | က-၅.၁<br>ခ-၁.၁ | ၁ |
| စာသင်ချိန် စုစုပေါင်း | | | | | ၁၂ |

# အခန်း ၁

# ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မိတ်ဆက်

ဤအခန်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက်အခန်းဖြစ်ပြီး ဤဘာသာရပ် ဖွံ့ဖြိုး တိုးတက်လာမှု၏ နောက်ကွယ်မှ အကြောင်းရင်းများကို ရှင်းပြထားသည်။ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဆီလျော်ကိုက်ညီပုံနှင့် အရေးပါပုံကို ရှင်းပြထားပြီး အခြားနိုင်ငံများ တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပုံများကို ဥပမာ များ ပေးထားပါသည်။ ဤအခန်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မူလတန်းကျောင်းများတွင် ဒေသ ဆိုင်ရာသင်ရိုးညွှန်းတမ်းကို ဘာသာရပ်နယ်ပယ်တစ်ခု အနေဖြင့် ကျောင်းသားများ နားလည်လာ စေရန် အထောက်အကူပေးပါလိမ့်မည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအကြောင်း ရှင်းပြတတ်မည်။
- ရိုးရာဓလေ့ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်စုလူမျိုးဆိုင်ရာ ကိုယ်ပိုင်အတွေ့အကြုံများ အပေါ် မူတည်၍ မြန်မာနိုင်ငံရှိ ပြည်နယ်များ/ တိုင်းဒေသကြီးများအကြား ခြားနားချက်များကို နားလည်ကြောင်း သရုပ်ပြသတတ်မည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အရေးပါပုံကို ဥပမာများ ပေးတတ်မည်။
- မူလတန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းမည့် သင်ခန်းစာခေါင်းစဉ် အမျိုးမျိုးကို စာရင်းပြုစု ဖော်ပြတတ်မည်။
- ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာစာပေများကို စူးစမ်း လေ့လာ၍ ဤဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ဒေသခံလူထုအတွက် ပိုမိုဆီလျော်မှု ရှိစေရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြတတ်မည်။
- ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်' ကို ပြန်လည်ဖွင့်ဆိုသတ်မှတ်ခြင်းဖြင့် ဤဘာသာရပ်ကို မိမိတို့ နားလည်ကြောင်း ပြသတတ်မည်။

# ၁.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဟူသည်မှာ အဘယ်နည်း။

ဤအခန်းငယ်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု နောက်ကွယ်မှ အခြေခံသဘောတရားများကို မိတ်ဆက်တင်ပြပြီး၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြားပေးခြင်းဖြင့် မူလတန်းကျောင်းသားများ ရရှိလာစေမည့် အခွင့်အလမ်းများကို စူးစမ်းလေ့လာဖြစ်အောင် ကျောင်းသားများကို အားပေးပါလိမ့်မည်။

## ၁.၁.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် အဘယ်ကြောင့် အရေးပါသနည်း။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအကြောင်း ရှင်းပြတတ်မည်။
- ရိုးရာဓလေ့ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်စုလူမျိုးဆိုင်ရာ ကိုယ်ပိုင်အတွေ့အကြုံများအပေါ် မူတည်၍ မြန်မာနိုင်ငံရှိ ပြည်နယ်များ/ တိုင်းဒေသကြီးများအကြား ခြားနားချက်များကို နားလည်ကြောင်း သရုပ်ပြသတတ်မည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အရေးပါပုံကို ဥပမာများ ပေးတတ်မည်။

**ရရှိလာမည့် တတ်ကျွမ်းမှုများ**

(က ၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့်မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။

**အချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ။** မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၊ နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း၊ အုပ်စုလုပ်ငန်း၊ ဗွီဒီယိုကြည့်စေခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** သင်ကြားမည့် သင်ခန်းစာခေါင်းစဉ်နှင့် ရင်းနှီးကျွမ်းဝင်စေရန် ကျောင်းသားကိုင် စာအုပ်၏ သက်ဆိုင်ရာ အပိုင်းကို ဖတ်ပါ။

**လိုအပ်သည့် ရင်းမြစ်များ။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမာတိကာ၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော် ဆောင်ရွက်မှုလမ်းညွှန်၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့၊ သို့မဟုတ် အခြားဝါရင့်ဆရာများ၏ ဗွီဒီယို၊ ကျောင်းသားကိုင်စာအုပ်၊ ကလေးသူငယ်အခွင့်အရေး ဆိုင်ရာ ညီလာခံ[၉] (အပိုဒ် ၂၊ ၃၊ ၆၊ ၁၂) နှင့် အမျိုးသား ပညာရေးဥပဒေ။

**သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေသင်ယူခြင်း** (၁၀ မိနစ်)

၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ကျောင်းတည်ရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအလိုက် တမူထူးခြားသည့် သင်ကြားမှုနည်းလမ်းများပါဝင်ကြောင်း အတိုချုပ် ရှင်းပြပြီး ဤဘာသာရပ်ကို မြန်မာနိုင်ငံ အမျိုးသားသင်ရိုးမာတိကာတွင် ထည့်သွင်းသည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ထောက်ပြပါ။

၂။ စိတ်ကူးပုံဖော်ခြင်းမှတစ်ဆင့် ကျောင်းသားများ ဉာဏ်ဖွင့်ဆွေးနွေးမှုကို ကူညီလမ်းညွှန်

[၉] ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၁၉၈၉) ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ညီလာခံ။ https://www.ohchr.org/en/professionalinterest/pages/crc.aspx မှ ရယူထားပါသည်။

ပေးပါ။

၃။ ကျောင်းသားများက မိမိတို့ဘေးမှ ကျောင်းသားများနှင့် အတွေးအမြင်များ မျှဝေခြင်း၊ နှိုင်းယှဉ်ခြင်းတို့ကို သော်လည်းကောင်း၊ ၎င်းတို့၏ စနစ်တကျ စိတ်ကူးပုံဖော်မှုပုံစံကိုကြည့်၍ အုပ်စုများသတ်မှတ်ခြင်းကို သော်လည်းကောင်း ဆောင်ရွက်ရန်အတွက် အချင်းချင်း စကားပြောပါ။

၄။ ကျောင်းသားအတွဲတစ်တွဲစီမှ တင်ပြမည့်သူတစ်ဦးအား ၎င်းတို့ သတ်မှတ်ထားသော အုပ်စုအချို့ကို ဥပမာပေးရန် ပြောပါ။ သူတို့ ပေးလာသော အဖြေအားလုံးကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါမည်။ ထိုအဖြေများကို စစ်ဆေးအကဲဖြတ်ခြင်း ပြုမည်မဟုတ်ပါ။ ဤအုပ်စုများတွင် စကားလုံးရွေးချယ်သုံးနှုန်းပုံ မတူလျှင် ၎င်းတို့ကို ခေါင်းစဉ်အလိုက် အုပ်စုခွဲပေးပါ။ အတွဲအားလုံးတွင် အတွေးအမြင်သစ်များ ဖြစ်စေရန် အခွင့်အလမ်း ရသင့်သည်။ သို့ရာတွင် တူညီသောအဖြေများကို မှတ်တမ်းတင်မည်မဟုတ်ပါ။

၅။ ကျောင်းသားများထံမှ ရရှိလာမည်ဟု မျှော်လင့်ထားသော ခေါင်းစဉ်များစွာ ရှိသည်။ သို့သော် မျှော်လင့်ထားသော ခေါင်းစဉ်အားလုံးကို ပြောဆိုလာခြင်းမရှိလျှင် ထိုခေါင်းစဉ် စာရင်း ပြီးစီးအောင် ကျောင်းသားများကို ကူညီပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဝေါဟာရအသုံးအနှုန်းများကို ကျောင်းသားများ နားလည်မှုရှိကြောင်း သိရှိနိုင်ရန် ခေါင်းစဉ်များ၏ အဓိပ္ပာယ်ကို အတိုချုပ်ရှင်းပြခြင်းနှင့် အတည်ပြုခြင်းတို့ ပြုလုပ်ရန် ကျောင်းသားများကို ပြောပါ။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းတွင် သင်ကြားနေသည် ဟူသောအချက်ပေါ် မူတည်၍ ခေါင်းစဉ်များတွင် အချက်အလက်အမျိုးမျိုး မည်သို့မည်ပုံ ပါဝင်နေကြောင်းကို ကျောင်းသားများ ခဏမျှ အချိန်ယူစဉ်းစားသင့်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများထံမှ တုံ့ပြန်ချက်များတွင် စီးပွားရေးလုပ်ဆောင်ချက်များ၊ ဘာသာစကားများ၊ လူမျိုးများ၊ ဓလေ့ထုံးစံများ၊ သမိုင်းများ၊ အသိပညာ၊ ပထဝီဝင်တို့ ပါဝင်သင့်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဗွီဒီယိုတင်ပြချက် (၂၀ မိနစ်)

၁။ တိုင်းရင်းသားကလေးငယ်များ၏အခွင့်အရေးများ၊ အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ညီလာခံ (အပိုဒ် ၂၊ ၃၊ ၆၊ ၁၂) နှင့် အမျိုးသားပညာရေးဥပဒေတွင် မီးမောင်းထိုးပြထားသည့်အတိုင်း ထိုကလေးငယ်များ၏ ပညာသင်ကြားခွင့်အပေါ် ကျောင်းသားများအား ခြုံငုံသုံးသပ်ပြပါ။

၂။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၏ အဖွဲ့ဝင်များသော်လည်းကောင်း၊ အခြားဝါရင့်ဆရာများ သော်လည်းကောင်း ပါဝင်သော ဗွီဒီယိုအတိုတစ်ခု (၅ မိနစ်)ကို ပြသ၍ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ရေးဆွဲရေး၊ ဤဘာသာရပ်အသစ်၏ အရေးပါပုံနှင့် သင်ကြားမည့် အကြောင်းအရာများကို ရေးသားပြုစုမည့်ပုံစံတို့၏ နောက်ကွယ်မှ အကြောင်းပြချက်ကို ရှင်းပြပါ။ သက်ဆိုင်ရာ ပညာရှင်များကို စာသင်ခန်းသို့ ဖိတ်ခေါ်၍ ဟောပြောစေခြင်းကိုလည်း ပြုလုပ်နိုင်သည်။[၅]

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်းတွင် ပေးလိုက်သည့် သတင်းအချက်အလက်များနှင့် ပတ်သက်သည့် အတွေးအမြင်များကို ကျောင်းသားများအား ဆွေးနွေးရန် သင့်အနေဖြင့် အားပေးနိုင်သလို လွတ်လပ်စွာ မေးခွန်းမေးမြန်းခြင်းဖြင့် ၎င်းတို့၏ နားလည်မှုကိုလည်း စစ်ဆေးနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ခန်းစာ သင်ကြားချိန်အတွင်း မိမိတို့အတွေ့အကြုံပေါ်မူတည်၍ ကျောင်းသားများတွင် တုံ့ပြန်ချက်မျိုးစုံ၊ အတွေးအမြင်မျိုးစုံ ရှိပေမည်။ ၎င်းတို့အနေဖြင့် အထူးသဖြင့် 'ကလေးသူငယ်အခွင့်အရေးများ' နှင့်ပတ်သက်၍ ဤဘာသာရပ်၏ အရေးပါပုံကို သတိပြုမိခဲ့မည် မဟုတ်ပါ။

[၅] ဗွီဒီယိုမှတ်တမ်းကိုသော်လည်းကောင်း၊ လူကိုယ်တိုင် သွားရောက်ဖို့သော်လည်းကောင်း မဖြစ်နိုင်သည့် အခြေအနေတွင် အချက်အလက်တစ်ခုတည်းကို မိတ်ဆက်ပေးရန် စာဖြင့် ရေးသားဖော်ပြချက်ကို အသုံးပြုနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလိုက်ဆွေးနွေးမှု (၁၅ မိနစ်)

၁။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသင်ကြားရာတွင် ကျောင်းသားများ ရင်ဆိုင်ကြုံတွေ့ရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများဟူသော အကြောင်းအရာနှင့်ပတ်သက်၍ အုပ်စုလိုက် အချိန်တို ဆွေးနွေးမှု တစ်ခု ပြုလုပ်ပါ။

၂။ ဤအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို သင်ပုန်းပေါ်တွင် အနှစ်ချုပ်ရေးသားမှတ်တမ်း တင်ပါ။

၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် (မည်သည့်ဘာသာရပ်တွင်မဆို စိန်ခေါ်မှုရှိသည့် အတိုင်း) ရင်ဆိုင်ရမည့် စိန်ခေါ်မှုများရှိသော်လည်း ဤဘာသာရပ်တွင် အပြုသဘောဆောင် သော အခွင့်အလမ်းများလည်း ရှိကြောင်းကို ရှင်းပြပါ။

၄။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းက ပေးစွမ်းသော အခွင့်အလမ်းတစ်ချို့ကို ကျောင်းသားများ ထိုးထွင်းသိမြင်နိုင်ရန် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းလမ်းညွှန်၏ နိဂုံးပိုင်းဖြစ်သော အပိုင်း ၁၇ ကို ဖတ်ရှုရန် တိုက်တွန်းပါ။ အောက်ပါ စာသားတွင် မီးမောင်းထိုးပြထားသည့် စကားများကို အသေးစိတ်ရှင်းလင်းဖော်ပြပါ။

*'ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ဆောင်ရွက်မှု၏ ရလဒ်။ ။ ကျောင်း သားများသည် အမျိုးသားရေးစိတ်ဓာတ် ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ ဒေသခံဘာသာ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့ကို တန်ဖိုးထားခြင်း၊ မပျောက်ပျက် အောင် ထိန်းသိမ်းခြင်း၊ ၎င်းတို့ကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ပြီး မျိုးဆက်သစ်ထံ လွှဲပြောင်းပေးခြင်းတို့ဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြု သော နိုင်ငံသားများ ဖြစ်လာရပေမည်။'*

၅။ ကျောင်းသားများကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက်နိဒါန်းကို ရည်ညွှန်း ကိုးကားရန်ပြောပါ။[6] သို့ရာတွင် ၎င်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီအလိုက် ကွာခြားမှုရှိပေ မည်။ အောက်ဖော်ပြပါ စာပိုဒ်ကိုလည်း အသံထွက် ဖတ်ပြပေးပါ။

*'ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားသော အဓိကအကြောင်းအရာများမှာ တိုင်းရင်းသား ဘာသာစကားများ၊ တိုင်းရင်းသားများ၏ သမိုင်းများနှင့် ရိုးရာယဉ်ကျေးမှုများ ကို လေ့လာသင်ယူခြင်း၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းအခြေအနေ၊ ဒေသတွင်းစိုက်ပျိုးရေး*

---

[6] ကျောင်းသားများကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် သင်ရိုးမာတိကာကို ကြည့်ရှုလေ့လာခွင့်မပေးလျှင် ဆရာက ထိုသင်ရိုးမာတိကာ၏ မိတ်ဆက်နိဒါန်းပိုင်းမှ ဖတ်ပြနိုင်သည်။

*နှင့် အခြေခံကွန်ပျူတာစွမ်းရည်များကို လေ့လာသင်ယူခြင်းတို့ ဖြစ်ကြသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ အထူးသဖြင့် တိုင်းရင်းသားဘာသာစကား သင်ယူခြင်းသည် မိခင်ဘာသာစကားဖြင့် သင်ကြားသင်ယူမှုပြုသည့် အကြောင်းအရာများကို အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ သင်ယူတတ်မြောက်ခြင်းဖြင့် တိုင်းရင်းသားလူနည်းစု ကလေးငယ်များ၏ မိမိကိုယ်ကို လေးစားမှု၊ နားလည်မှုတို့ကို တိုးမြှင့်ပေးရန် အခွင့်အလမ်း ရရှိစေပါသည်။'*

၆။ ကျောင်းသားများအတွက် ရှုပ်ထွေးမှုရှိနိုင်သည့် စကားလုံးများ၏ အဓိပ္ပာယ်များကို အသေးစိတ်ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့နားမလည်သည့်နေရာတွင် နားလည်ရန် မေးခွန်းများပြန်မေးရန် တိုက်တွန်းအားပေးပါ။



## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား အပြုသဘောဆောင်သော စကားလုံးစာရင်း တစ်ခုကို ၎င်းတို့၏ အသိပညာဗဟုသုတအပေါ် အခြေခံပြီး ဖန်တီးခိုင်းပါ။ ဒေသဆိုင်ရာ သင်ရိုး ညွှန်းတမ်း၏ နိဒါန်းသည် မူလတန်းအဆင့်ကျောင်းသားများ၏ ပညာရေးအတွက် အခွင့်အရေးများ ယူဆောင်လာသည်ကို အဆိုပါ စကားလုံးများမှ မီးမောင်းထိုးပြသင့်သည်။



## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများထံမှ တုံ့ပြန်ချက်များတွင် အောက်ပါအချက်များပါဝင်သင့်သည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားခြင်း၏ အခွင့်အရေးများ-
  - ကျောင်းသားများသည် အကြောင်းအရာများကို ၎င်းတို့၏ ဒေသဆိုင်ရာ အတွေ့အကြုံများထဲတွင် ထည့်သွင်း၍သင်ယူနိုင်သကဲ့သို့ ၎င်းတို့၏ မိခင်ဘာသာစကားဖြင့်လည်း သင်ယူနိုင်သည်။
  - ကျောင်းသားများသည် ၎င်းတို့၏ ဒေသဆိုင်ရာဘာသာစကား၊ ယဉ်ကျေးမှုများနှင့် အမွေအနှစ်များကို ပိုမိုတန်ဖိုးထားမှု၊ မိမိကိုယ်ကို လေးစားမှုတို့ကို မြှင့်တင်နိုင်စေသည်။
  - ကျောင်းသားများသည် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ပါဝင်

ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- ကျောင်းသားများသည် ၎င်းတို့နိုင်ငံအတွင်း၌ရှိသည့် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားချက်များကိုလည်း နားလည်လာနိုင်မည် ဖြစ်သည်။

• ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရခြင်း၏ စိန်ခေါ်မှုအခက်အခဲများ

- သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူပစ္စည်းများ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြပ်ကွပ်ကဲရန် ရှုပ်ထွေးသော ဖွဲ့စည်းတည်ဆောက်မှုများကို စီမံအုပ်ချုပ်မှု၊ အကယ်၍ စီမံခန့်ခွဲမှု ညံ့ဖျင်းမည်ဆိုလျှင် သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် နှောင့်နှေးခြင်း၊ ရှုပ်ထွေးခြင်းနှင့် ရှေ့နောက် မညီညွတ်မှုများကို ဖြစ်စေသည်။
- ဆရာများကိုယ်တိုင်က ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြားသင်ယူသည့် အတွေ့အကြုံ မရှိခြင်းနှင့် ဤနယ်ပယ်တွင် ကျွမ်းကျင်သည့် ဆရာများနှင့် ရည်ညွှန်းကိုးကားစာအုပ်များ မရှိခြင်းတို့ ဖြစ်နိုင်ပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)**

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ရရှိစေမည် ဖြစ်ကြောင်း ကျောင်းသားများအား သတိပေးပါ။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်းနှင့် ထိုသင်ရိုးညွှန်းတမ်းကို မူလတန်းကျောင်းတွင် အဘယ်ကြောင့် သင်ကြားသနည်းဆိုသည်ကို ရှင်းပြပါ။
- မူလတန်းကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် သင်ကြားမည့် ခေါင်းစဉ်များကို ရှင်းပြပါ။
- အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူမျိုးစုနှင့် စပ်လျဉ်းသည့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံပေါ်အခြေခံသော မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များ အကြား ကွာခြားချက်များကို နားလည်မှုတစ်ခု သရုပ်ပြပါ။
- မူလတန်းအဆင့်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ကြားမှု၏ အရေးပါမှုကို ဥပမာများပေးပါ။

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင်

ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ ဤသင်ခန်းစာသည် ဆရာများအတွက် အောက်ပါတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်ကို ခြုံငုံမိစေသည်ကို ကျောင်းသားများအား သတိပေးပါ။

- *(က) (၄.၁) အခြေခံပညာရေး သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက် ကြောင်းပြသသည်။*

တတ်ကျွမ်းမှုကို ဤသင်ခန်းစာတွင် မည်သို့ခြုံငုံထားသည်ကို ရှင်းပြပါ။

၃။ သင်ခန်းစာအတွင်း သင်ယူခဲ့သော အဓိကအချက်များကို ပြန်နွှေးပါ။

၄။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားသည့်အခါ တင်ပြထားသည့် စိန်ခေါ်မှုများနှင့် အခွင့်အရေးများ၏ ဥပမာအချို့ကိုပေးရန် ကျောင်းသား တစ်ဦး၊ သို့မဟုတ် နှစ်ဦးကို ရွေးချယ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ကျောင်းသားများအား ၎င်းတို့ရေးသားသည့် ခေါင်းစဉ်များအောက်တွင် အုပ်စုခွဲများ ထပ်မံဖန်တီးစေပါ။

**သင်ယူမှုလုပ်ငန်း ၂။** မိမိကိုယ်ကိုယုံကြည်မှုနည်းသည့် ကျောင်းသားများအား လေ့လာရမည့် စာရွက်စာတမ်းပါ သတင်းအချက်အလက်၏ အနှစ်ချုပ်တစ်ခုပေးခြင်းဖြင့် ပံ့ပိုးကူညီပါ။

**သင်ယူမှုလုပ်ငန်း ၃။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းရေးဆွဲမှု၊ သို့မဟုတ် သင်ကြားမှုတွင် ကြုံတွေ့နိုင်သော မည်သည့်စိန်ခေါ်မှုများကိုမဆို ကျော်လွှားရန် တည်ရှိနေသည့် အခွင့်အရေးများကို စဉ်းစားရာတွင် ကျောင်းသားများကို ပံ့ပိုးပါ။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

မေးခွန်း ၁ - ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတစ်ခုဆိုသည်မှာ အဘယ်နည်း။

*အဖြေ - ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတစ်ခုတွင် -*

- *နေရာတစ်ခုအကြောင်း - သင်ယူမှုအား ဘောင်ခတ်ရန် ဒေသဆိုင်ရာ အခြေအနေနှင့် ရင်းမြစ်များကို အသုံးပြုခြင်း*
- *နေရာတစ်ခုအားဖြင့် - ပြည်နယ်/ဒေသဆိုင်ရာအစိုးရနှင့် ရပ်ရွာအသိုင်းအဝိုင်းများစသည်ဖြင့် ဒေသဆိုင်ရာအဆင့်ဖြင့် ဒီဇိုင်းဆွဲထားသည်။*
- *နေရာတစ်ခုအတွက် - ကလေးများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခြင်း*

မေးခွန်း ၂ - မမြင်သာသော သင်ရိုးညွှန်းတမ်းတစ်ခုသည် ကျောင်းသားများအား မည်ကဲ့သို့ လွှမ်းမိုးသနည်း။

*အဖြေ - ကျောင်းသားများသည် တရားဝင်လေ့လာမှု၏ အစိတ်အပိုင်းဖြစ်နိုင်သော၊ သို့မဟုတ် မဖြစ်နိုင်သော ကျောင်းသင်ခန်းစာများ - ဥပမာ - ရွယ်တူများ၊ ဆရာများ၊ အခြားလူကြီးများနှင့် မည်ကဲ့သို့ အပြန်အလှန်ပြုမူသင့်သည်၊ မတူညီသော လူမျိုးစုများ၊ အုပ်စုများ၊ အတန်းအစားများကို ၎င်းတို့အနေနှင့် မည်ကဲ့သို့ ရှုမြင်သင့်သည်၊ သို့မဟုတ် မည်သည့် အတွေးအခေါ်များနှင့် အပြုအမူများကို လက်ခံနိုင်သည် သို့မဟုတ် လက်မခံနိုင်သည်ဟု စဉ်းစားသနည်း - တို့ကို လေ့လာတတ်မြောက်သည်။*

မေးခွန်း ၃ - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို အဘယ့်ကြောင့် ရေးဆွဲထားသနည်း။

*အဖြေ - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး၏ လူမှုရေးနှင့် ဒေသဆိုင်ရာ လိုအပ်ချက်များကို တစ်မျိုးသားလုံးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် ညီညွတ်မျှတစေရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားသည်။ ဤသင်ရိုးသည် အထူးသဖြင့် တိုင်းရင်းသားဘာသာစကားများကို လေ့လာသင်ယူမှု မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အရေးကြီးသည်။*

# ၁.၂။ အခြေခံပညာရေးရှိ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းခေါင်းစဉ်များ

ဤအခန်းငယ်သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား နိုင်ငံတကာချဉ်းကပ်နည်းများဖြင့် ချဉ်းကပ်သင်ကြားနိုင်ရန် ကျောင်းသားများအား မိတ်ဆက်ပေးမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအမျိုးမျိုးရှိ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဥပမာများကို လေ့လာခွင့်ရမည်ဖြစ်သည်။ ကျောင်းသားများသည် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတစ်ခုဆိုသည်မှာ အဘယ်နည်းဆိုသည်ကို ၎င်းတို့၏ လေ့လာသင်ယူမှု အပေါ်တွင် အခြေခံပြီး ၎င်းတို့ကိုယ်တိုင် အဓိပ္ပာယ်သတ်မှတ်ခွင့်ရမည် ဖြစ်သည်။

## ၁.၂.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းခေါင်းစဉ်များ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းမည့် သင်ခန်းစာခေါင်းစဉ် အမျိုးမျိုးကို စာရင်းပြုစု ဖော်ပြတတ်မည်။
- ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာစာပေများကို စူးစမ်းလေ့လာ၍ ဤဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ဒေသခံလူထုအတွက် ပိုမိုဆီလျော်မှုရှိစေရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြတတ်မည်။
- ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်' ကို ပြန်လည်ဖွင့်ဆိုသတ်မှတ်ခြင်းဖြင့် ဤဘာသာရပ်ကို မိမိတို့ နားလည်ကြောင်း ပြသတတ်မည်။

**ရရှိလာမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာရေးသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

**အချိန်။** မိနစ် ၅၀ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ။** မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၊ အုပ်စုလိုက် လုပ်ငန်းစဉ်၊ နှိုင်းယှဉ်ခြင်း၊ ဆရာလမ်းညွှန်မှုဖြင့် စာဖတ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသည့် အချက်အလက်နှင့် အဆိုပါ သင်ခန်းစာတွင် အသုံးပြုမည့် ဖြစ်ရပ်လေ့လာခြင်းများကို သင့်ကိုယ်သင် ရင်းနှီးကျွမ်းဝင်မှုရှိအောင် လုပ်ဆောင်ပါ။

**လိုအပ်သည့် ရင်းမြစ်များ။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၊ လူမှုရေးသိပ္ပံသင်ရိုး၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှုလမ်းညွှန်၊ မိခင်ဘာသာစကား အခြေခံစာတတ်မြောက်ရေး အစီအစဉ်များ - အာရှတွင် ကောင်းမွန်သောလေ့လာ သင်ယူမှုအတွက် ဖြစ်ရပ်လေ့လာခြင်းများ။ ဒေသအမျိုးမျိုးမှ ရေးဆွဲသော သင်ရိုးညွှန်းတမ်း/ ဆရာလမ်းညွှန်များ မူကြမ်း[၇]၊ ဘန်ကောက် - UNESCO ဘန်ကောက် ၂၀၀၇၊ Kajornsin B., et al. (2004)၊ 'ဒေသဆိုင်ရာအခြေခံ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း - Watsamankit မူလတန်းကျောင်း၊ ထိုင်းနိုင်ငံ၏ ဖြစ်ရပ်လေ့လာခြင်းတစ်ခု'၊ ပညာရေး သုတေသနများအတွက် ဩစတြေးလျ အဖွဲ့အစည်း။[၈]

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလိုက် ဆွေးနွေးခြင်း** (၁၀ မိနစ်)

၁။ 'ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုဆိုသည်မှာ အဘယ်နည်း' ဆိုသည့်မေးခွန်းကို သင်ပုန်းပေါ်တွင် ရေးပါ။

၂။ ကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု၏အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို

[၇] https://www.aare.edu.au/data/publications/2004/kaj04082.pdf

[၈] ဤအရာများကို ရရှိနိုင်ခဲ့လျှင်

ပေးခိုင်းပါ။

၃။ ထို့နောက် 'ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုကို မည်သည့်အရာဖြင့် ဖွဲ့စည်းထားသနည်း' ဆိုသည့် မေးခွန်းကို သင်ပုန်းပေါ်တွင် ရေးပါ။

၄။ သင်ရိုးညွှန်းတမ်းတွင် မည်သည့်ဘာသာရပ်များထည့်သွင်းသင့်သနည်းဟု ကျောင်းသားများအား မေးပါ။ ဤအချက်သည် ပြီးခဲ့သည့်သင်ခန်းစာတွင်အောင်မြင်ရရှိခဲ့သည့် သင်ယူမှုကိုလည်း သရုပ်ပြသည်။

၅။ အဖြေများကိုမှတ်တမ်းတင်ထားပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် အခြေခံကာ ထိုအဖြေများသည် အဘယ့်ကြောင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သနည်း ဆိုသည့်အချက်ကို ဆွေးနွေးစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းစဉ်၏ စစ်ဆေးအကဲဖြတ်ခြင်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အထောက်အကူဖြစ်မည့် သတင်းအချက်အလက်ပေးနိုင်ရန်နှင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု ဖွဲ့စည်းသည့် ခေါင်းစဉ်များ၏ ဥပမာများကို ပေးရန်အတွက် ကျောင်းသား၏ စွမ်းရည်ကို စစ်ဆေးခြင်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုတွင် နိုင်ငံအဆင့်အစား ဒေသခံရပ်ရွာအသိုင်းအဝိုင်း၊ သို့မဟုတ် ကျောင်းအဆင့်တွင် ဆုံးဖြတ်ထားသည့် ခေါင်းစဉ်များနှင့် သင်ယူလေ့လာမှုများ ပါဝင်သည်။ ဤသင်ရိုးသည် တစ်နိုင်ငံလုံးရှိ ကျောင်းသားများအား ပိုမိုအဓိပ္ပာယ်ပြည့်စုံသော သင်ယူမှုအတွေ့အကြုံကိုပေးပြီး သင်ယူမှုအတွက် စိတ်ဓာတ်ရေးရာစေ့ဆော်မှုကို တိုးစေသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုကို ဖွဲ့စည်းထားသည့် ခေါင်းစဉ်များတွင် -

- ဒေသခံတိုင်းရင်းသားများ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ
- ဒေသစီးပွားရေးအခြေအနေ
- စိုက်ပျိုးရေးလုပ်ငန်းစဉ်များ/ဒေသခံလိုအပ်ချက်များနှင့် ဆက်နွယ်နေသည့် စီးပွားရေး

စသည်တို့ ပါဝင်သည်။

**သင်ယူမှုလုပ်ငန်း ၂။ အုပ်စုဖွဲ့လုပ်ငန်းနှင့် တင်ပြခြင်း (၂၀ မိနစ်)**

၁။ ကျောင်းသားများအား အုပ်စုငယ်များအဖြစ်ခွဲပြီး လူမှုရေးလေ့လာမှု ရည်ရွယ်ချက်များနှင့် အတန်းလိုက် အကြောင်းအရာများကို အုပ်စုတစ်ခုစီသို့ ခွဲဝေပေးပါ။ လူမှုရေးဆိုင်ရာ လေ့လာမှုတွင် ပါဝင်သည့် ခေါင်းစဉ်များကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင်ပါဝင်မည့် သက်ဆိုင်ရာ ခေါင်းစဉ် နယ်ပယ်များနှင့် နှိုင်းယှဉ်ခိုင်းပါ။

၂။ အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို အားပေးပြီး ကိုယ်စားလှယ်တစ်ဦးကို တူညီမှုများနှင့် ကွဲပြားမှုများကို အတန်းတွင် ဝေမျှခိုင်းပါ။ ၎င်းတို့တွေ့ရှိချက်များကို သင်ပုန်းပေါ်တွင် အနှစ်ချုပ်ပါ။

၃။ လူမှုရေးလေ့လာမှုသင်ရိုးသည် လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် နေထိုင်မှုတို့၏ ပိုမိုအခြေခံကျသော အယူအဆများ၊ ကလေးများ၏ ၎င်းတို့နိုင်ငံအပေါ် ယေဘုယျနားလည်မှု ဖွံ့ဖြိုးခြင်းတို့ကို အဓိကထားပြီး၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ၎င်းတို့၏ဒေသအတွက် သီးသန့် အထူးအသိပညာများ ခြုံငုံပါဝင်ပြီး ၎င်းတို့ ဒေသအခြေအနေရှိ အခြေခံ အယူအဆများအပေါ်တွင် အခြေတည်ထားသည်။

၄။ အုပ်စုများအား အခြေခံပညာရေးသင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဒေသသင်ရိုးမူကြမ်းအတွက် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လေ့လာခိုင်းပါ။ မည်သည့်ခေါင်းစဉ်နယ်ပယ် များကို ရှာဖွေဖော်ထုတ်ပြီး ဆွေးနွေးရမည်ကို အုပ်စုအသီးသီးအား ညွှန်ကြားချက်ပေးရမည်။

၅။ ဆွေးနွေးမှုအတွက် လမ်းညွှန်မေးခွန်းများပေးပါ။ ဥပမာ - စိုက်ပျိုးရေးကို အဘယ်ကြောင့် ထည့်သွင်းထားသနည်း။ တိုင်းရင်းသားဘာသာစကားသည် အဘယ်ကြောင့် အရေးကြီး သနည်း။

၆။ အဆိုပါအုပ်စုများအား လေ့လာခိုင်းထားသည့် စာပေများကို ၎င်းတို့နားလည်မှု ရှိမရှိ လေ့လာပြီး အကူအညီပေးပါ။

၇။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ခေါင်းစဉ်နယ်ပယ်ကို သင်ခန်းစာ ၁.၂.၁ တွင် ဆွေးနွေးခဲ့သည့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်ဖွင့်ဆိုချက်'နှင့် ဆက်စပ်မှုကို ညွှန်းလျက် ကျန်သည့်အတန်းသားအားလုံးအား ရှင်းပြရန် အုပ်စုအသီးသီးမှ အဖွဲ့ဝင် တစ်ဦးစီအား ရွေးချယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အခဆိုပါလုပ်ငန်းစဉ်ပြီးသည့်အခါ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ ခေါင်းစဉ်နယ်ပယ်အားလုံးအပေါ် တူညီသည့် အယူအဆများကို ဖော်ထုတ်ဆွေးနွေးရန် အတန်းအား မေးခွန်းတစ်ခုမေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အဖြေအမျိုးမျိုးပေးမည်ဖြစ်သော်လည်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အတွင်း ထည့်သွင်းထားသည့် ခေါင်းစဉ်အားလုံးသည် ဒေသဆိုင်ရာ နေရာအခြေအနေ တစ်ခုစီအတွက် သီးသန့်ဖြစ်သည့် အရေးကြီးမှုကို မှတ်သားသင့်သည်။ ဆိုလိုသည်မှာ ငါးဖမ်း လုပ်ငန်းလုပ်ကိုင်သည့် ရပ်ရွာအသိုင်းအဝိုင်းတစ်ခုတွင် တည်ရှိသည့် ကျောင်းတစ်ကျောင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခေါင်းစဉ်တွင် ငါးမျှားခြင်း၏ ဆိုးကျိုးကို ဖော်ပြမည်မဟုတ်ပေ။

## သင်ယူမှုလုပ်ငန်း ၃။ စာဖတ်ခြင်းနှင့် ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ ကျောင်းသားများအား ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို အခြားမတူညီသည့် အမြင်များနှင့် ချဉ်းကပ်မှုများဖြင့် လေ့လာရန် နိုင်ငံတကာစာပေများ[၉] ၏ ဥပမာအမျိုးမျိုးကိုပေးပါ။ ဥပမာ-

(က)Kajornsin B. et al. (2004). 'ဒေသဆိုင်ရာအခြေခံ သင်ရိုးရေးဆွဲခြင်း - Watsamankit မူလတန်းကျောင်း၏ ဖြစ်ရပ်လေ့လာမှု၊ ထိုင်းနိုင်ငံ'။ ပညာရေးသုတေသနအတွက် ဩစတြေးလျအဖွဲ့အစည်း။[၁၀]

(ခ)မိခင်ဘာသာ -အခြေခံစာတတ်မြောက်မှု အစီအစဉ်များ - အာရှရှိ အလေ့အကျင့် ကောင်းများ၏ ဖြစ်ရပ်လေ့လာမှုများ။[၁၁]

---

[၉] ပြဋ္ဌာန်းစာအုပ်ပုံစံ၊ ပုံနှိပ်ထားသော စာရွက်များ သို့မဟုတ် ဝက်ဘ်လိပ်စာများ တစ်ခုခုဖြင့်

[၁၀] https://www.aare.edu.au/data/publications/2004/kaj04082.pdf

[၁၁] *Mother Tongue-based Literacy Programmes: Case Studies of Good Practice in Asia*. Bangkok: UNESCO Bangkok, 2007.

၂။ ရွေးချယ်ထားသော စာပေမှ တိကျသည့်စာမျက်နှာများ၊ သို့မဟုတ် စာပိုဒ်များကို ကျောင်းသားများ ဖတ်ရှု စဉ်းစားရန် တိုက်တွန်းပါ။

၃။ ကျောင်းသားများ ဖတ်ရှုပြီးသည့်အခါ တူညီသောစာပိုဒ်များဖတ်သည့် ကျောင်းသားများကို အုပ်စုတူဖွဲ့ပြီး ၎င်းတို့၏တွေ့ရှိချက်များကို ဆွေးနွေးစေကာ အတွေးအခေါ် အယူအဆများကို နှိုင်းယှဉ်ခိုင်းပါ။

၄။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအပေါ် နိုင်ငံတကာချဉ်းကပ်နည်းဖြင့် ချဉ်းကပ်ထားသည့် ၎င်းတို့၏အတွေးအခေါ်များနှင့် ရည်ရွယ်ထားသည့် ဒေသတွင်းရှိ မူလတန်းကျောင်းသားများအတွက် ၎င်းဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို မည်သို့ ပိုမိုဆီလျော်စွာ လုပ်ဆောင်နိုင်သနည်းဆိုသည့်အပေါ် ကျောင်းသားအချင်းချင်း အတန်းတွင်း ဆွေးနွေးမှုတစ်ခု လုပ်ဆောင်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုအသီးသီးအား ၎င်းတို့ဖတ်ရှုရာမှ ရရှိသော တွေ့ရှိချက်များနှင့် ဆွေးနွေးချက် စာကြောင်းအနည်းငယ်ကို ကျန်သည့် အတန်းသားအားလုံးအတွက် အနှစ်ချုပ်ခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဆိုပါ တုံ့ပြန်မှုများသည် ကျောင်းသားများအား ပေးထားသော နိုင်ငံတကာစာပေပေါ်တွင် များစွာ မူတည်သည်။ Kajornsin et al ဖြစ်ရပ်တွင် ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ယူမှုတွင် ပျော်မွေ့နေပြီး၊ ၎င်းတို့ရပ်ရွာအဖွဲ့အစည်းအကြောင်းကို ပိုမိုလေ့လာနေသည်ဟု အုပ်စုမှ ဖော်ပြနိုင်သည်။

## သင်ယူမှု လုပ်ငန်း ၄။ ဖတ်ရှုခြင်းနှင့် ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ သင်ခန်းစာ ၁.၂.၁ တွင် ဖန်တီးထားသော ဖြစ်နိုင်ခြေရှိသည့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းခေါင်းစဉ်စာရင်းကို ကျောင်းသားများအား စဉ်းစားခိုင်းပါ။

၂။ မူလစာရင်းကို (လိုအပ်လျှင်) ပြန်ရေးပြီး ကျောင်းသားများသင်ယူထားသည့်အပေါ် အခြေခံပြီး ထိုစာရင်းပြန်လည်မွမ်းမံခြင်းကို ကူညီလမ်းညွှန်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ၎င်းတို့၏စာရင်းကို မည်သို့ပြန်လည်မွမ်းမံခဲ့သည်ကို ရှင်းပြခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သင်ခန်းစာအတွင်း ၎င်းတို့တွေ့ကြုံခဲ့ရသည့် သင်ယူမှုအပေါ် အခြေခံပြီး ၎င်းတို့၏ စာရင်းကို အဘယ်ကြောင့်ရေးဆွဲသနည်းနှင့် ပြင်ဆင်မွမ်းမံခဲ့သနည်းဆိုသည်ကို ရှင်းပြနိုင်သင့်သည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် မူလ ထည့်သွင်းစဉ်းစားခဲ့သော ခေါင်းစဉ်အချို့ကို လူမှုရေးဆိုင်ရာလေ့လာမှု သင်ရိုး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အမှန်တကယ် ထည့်သွင်းစဉ်းစားနိုင်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

၁။ ဤသင်ခန်းစာသည် အောက်ပါ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ခြုံငုံမိစေကြောင်း ကျောင်းသားများကို အသိပေးပါ။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွင်း ထည့်သွင်းမည်ဖြစ်သည့် ခေါင်းစဉ်အမျိုးမျိုးကို စာရင်းပြုစုပြီး ဖော်ပြတတ်မည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် နိုင်ငံတကာဆိုင်ရာစာပေကို သုတေသနလုပ်နိုင်ပြီး အဆိုပါသင်ရိုးညွှန်းတမ်းသည် ဒေသခံလူများအတွက် ပိုမိုဆီလျော်အောင် မည်သို့ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြတတ်မည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ 'အဓိပ္ပာယ်ဖွင့်ဆိုချက်' ကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအားဖြင့် ဘာသာရပ်အပေါ် နားလည်မှုကို သရုပ်ပြတတ်မည်။

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင်မှု ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ အဆိုပါသင်ခန်းစာသည် အောက်ပါဆရာကျွမ်းကျင်မှုစံကို ချိတ်ဆက်ပုံကို ကျောင်းသားများကို သတိပေးပါ။

- *(က)(၄.၁) အခြေခံပညာရေးသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

သင်ခန်းစာသင်ကြားစဉ်အတွင်း ကျွမ်းကျင်မှုကို မည်သို့ချိတ်ဆက်ကြောင်းရှင်းပြရန် အချိန်ယူပါ။

၃။ သင်ခန်းစာအတွင်း သင်ယူခဲ့သော အဓိကအချက်များကို ပြန်လည်စုစည်းတင်ပြပါ။

၄။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု၏ အဓိပ္ပာယ်ကို ဥပမာများပေးရန် ကျောင်းသား တစ်ဦး၊ သို့မဟုတ် နှစ်ဦးကို ရွေးပါ။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှု လုပ်ငန်း ၁။** ကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အဓိပ္ပာယ်များကို အွန်လိုင်းတွင် ရှာဖွေခြင်းဖြင့် ၎င်းတို့ရေးထားသည့် အဓိပ္ပာယ်ပေါ်တွင် နောက်ထပ်ချဲ့ထွင်စေပါ။

**သင်ယူမှု လုပ်ငန်း ၂။** လူမှုရေးဆိုင်ရာ လေ့လာမှုများနှင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအကြား တူညီမှုများနှင့် ကွဲပြားမှုများ၏ အနှစ်ချုပ်တစ်ခုကို ပေးခြင်းဖြင့် ယုံကြည်မှုနည်းသော ကျောင်းသား များအား ကူညီပါ။

**သင်ယူမှု လုပ်ငန်း ၃။** လေ့လာရမည့် စာတမ်းများအတွင်းပါရှိသည့် သတင်းအချက်အလက် အနှစ်ချုပ်တစ်ခုကို ယုံကြည်မှုပိုရှိသော ကျောင်းသားများက ယုံကြည်မှုနည်းသော ကျောင်းသားများ အား ပံ့ပိုးစေခြင်းဖြင့်ကူညီပါ။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

မေးခွန်း ၁ - သင်လေ့လာခဲ့သော သင်ခန်းစာ နှစ်ခုမှ အဓိကသင်ယူခဲ့သည့် အချက် (၃) ချက်ကို ရေးချပြီး ၎င်းအချက်များသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်နားလည်စေရန် မည်သို့ဆက်စပ်နေသည်နှင့် အရေးပါသည်ဟု သင်ထင်မြင်ကြောင်းကို ရေးချပါ။ သင်၏ အတန်းဖော်တစ်ဦးနှင့် ဤအချက်များကို ဆွေးနွေးပါ။

*အဖြေ - ကျောင်းသားများသည် ဤအခန်းမှ သင်ယူမှုအချက် (၃) ချက်ကို လွယ်ကူစွာ စာရင်းပြုစုနိုင်သင့်သည်။ ထိုအချက်(၃)ချက်တွင် မူလတန်းကျောင်းများ၌ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရန် သတ်မှတ်ထားသော အချိန်ပမာဏ၊ ပါဝင်သည့် ခေါင်းစဉ်အမျိုးမျိုးနှင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဆိုင်ရာ နိုင်ငံတကာစာပေလေ့လာမှုမှ တွေ့ရှိချက်များ ပါဝင်သင့်သည်။ ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုကိုလည်း ပေးနိုင်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သည့်ခေါင်းစဉ်များကို မြန်မာနိုင်ငံ၏ ပြည်နယ်၊ သို့မဟုတ် တိုင်းဒေသကြီးအသီးသီးနှင့် ဆီလျော်မည့်ခေါင်းစဉ်များကို ရွေးချယ်ထားသော်လည်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအသီးသီးကို ဒေသအသီးသီးနှင့် သက်ဆိုင်ဆက်စပ်မှု သေချာစေရန် ထိုနယ်မြေရှိ ပညာရေးကျွမ်းကျင်သူများက ဒေသတစ်ခုချင်းစီအတွက် ရေးသားမည် ဖြစ်သည်။

- ဒေသနယ်မြေအမျိုးမျိုး၏ ပညာရေးဆိုင်ရာလိုအပ်ချက်များကို ပြည့်မီစေရန်နှင့် လူမျိုးစု အမျိုးမျိုး၊ ယဉ်ကျေးမှုများ၊ သမိုင်းကြောင်းများနှင့် ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများနှင့် ဝင်ငွေဖန်တီးမှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရန်အတွက် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို မိတ်ဆက်ထားသည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ကြားမှုတွင် ကျောင်းသားများကြုံတွေ့ရသည့် အခက်အခဲများ များစွာရှိသော်လည်း ဤဘာသာရပ်အသစ်မှတစ်ဆင့် မူလတန်းကျောင်းသားများအတွက် အခွင့်အရေး များစွာရှိသည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအလေ့အကျင့်များအသုံးပြုပြီး စံတစ်ခုအဖြစ် ရေးဆွဲထားသည်။ မြန်မာနိုင်ငံပြင်ပတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို အကျိုးရှိစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုနောက်ကွယ်မှ အခြေခံသဘောတရားများနှင့် ဆက်နွယ်နေပြီး၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းလေ့လာခြင်းမှတစ်ဆင့် မူလတန်းကျောင်းသားများအတွက် ရရှိစေနိုင်သည့် အခွင့်အရေးများကို စူးစမ်းလေ့လာရန် သင့်အား တိုက်တွန်းအားပေးထားသည်။

တရားဝင်သင်ရိုးညွှန်းတမ်း၏ အခြေအနေသုံးခုကို သင့်အားမိတ်ဆက်ထားသည်။ ထိုသုံးခုကို အောက်ပါအတိုင်း တင်ပြထားသည်။ - စီစဉ်ထားသော သင်ရိုးညွှန်းတမ်း - ဆိုလိုသည်မှာ - သင်ရိုးညွှန်းတမ်း ဒီဇိုင်းရေးဆွဲသူမှ ရည်ရွယ်ထားသည့် သင်ရိုးညွှန်းတမ်းဖြစ်သည်။ သင်ကြားရာတွင်အသုံးပြုသော သင်ရိုးညွှန်းတမ်း - ဆိုလိုသည်မှာ - အုပ်ချုပ်သူများမှ စီစဉ်ထားပြီး ဆရာများမှ သင်ကြားသည့် သင်ရိုးညွှန်းတမ်းဖြစ်ပြီး၊ တွေ့ကြုံရသော သင်ရိုးညွှန်းတမ်း - ဆိုလိုသည်မှာ ကျောင်းသားများသင်ယူရသော သင်ရိုးညွှန်းတမ်းတို့ဖြစ်သည်။

မမြင်သာသော သင်ရိုးညွှန်းတမ်း၏ ထပ်ဆောင်းအယူအဆကိုလည်း ချိုင့်မိခဲ့သည်။

ကျောင်းသားများဖွံ့ဖြိုးတိုးတက်မှုတွင် မမြင်သာသော သင်ရိုးညွှန်းတမ်းသည် မည်မျှလွှမ်းမိုးမှုရှိသနည်း။
မမြင်သာသော သင်ရိုးညွှန်းတမ်း၏ ဖြစ်နိုင်ခြေရှိသည့် မကောင်းသောအကျိုးဆက်များကို သတိပြုမိရန် အဘယ်ကြောင့် အရေးကြီးသနည်း။

သင့်အား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို မိတ်ဆက်ပေးခဲ့ပြီး၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ပေါင်းစပ်ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများနှင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတစ်ခု၏ ရည်ရွယ်ချက်များကို သတိပြုမိသင့်သည်။

ဤအခန်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းရေးဆွဲရန် မြန်မာနိုင်ငံတွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်နှင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့် အရေးကြီးသနည်း ဆိုသည့်အချက်ကို အသားပေး ဖော်ပြထားပါသည်။

နောက်ဆုံးတွင် သင်သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ စာပေများကို လေ့လာခွင့်ရမည်ဖြစ်ပြီး ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုမှ မူလတန်းကျောင်းများသို့ ယူဆောင်လာနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အရေးအချို့ကိုလည်း သင့်ကို မိတ်ဆက်ပေးထားသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု ရေးဆွဲမှုမှတစ်ဆင့် မည်သည့်အခွင့်အလမ်းများကို မြန်မာနိုင်ငံတွင် သင်ကြိုတင်သိမြင်နိုင်သနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၁.၁

Ministry of Education (MOE), The Government of the Republic of the Union of Myanmar. (2019). *Education Degree College B.Ed. Primary school subject syllabus: Local Curriculum.*

Lwin, T. (2002). *Issues Surrounding Curriculum Development in the Ethnic Minority Areas of Burma.*

Lwin, T. (2011). Local Curriculum Implementation Guide, February 2017 Annex. In *Language, Identities and Education: in relation to Burma/Myanmar.*

၁.၂

*Education Degree College B.Ed. Primary school subject syllabus: Local Curriculum.* (n.d.).

Boonreang, K., & et al. (2004). *'Local-based Curriculum Development: A Case Study of Watsamankit Elementary School, Thailand.'* Australia: AARE.

Bühmann, D., & Trudell, B. (2008). *'Mother Tongue Matters, Local Language as a key to Effective Learning.'* UNESCO.

Chunrasaksakun, C., & et al. (2015). Local Curriculum Implementation Guide, February 2017. In *Developing Local Curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system.* Thailand: Khon Kaen University Department of Curriculum and Instruction.

Haddad, C. (2007). *'Mother Tongue-based Literacy Programmes: Case Studies of Good Practice in Asia'.* Bangkok: UNESCO Bangkok.

King, L. (2013). *'Education in a multilingual world"*. UNESCO.

Lwin, T. (2007). *Education and Democracy in Burma*.

South, A., & Lall, M. (2016). *Schooling and Conflict: Ethnic Education and Mother Tongue-based Teaching in Myanmar.*

Stabback, P. (2016). *'What Makes a Quality Curriculum?'* International Bureau of Education.

အခန်း
၂

# တိုင်းရင်းသားရေးရာ ဘာသာစကားနှင့် ယဉ်ကျေးမှု

ဤအခန်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ပါဝင်သည့် တိုင်းရင်းသား ဘာသာစကားများနှင့် ယဉ်ကျေးမှုအကြောင်းအရာကို ကျောင်းသားများအား မိတ်ဆက်ပေးသည်။ ညွှန်ကြားမှုဘာသာစကားနှင့် စပ်လျဉ်း၍ လူနည်းစုကျောင်းသားများအတွက် ဖြစ်လေ့ရှိသော ပြဿနာများနှင့် နိုင်ငံတကာစာပေများမှ ဖြစ်ရပ်လေ့လာခြင်းများနှင့် သုတေသနများဖြင့် တိုင်းရင်းသား ဘာသာစကားဖွံ့ဖြိုးမှုကို မြှင့်တင်ခြင်း၏ နောက်ကွယ်မှ အကြောင်းပြချက်ကို စူးစမ်းလေ့လာရန် အခွင့်အရေးရှိမည်ဖြစ်သည်။ အဆိုပါအခန်းသည် တိုင်းရင်းသား ဘာသာစကား လေ့လာသင်ယူသည့်အခါ လူနည်းစုကျောင်းသားများ ရင်ဆိုင်ရဖွယ်ရှိသည့် အခက်အခဲများနှင့် ဘာသာစကားနှစ်မျိုး/ ဘာသာစကားပေါင်းစုံ တတ်ကျွမ်းမှု သီအိုရီများနှင့် စပ်လျဉ်း၍ တိုင်းရင်းသား ဘာသာစကား သင်ကြားသည့် ဆရာများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ် အကြံပြုထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဘာသာစကား တစ်မျိုးတည်းသာ အသုံးပြု သင်ကြားသည့် ပညာရေး၏ ကန့်သတ်ချက်များ အကြောင်းကို ရှင်းပြတတ်မည်။
- မိခင်ဘာသာစကားကို သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာစာပေများကို စူးစမ်းလေ့လာတတ်မည်။
- တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းတွင် မူလတန်း ကျောင်းသားများ တွေ့ကြုံလာနိုင်သည့် အခက်အခဲများနှင့် ၎င်းတို့ကို ဆရာမှ မည်သို့ ကူညီ ထောက်ပံ့ပေးနိုင်မည်ကို ဆွေးနွေးတတ်မည်။
- ကျောင်းနှင့် စာသင်ခန်းအဆင့်တွင် တိုင်းရင်းသားဘာသာစကားဆရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြတတ်မည်။

# ၂.၁။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူလေ့လာခြင်းမိတ်ဆက်

ဤအခန်းငယ်ကို မူလတန်းကျောင်းတွင် စာသင်ခန်းတွင်းသင်ကြားမှု လမ်းညွှန်ချက်ဘာသာစကားအဖြစ် မိခင်ဘာသာစကား အသုံးပြုခြင်း၏ အရေးပါပုံနှင့် မြန်မာနိုင်ငံ၏ ပြည်နယ်အားလုံးတွင် တိုင်းရင်းသားဘာသာစကား သင်ကြားမှုမှတစ်ဆင့် တွေ့မြင်ရမည့် အကျိုးကျေးဇူးများကို ကျောင်းသားများအား မိတ်ဆက်ရန် ရည်ရွယ်ထားသည်။

## ၂.၁.၁။
## တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူလေ့လာခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဘာသာစကားတစ်မျိုးတည်းသာ အသုံးပြုသင်ကြားသည့် ပညာရေး၏ ကန့်သတ်ချက်များ အကြောင်းကို ရှင်းပြတတ်မည်။
- မိခင်ဘာသာစကားကို သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာစာပေများကို စူးစမ်းလေ့လာတတ်မည်။

**ရရှိလာမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက် ကြောင်း ပြသသည်။

**အချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ။** မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၊ စာဖတ်အဖွဲ့များ၊ အုပ်စုလိုက်လုပ်ငန်းစဉ်၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ နှိုင်းယှဉ်ခြင်း၊ ပို့ချခြင်း၊ ဆရာလမ်းညွှန်မှုဖြင့် စာဖတ်ခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော် ဆောင်ရွက်မှု လမ်းညွှန်၊ အကြံပြုထားသော ဖတ်စာမိတ္တူများ၊ သင်ပုန်းပေါ်တွင် ရေးဆွဲထားသော မျှဝေစာနာမှုပြမြေပုံ

**လိုအပ်သည့် ရင်းမြစ်များ။** ကပ်၍ရသော စာရွက်ငယ်များ၊ ပိုစတာများ

**စာသင်ချိန် (၁)**

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလိုက်ဆွေးနွေးခြင်း (၂၅ မိနစ်)**

၁။ အစိုးရကျောင်းများသည် ယခင်က ဘာသာစကားတစ်မျိုးတည်းပြောသော ပညာရေးကို ကျင့်သုံးခဲ့ကြောင်း၊ ထိုပညာရေး၏ ဖြစ်နိုင်ခြေအကျိုးကျေးဇူးများနှင့် အားနည်းချက်များကို ဆွေးနွေးပြီး ကျောင်းသားများ၏ အကြံပြုချက်များကို သင်ပုန်းပေါ်တွင် ရေးပါ။

၂။ ကျောင်းသားများအား အိမ်တွင် မြန်မာစကား (သို့မဟုတ် စာသင်ခန်းသုံး ညွှန်ကြားမှု ဘာသာစကား) မပြောသော လူနည်းစုတိုင်းရင်းသား မူလတန်းကျောင်းသားတစ်ဦး၏ နေရာတွင် မျှဝေခံစားကြည့်စေပါ။

၃။ ထိုမူလတန်းကျောင်းသားအနေဖြင့် နေ့စဉ်ကျောင်းတက်သည့်အချိန်နှင့် ဘဝအတွေ့အကြုံများသည် မည်ကဲ့သို့ဖြစ်မည်နည်းဆိုသည်ကို ကျောင်းသားများအား စဉ်းစားခိုင်းပါ။

၄။ အောက်ပါ မျှဝေစာနာမှုပြမြေပုံ ပုံတူကို သင်ပုန်းပေါ်တွင် ရေးဆွဲပြီး မျှဝေစာနာမှုပြမြေပုံကို ကျောင်းသားများအား မိတ်ဆက်ပါ။

၅။ ကျောင်းသားများအား ၎င်းတို့၏ အတွေးများကို ကပ်၍ရသော စာရွက်ငယ်များပေါ်သို့ ကဏ္ဍ အသီးသီးအတွက် အတွေးအခေါ်များအတိုင်း မှတ်သားထားခိုင်းပါ။

(က) တွေးတောမှုနှင့် ခံစားမှု - ကျောင်းသားများသည် ကျောင်းမတက်မီ၊ တက်နေစဉ်နှင့် ကျောင်းချိန်ပြီးနောက် မည်သည်ကို တွေးတော သို့မဟုတ် ခံစားရနိုင်သနည်း။ ကျောင်းသားများသည် ကိုယ့်ကိုကိုယ် မည်သည့်အရာများ ပြောဆိုသနည်း။


(ခ)အကြား - ၎င်းတို့အနီးရှိသူများ၊ ဥပမာ - ၎င်းတို့၏ ဆရာများ၊ အတန်းဖော်များ၊ မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းထံမှ မည်သည်များကို ကြားရသနည်း။

(ဂ)အမြင် - ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှုကို သက်ရောက်စေသော မည်သည့်အရာများကို စာသင်ခန်းတွင်း သို့မဟုတ် အိမ်၌ မြင်တွေ့နိုင်သနည်း။

(ဃ) ပြောကြားမှုနှင့် လုပ်ဆောင်မှု - ၎င်းတို့၏ ဆရာများ၊ အတန်းဖော်များ၊ မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းများအား မည်သည့်အကြောင်းအရာများကို ပြောဆိုသနည်း။ ၎င်းတို့နှင့် ပတ်သက်၍ သင်သတိပြုမိနိုင်သည့် လုပ်ဆောင်မှုများနှင့် အပြုအမူများသည် မည်သည့်အရာများ ဖြစ်သနည်း။

၆။ ကျောင်းသားများအား ၎င်းတို့ရေးထားသော မှတ်စုများကို မျှဝေစာနာမှုပြမြေပုံ၏ သက်ဆိုင်ရာကဏ္ဍတွင် ကပ်ခိုင်းပါ။

၇။ ကျောင်းသားများပေးထားသည့် စိတ်ဝင်စားဖွယ် အမြင်အချို့ကို ကျောင်းသားများအား နောက်ထပ်ရှင်းပြခိုင်းခြင်းဖြင့် မျှဝေစာနာမှုပြမြေပုံပေါ်တွင် ကပ်ထားသည့် အဖြေများကို ဆန်းစစ်ပါ။




ပုံ ၂.၁ မျှဝေစာနာမှုပြမြေပုံ

**စစ်ဆေးအကဲဖြတ်ခြင်း**

ဤလုပ်ငန်းစဉ်၏ စစ်ဆေးအကဲဖြတ်ခြင်းသည် မျှဝေစာနာမှုပြမြေပုံ ပြီးမြောက်ရန်နှင့် ကျောင်းသား အားလုံး၏ ပါဝင်မှုဖြစ်မည်။ လိုအပ်သည့် နေရာတွင် ပြန်လည်ရှင်းပြနိုင်းပါ။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

ဖြစ်နိုင်ခြေရှိသော အဖြေများမှာ ဖော်ပြရန်အတွက် များပြားလွန်းပြီး တိကျသည့် အဖြေမှန်၊ သို့မဟုတ် မှားယွင်းသော အဖြေများဟူ၍ မရှိပါ။ ကျောင်းသားများကို စစ်ဆေးအကဲဖြတ်သည့်အခါ လုပ်ဆောင်ရမည့် အဓိကထည့်သွင်းစဉ်းစားရမည့်အရာမှာ ဘာသာစကားတစ်မျိုးတည်းပြောသည့် မူလတန်းကျောင်း တစ်ကျောင်းရှိ တိုင်းရင်းသားလူနည်းစု မူလတန်းကျောင်းသားများ ရင်ဆိုင်နေရသည့် ပြဿနာများကို စာနာနားလည်မှု ပြသခြင်း ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ မူလတန်းစာသင်နှစ်များအတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှု အကြောင်းအရာများကို အတိုချုပ်ရှင်းပြပါ။

၂။ ကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ခြင်း လမ်းညွှန်ကို ရည်ညွှန်းကိုးကားခိုင်းပါ။ တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ ခေါင်းစဉ်များသည် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း ကွဲပြားမည်ဖြစ်ကြောင်း ရှင်းပြပါ။

၃။ တည်နေရာအနေအထားပေါ်မူတည်ပြီး မည်သည့် ခေါင်းစဉ်များဖြစ်နိုင်မည်နည်းဆိုသည် ကို ဉာဏ်ဖွင့်ဆွေးနွေးရန် ကျောင်းသားများအား တိုက်တွန်းအားပေးပါ။

၄။ ပြည်နယ်နှင့် တိုင်းအသီးသီးအတွက် သတ်မှတ်ထားသော စာသင်ခန်းနံရံများပေါ်တွင် စက္ကူချပ်ကြီးအလွတ်များ ထားရှိပါ။ အဆိုပါစက္ကူချပ်ပေါ်တွင် (၁) ဘာသာစကားများ (၂) သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ စသည့် ခေါင်းစဉ် (၂) ခုကို ရေးထားပါ။

၅။ ကျောင်းသားများအား အုပ်စုများခွဲပြီး အုပ်စုအသီးသီးကို တိုင်းရင်းသားလူမျိုးစု ပြည်နယ် တစ်ခုစီ တာဝန်ခွဲဝေပေးပါ။

၆။ အဆိုပါဒေသရှိ ဒေသဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအတွက် ဖြစ်နိုင်ခြေရှိသော တိုင်းရင်းသား ဘာသာစကားများနှင့် ခေါင်းစဉ်များကို ပြောခိုင်းပါ။ ထို့နောက် စက္ကူချပ်ပေါ်ရှိ ခေါင်းစဉ်အသီးသီးအောက်တွင် ၎င်းတို့၏ အကြံဉာဏ်အယူအဆများကို လိုရင်းတိုရှင်းရေးပါ။

၇။ ကျောင်းသားအုပ်စုများအား စာသင်ခန်းပတ်လည်ရှိ ပိုစတာအသီးသီးထံ လှည့်လည် သွားခိုင်းကာ အဖြေများကိုလေ့လာပြီး ပိုမိုပြည့်စုံသော ခြုံငုံသုံးသပ်ချက်တစ်ခုဖန်တီးရန် ၎င်းဒေသနှင့် ကိုက်ညီသည့် ထည့်သွင်းမထားရသေးသော မည်သည့်ဘာသာစကား၊ သို့မဟုတ် ခေါင်းစဉ်ကိုမဆို ထပ်ထည့်ခိုင်းပါ။ အဆိုပါလုပ်ငန်းစဉ်၏ နောက်အပိုင်းသည် (၁၅) မိနစ်အတွင်း လုပ်ဆောင်ပြီးစီးနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများနှင့် ပြည်နယ်အမျိုးမျိုးနှင့် ဆီလျော်သည့် ခေါင်းစဉ်များနှင့် ဘာသာစကားအမျိုးမျိုးကို နားလည်ခြင်းအား ကျောင်းသားများ သရုပ်ပြသည်ကို စစ်ဆေးခြင်းဖြင့် ဤသင်ကြားသင်ယူမှုလုပ်ငန်းစဉ်၏ စစ်ဆေးအကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။ လိုအပ်သည့် သတင်းအချက်အလက်များပေး၍ လမ်းညွှန်ချက်ပေးနိုင်သည်။ ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခု၏ အယူအဆနှင့် ကိုက်ညီဆီလျော်မှုအား နားလည်ကြောင်း အထောက်အထား ဖြစ်စေသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများစွာတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အသုံးပြုပြောဆိုသည့် တိုင်းရင်းသား ဘာသာစကား အမျိုးမျိုးနှင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် တွေ့ရှိနိုင်သည့် ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ၏ သီးခြားကွဲပြားချက်များအကြောင်း သတင်းအချက်အလက်များ ပါဝင်မည်ဖြစ်ကာ ဤသင်ယူမှုလုပ်ငန်းတွင် တင်ပြမည်ဖြစ်သော်လည်း ယခုဖော်ပြရန် များပြားလွန်းသည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း ၃။ စာဖတ်ခြင်း (၄၀ မိနစ်)

၁။ စာဖတ်အဖွဲ့များ - သင်သည် အုပ်စုလိုက် ပြန်လှန်သုံးသပ်ခြင်းပြုလုပ်ရန် ကျောင်းသားများအား အကြံပြုထားသော ဖတ်ရှုရမည့်စာရင်းကို ဤသင်ခန်းစာမတိုင်မီတွင် ဖတ်ရှုစေခိုင်းပြီး ဖြစ်လိမ့်မည်။ ကျောင်းသားများအား ၎င်းတို့ဖတ်မှတ်ခဲ့သည်များကို အသုံးပြု၍ မိခင်ဘာသာစကား - အခြေခံဘာသာစကားမျိုးစုံ ပညာရေး (MTB MLE) ဆိုင်ရာ ဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးစေပါ။

၂။ ကျောင်းသားများအား အုပ်စုလိုက်အနေဖြင့် MTB MLE ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခိုင်းပါ။

၃။ ကျောင်းသားတစ်ဦးအား ၎င်းတို့အုပ်စုမှ သတ်မှတ်ထားသည့် အဓိပ္ပာယ်ကို ပြောခိုင်းပြီး အဖြေများ ကို သင်ပုန်းပေါ်တွင် ချရေးပါ။ အဖြေများတွင် တူညီသည့် အဓိကစာလုံးများ တွေ့မတွေ့ ၎င်းတို့အား မေးမြန်းပြီး တူညီသည့် စာလုံးများကို ဝိုင်းစေပါ။ အဆိုပါစကားလုံးများ သို့မဟုတ် စကားစုများသည် MTB MLE ၏ ထူးခြားသိသာသည့် သွင်ပြင်လက္ခဏာ တစ်ရပ်အား အဘယ့်ကြောင့် ပေါ်လွင်စေသည်ကို ဆွေးနွေးစေပါ။ ဥပမာအားဖြင့် Helen Pinnock (Save the Children) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိ အဓိကစကားလုံးများ/ စကားစုများသည် -

‘မိခင်ဘာသာစကားနှင့် စတင်သော သင်ယူသူဗဟိုပြု၊ ထိရောက်သော အခြေခံ ပညာရေးဖြစ်ပြီး စနစ်တကျ တည်ဆောက်ထားသည့် ပုံစံတစ်ခုဖြင့် အခြားဘာသာ စကားတစ်ခု သို့မဟုတ် ပိုများသော ဘာသာစကားများကို တဖြည်းဖြည်း မိတ်ဆက် သွားပြီး ကလေးများ၏ ပထမဘာသာစကား သို့မဟုတ် မိခင်ဘာသာစကားတွင် ရှိထားပြီးဖြစ်သည့် နားလည်ထားမှုနှင့် ချိတ်ဆက်ထားသည်။’

၄။ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားခြင်းမှတစ်ဆင့် MTB MLE ကို အတိုင်းအတာမည်မျှ အကောင်အထည်ဖော် ထားသည်ကို အတိုချုပ်ရှင်းပြပါ။ တိုင်းရင်းသားဘာသာစကားများကို လေ့လာခြင်းဖြင့် ကလေးများ ပညာရေးနှင့် လူမှုရေးအရ မည်သည့်ရလဒ်များ ရရှိလာနိုင်သည် ဆိုသည်ကို ကျောင်းသားများအား မေးပါ။ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

## စစ်ဆေး အကဲဖြတ်ခြင်း

မြန်မာဘာသာစကား လေ့လာရာတွင် တိုင်းရင်းသားလူမျိုး ကျောင်းသားများ၏ အခက်အခဲများကို ကျောင်းသားများမှ နားလည်ရမည်ဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများ တစ်ခုချင်းနှင့် ဆီလျော်သည့် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုဆိုင်ရာ ခေါင်းစဉ် များကိုလည်း သတ်မှတ်ဖော်ထုတ်လိမ့်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် MTB MLE ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်ပြီး၊ MTB MLE ၏ အရေးပါမှုနှင့် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုကို သင်ကြားခြင်းတွင် ၎င်းကို မည်ကဲ့သို့ အသုံးချနိုင်မည်ဆိုသည်ကို အပြည်ပြည်ဆိုင်ရာစာပေမှ အမြင်များဖြင့် ရှင်းပြနိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေးပါ။

- *သက်ဆိုင်ရာ တိုင်းဒေသကြီးများ/ ပြည်နယ်များတွင် မူလတန်း ကျောင်းသားများအား သင်ကြားမည့် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုခေါင်းစဉ်များကို ရှင်းပြတတ်မည်။*
- *မိခင်ဘာသာစကားကို စာသင်ခန်းသုံး ညွှန်ကြားသည့် ဘာသာစကားအဖြစ် အသုံးပြုခြင်း၏ သက်ရောက်မှုနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစာပေများကို လေ့လာ ဖော်ထုတ်တတ်မည်။*

  သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင်မှု ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ အဆိုပါသင်ခန်းစာသည် အောက်ပါ ဆရာအတတ်သင် တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေးပါ။

- *(က) (၅.၁) အတန်း(အဆင့်) တစ်ခုစုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*
- *(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေ ပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း*

*ပြသသည်။*

အဆိုပါသင်ခန်းစာအတွင်းတွင် တတ်ကျွမ်းမှုများကို မည်ကဲ့သို့ ခြုံငုံထားသည်ကို ရှင်းပြပါ။

၃။ သင်ခန်းစာ သင်ကြားနေစဉ်အတွင်း သင်ယူသော အဓိကအချက်များကို ပြန်လည်စုစည်းတင်ပြပါ။

၄။ တိုင်းရင်းသား ဘာသာစကားများနှင့် ယဉ်ကျေးမှုအရ ဖြစ်နိုင်ခြေရှိသည့် မည်သည့်ခေါင်းစဉ်များကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းနိုင်သနည်းဆိုသည့် ဥပမာများပေးရန် ကျောင်းသား တစ်ယောက်၊ သို့မဟုတ် နှစ်ယောက်ကို ရွေးချယ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မိမိကိုယ်ကို ယုံကြည်မှုနည်းသော ကျောင်းသားများအား စာနာမှုကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေရန် အခွင့်အရေးများပေးခြင်းဖြင့် ပံ့ပိုးကူညီပါ။ ဥပမာအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အခက်အခဲစိန်ခေါ်မှုရှိနေသော ကျောင်းသားတစ်ယောက်၏ အမြင်မှ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသော ကျောင်းသားတစ်ဦး ရင်ဆိုင်ရသည့် အခက်အခဲများကို ၎င်းတို့ နားလည်ရန် ပံ့ပိုးပြီး ထိုအခက်အခဲစိန်ခေါ်မှုများကို အိမ်တွင် မြန်မာစကား (စာသင်ခန်းတွင် အသုံးပြုသည့် လမ်းညွှန်ဘာသာစကား) မပြောသည့် တိုင်းရင်းသားလူနည်းစု မူလတန်းကျောင်းသားတစ်ဦး ကြုံတွေ့နေရသည့် အခက်အခဲများနှင့် နှိုင်းယှဉ်စေပါ။

**သင်ယူမှုလုပ်ငန်း ၂။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတစ်ခုတွင် သင်ကြားမည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အပေါ် မူတည်ပြီး ထည့်သွင်းနိုင်သည့် အခြားသက်ဆိုင်ရာခေါင်းစဉ်များကို ထည့်သွင်း စဉ်းစားရန် မိမိကိုယ်ကို ပိုမိုယုံကြည်ချက်ရှိသည့် ကျောင်းသားများကို စိန်ခေါ်ပါ။ ထိုခေါင်းစဉ်များတွင် ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများနှင့် တိုင်းရင်းသား ဘာသာစကားများဆိုင်ရာ ခေါင်းစဉ်များစွာ ပါဝင်မည် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၃။** 'သင်ယူသူဗဟိုပြု သင်ကြားသင်ယူခြင်း' အယူအဆဆိုသည်မှာ အဘယ်နည်းနှင့် ထိုအယူအဆသည် တိုင်းရင်းသား ဘာသာစကားများ သင်ကြားမှုနှင့် မည်သို့ ဆက်စပ်နေသနည်းဆိုသည်ကို မိမိကိုယ်မိမိ ယုံကြည်မှုရှိသော ကျောင်းသားများကို စဉ်းစားခိုင်းပါ။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

မေးခွန်း ၁ - မိမိ၏ကိုယ်ပိုင် သင်ကြားသင်ယူမှု အတွေ့အကြုံများကို ဥပမာ - အင်္ဂလိပ်စာကဲ့သို့သော ဒုတိယဘာသာစကားကို သင်ယူခြင်း၏ အတွေ့အကြုံများကို သုံးသပ်ပါ။ မျှဝေစာနာမှုပြမြေပုံ လုပ်ငန်းစဉ်ကို ရည်ညွှန်း၍ -

(က) သင်သုံးသပ်ပြသခဲ့သည့် အဖြေသည် မည်သည်များဖြစ်သနည်း။

(ခ) ဘာသာစကားတစ်ခုကို သင်ယူသည့်အချိန်တွင် မျှဝေစာနာမှုပြမြေပုံတွင် မပါဝင်သည့် သင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများ ရှိပါသလား။

*အဖြေ - သင်ကြားသင်ယူမှုလုပ်ငန်းတွင် တိုင်းရင်းသားဘာသာစကားပြော ကျောင်းသားများနှင့် တူညီသော အတွေ့အကြုံများ ဝေမျှနိုင်မည်ဖြစ်သော်လည်း ဤမေးခွန်းများ၏ အဖြေများသည် ကျောင်းသားတစ်ဦးချင်းစီ၏ သီးခြားအဖြေများ ဖြစ်မည်။*

# ၂.၂။ ကျောင်းသားများ၏ လေ့လာသင်ယူမှုကို ပံ့ပိုးကူညီခြင်း

ဤအခန်းငယ်သည် တိုင်းရင်းသားဘာသာစကားများ လေ့လာရာတွင် မူလတန်းကျောင်းသားများ ကြုံတွေ့နိုင်သည့် အခက်အခဲအချို့နှင့် ကျောင်းသားများမှ ထိုသင်ယူလေ့လာမှုကို ပံ့ပိုးကူညီနိုင်သည့် နည်းလမ်းများကို မိတ်ဆက်ပေးမည်ဖြစ်သည်။

## ၂.၂.၁။
## တိုင်းရင်းသားဘာသာစကားများ သင်ယူနေသည့် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည်နည်း။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှု သင်ယူလေ့လာခြင်းတွင် မူလတန်းကျောင်းသားများ တွေ့ကြုံလာနိုင်သည့် အခက်အခဲများနှင့် ၎င်းတို့ကို ဆရာမှ မည်သို့ ကူညီ ထောက်ပံ့ပေးနိုင်မည်ကို ဆွေးနွေးတတ်မည်။
- ကျောင်းနှင့် စာသင်ခန်းအဆင့်တွင် တိုင်းရင်းသားဘာသာစကား ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက် ကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ ။** မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်း၊ တွေး-တွဲ-မျှဝေသင်ယူခြင်း၊ အုပ်စုလိုက်လုပ်ငန်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ပို့ချခြင်း၊ ကြိုတင် လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှုဖြစ်စဉ်။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၊ စာသင်ခန်းရှိ ဘာသာစကားမျိုးစုံ မိတ္တူတစ်စောင်၊ ဘာသာစကားသင်ဆရာများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဘာသာစကားတစ်ခု သင်ယူရာတွင် အခြားဘာသာစကားတစ်ခုမှ အသိပညာများ အသုံးချမှု သာဓကများ။

**လိုအပ်သည့်ရင်းမြစ်များ။** အင်တာနက်လိုင်းဖြင့်ဖွင့်ထားသော 'သင်ကြားခြင်းနှင့် သင်ယူခြင်းအတွက် ဘာသာစကားမျိုးစုံဆိုင်ရာ ချဉ်းကပ်နည်းများ' အွန်လိုင်းဗီဒီယို၊ ပရိုဂျက်တာ၊ ကွန်ပျူတာမျက်နှာပြင်၊ အသံချဲ့စက်များ၊ စက္ကူချပ်ကြီးများ၊ ဘောပင်များ။

**သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေသင်ယူခြင်း** (၁၅ မိနစ်)

၁။ တိုင်းရင်းသားလူမျိုး ကျောင်းသားများအတွက် ၎င်းတို့၏ ဘာသာစကားများကို သင်ယူခြင်း၏အကျိုးကျေးဇူးသည် ထည့်သွင်းစဉ်းစားထိုက်သော်လည်း ၎င်းတို့၏မိခင်ဘာသာသင်ယူမှုတွင် ကျောင်းသားများ အောင်မြင်မှုများရရှိရန်အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အခက်အခဲအတားအဆီးများ ရှိနိုင်သည်ကို အတိုချုပ် ရှင်းပြပါ။

၂။ ကျောင်းတွင် တိုင်းရင်းသားဘာသာစကားများ လေ့လာသည့်အခါ ကျောင်းသားများ ရင်ဆိုင်ရနိုင်သည့် အခက်အခဲများကို 'တွေး-တွဲ-မျှဝေသင်ယူခြင်း' လုပ်ငန်းစဉ်ကို အသုံးပြု စဉ်းစားစေပါ။

၃။ နှစ်ယောက်တစ်တွဲ အုပ်စုအသီးသီးမှ ဖြေကြားမည့် ကျောင်းသားတစ်ယောက်စီအား သင်ယူရာတွင် ကြုံတွေ့နိုင်သည့် အတားအဆီးများနှင့် စပ်လျဉ်းသည့် ၎င်းတို့၏ အတွေးအမြင်များကို တင်ပြခိုင်းပြီး ထိုအတွေးအခေါ်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများမှ ၎င်းတို့၏ ဆွေးနွေးမှုများမှ အဆိုပြုသော အခက်အခဲများ အမျိုးအစားနှင့် အရေအတွက်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဤသင်ကြားသင်ယူမှုလုပ်ငန်းကို စစ်ဆေးအကဲဖြတ်နိုင်သည်။ ကျောင်းသားများအနေဖြင့် အဘယ်ကြောင့် အဆိုပါအခက်အခဲများ ရှိသည်ဟု ၎င်းတို့ စဉ်းစားရသည်ဆိုသည့် အကြောင်းပြချက်များကို တင်ပြခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

- ၎င်းတို့၏ ဘာသာစကားများဖြင့် ရေးသားထားသော စိတ်ဝင်စားဖွယ်ကောင်းသည့် စာအုပ်များနှင့် အခြား သင်ယူမှုအထောက်အကူပစ္စည်းများ မရှိခြင်း။
- ၎င်းတို့ဖတ်ရှု တွေ့မြင် သို့မဟုတ်ကြားရသော ပုံပြင်အများစုမှ မီဒီယာဇာတ်ကောင်များသည် ၎င်းတို့၏ ဘာသာစကားပြောသူ သို့မဟုတ် ယဉ်ကျေးမှုနောက်ခံ တူညီသူများ မဟုတ်ခြင်း။
- ၎င်းတို့၏ ဘာသာစကားအပေါ် အဆင့်နိမ့်သည်ဟု ရှုမြင်ခြင်း။
- ၎င်းတို့၏ ဘာသာစကားကို အရေးကြီးသည့် အခန်းကဏ္ဍဟု မမြင်သော မိဘများသည် စာသင်ကျောင်းများနှင့် ၎င်းတို့၏ အနာဂတ်တွင် ပါဝင်နေခြင်း။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ 'သင်ကြားမှုနှင့် သင်ယူမှုကို ဘာသာစကားမျိုးစုံဆိုင်ရာ ချဉ်းကပ်နည်းများ'[၁၂] (ရနိုင်လျှင် မြန်မာစာတန်းထိုးဖြင့်) ဗီဒီယိုအပိုင်းတိုလေးတစ်ခုကို ပြသပါ။ ကျောင်းအသီးသီးတွင် တာဝန်ကျသော တိုင်းရင်းသားဘာသာစကားသင် ဆရာများသည် ၎င်းတို့၏ ဘာသာစကား မတူညီသော ကျောင်းသားများကို နားလည်ရာတွင် မည်သို့အားဖြင့် တန်ဖိုးရှိသော ရင်းမြစ်တစ်ခု ဖြစ်နိုင်သည်ကို အလေးပေးပါ။

၂။ ဆရာပူးပေါင်းဆောင်ရွက်မှု အယူအဆကို မိတ်ဆက်ပြီး တိုင်းရင်းသားဘာသာစကားသင် ဆရာများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဘာသာစကားများအကြား အသိပညာနှင့် စွမ်းရည်များ လွှဲပြောင်းမှုတွင် အကျိုးသက်ရောက်မှုရှိနိုင်သည်ကို ပြင်သစ်နှင့် အင်္ဂလိပ် ဘာသာစကားများနှင့်စပ်လျဉ်း၍ ကနေဒီယန် ဖြစ်ရပ်လေ့လာမှုမှ တွေ့ရှိချက်များကို ရည်ညွှန်းကိုးကားပြီး အတိုချုပ် ဆွေးနွေးပါ။

၃။ ကျောင်းသားများအား စက္ကူချပ်အပိုင်းတစ်ခုပေါ်တွင် ကော်လံနှစ်ခုခွဲစေပြီး ကျောင်းသားများ၏ သင်ယူမှုအတွေ့အကြုံများတိုးတက်ရန် ၎င်းတို့အနေနှင့် တိုင်းရင်းသား ဘာသာစကားသင် ဆရာများနှင့် မည်သည့်ရင်းမြစ်များနှင့် အမြင်များကို အပြန်အလှန် ဝေမျှနိုင်သနည်းဆိုသည်ကို ချရေးပါ။ ထိုလုပ်ငန်းစဉ်ကို အုပ်စုလုပ်ငန်းအနေနှင့် လုပ်ဆောင်နိုင်သည်။

၄။ ၎င်းတို့၏ အတွေးအခေါ်များကို ၎င်းတို့၏ ပိုစတာနှင့်အတူ တင်ပြဝေမျှရန် ကိုယ်စားလှယ် တစ်ယောက်အားရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

စက္ကူချပ်ပေါ်တွင် ပေးထားသော ဥပမာအချို့ကို ယူပြီး ကျောင်းသားများအား ပေးထားသော တုံ့ပြန်ချက်များအပေါ် အသေးစိတ်ထပ်ဆောင်းပြောခိုင်းပြီး ထိုအရာများသည် အဘယ့်ကြောင့် အရေးပါသည် သို့မဟုတ် အသုံးဝင်သည်ကို ရှင်းပြခိုင်းပါ။

---

[၁၂] AITSL. (21 April, 2016). 'သင်ကြားမှုနှင့် သင်ယူခြင်းအတွက် ဘာသာစကားမျိုးစုံချဉ်းကပ်နည်းများ'. https://www.youtube.com/watch?v=J16Ruh0OgGA မှထုတ်နှုတ်ထားသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းစဉ်သို့ ၎င်းတို့ပေးထားသည့် အဖြေများကို 'မှန်ကန်ကြောင်း အကျိုးသင့်အကြောင်းသင့်ရှင်းပြနိုင်' သင့်သည်။ ဥပမာအားဖြင့် ရွေးချယ်ထားသော ခေါင်းစဉ်များကို ပူးပေါင်းလုပ်ဆောင်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေခြင်းကို ဦးတည်စေပြီး ဆရာများ၏ ကိုယ်ပိုင်အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးပါသည်။

## သင်ယူမှု လုပ်ငန်း ၃။ ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှု ဖြစ်စဉ် (၁၅ မိနစ်)

၁။ သင်သည် အိန္ဒိယနိုင်ငံ၏ အလေ့အထများပေါ်အခြေခံသော စာသင်ခန်း အတွင်း ဘာသာစကားတစ်မျိုးထက် ပိုမိုအသုံးချမှုလမ်းညွှန်[၃၇] တစ်စောင်တွင် ပါဝင်သော အပိုင်း ၂ နှင့် ၃ ကို ဖတ်ရှုရန် ကျောင်းသားများအား တာဝန်ပေးခဲ့ပြီး ကြိုတင်ဆွေးနွေးမှုများအတွက် မေးခွန်းများ ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါဆွေးနွေးမှု မေးခွန်းများမှာ -

(က) သင်သည် မတူညီသောဘာသာစကားများကို စာသင်ခန်းတွင် မည်ကဲ့သို့ လက်ခံပြီး တန်ဖိုးထားမည်နည်း။

(ခ) အဆိုပါ စာပိုဒ်သည် 'စကားပြောရာတွင် ဘာသာစကားနှစ်ခုအကြား ကုဒ်ပြောင်းလဲ အသုံးပြုခြင်း' ပါဝင်သည့် 'တစ်ခုထက်ပိုသော ဘာသာစကားများကို ပေါင်းစပ် ဆက်သွယ်အသုံးပြုခြင်း' အလေ့အထကို ရည်ညွှန်းပြီး ထိုအလေ့အထကို တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့များကို သင်ကြားပေးသည့် ဆရာများနှင့် မည်ကဲ့သို့ ပူးပေါင်းအသုံးပြုနိုင်သနည်း။

၂။ စာသင်ခန်းအတွင်းရှိ ကျောင်းသား (ပညာရေးကောလိပ်ကျောင်းသား) များသည် ၎င်းတို့၏ မူလတန်းကျောင်းသားများ တိုင်းရင်းသားဘာသာစကား တတ်မြောက်မှု ဖွံ့ဖြိုးရေးအတွက် တာဝန်မရှိသော်လည်း ၎င်းတို့သည် အရေးပါသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်သည်။

---

[၃၇] TESS-India. (2015). စာသင်ခန်းအတွင်း ဘာသာစကားမျိုးစုံ ပြောခြင်း၊ Open University။

၃။ ကြိုတင်ဖတ်ရှုရန်ပေးထားသော ဖတ်စရာမှမေးခွန်းများကို ချက်ချင်းတုံ့ပြန်ဖြေကြားပြီး ကျောင်းသားများကို မြန်မာနိုင်ငံ စာသင်ခန်းအခြေအနေအား တွေး-တွဲ-မျှဝေသင်ယူခြင်း ပုံစံဖြင့် အဖြေများစဉ်းစားခိုင်းပါ။ နှစ်ယောက်တစ်တွဲမှ ကိုယ်စား တစ်ယောက်စီကို စာပိုဒ်တွင်ပါရှိသည့် အကြောင်းအရာနှင့် စာပိုဒ်ပြင်ပအကြောင်းအရာ နှစ်ခုလုံးမှ အဖြေများကို ပြောခိုင်းပါ။

၄။ ကျောင်းသားများက အဖြေမပေးခဲ့သော မေးခွန်းများအား သင်၏ ကိုယ်ပိုင်တုံ့ပြန်ချက်များ၊ အဖြေများဖြင့် ဖြည့်စွက်ဖြေဆိုပါ။

၅။ ဆွေးနွေးထားသည့် နည်းဗျူဟာများသည် ကျောင်းသားများ၏ မိခင်ဘာသာစကား ကျွမ်းကျင်မှုကို ပံ့ပိုးကူညီနိုင်သည်ဆိုသည်နှင့် တိုင်းရင်းသားဘာသာစကားများ၏ အခြေအနေကို မြှင့်တင်နိုင်ကြောင်း အတိုချုပ်ရှင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ခန်းစာ၏ စစ်ဆေးအကဲဖြတ်ခြင်းသည် ပေးထားသော မေးခွန်းနှစ်ခုကို ကျောင်းသားများ ဖြေဆိုခြင်းမှ ၎င်းတို့၏ နားလည်မှုအဆင့်ကို အကဲဖြတ်ခြင်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ၎င်းတို့၏ စာသင်ခန်းတွင် ထည့်သွင်းရန် နည်းဗျူဟာများကို ထုတ်နုတ်နိုင်သင့်သကဲ့သို့ ၎င်းတို့၏မူလတန်းကျောင်းသားများ၏ မိခင်ဘာသာစကားဖွံ့ဖြိုးမှုကို တွန်းအားပေးသည့် နောက်ထပ် နည်းဗျူဟာများကိုလည်း ဖန်တီးနိုင်သင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းရလဒ်များကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေးပါ။

- *တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုဓလေ့များသင်ယူရာတွင် မူလတန်း ကျောင်းသားများ ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် ဆရာများမှ ၎င်းတို့အား မည်ကဲ့သို့ ပံ့ပိုးကူညီနိုင်သနည်းဆိုသည်ကို ဆွေးနွေးတတ်မည်။*

- *စာသင်ကျောင်းနှင့် စာသင်ခန်းအဆင့်တွင် တိုင်းရင်းသားဘာသာစကားသင်ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ရှင်းပြတတ်မည်။*

သင်ကြားသင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ အဆိုပါသင်ခန်းစာသည် အောက်ပါဆရာကျွမ်းကျင်မှုစံကို ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

*(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

*(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှုအခြေအနေ ပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

တတ်ကျွမ်းမှုကို သင်ခန်းစာအတွင်း မည်သို့ခြုံငုံထားသနည်းကို ရှင်းပြပါ။

၃။ သင်ခန်းစာအတွင်း သင်ကြားသော အဓိကအချက်အလက်များကို ကျောင်းသားများအတွက် ပြန်လည်စုစည်းပါ။

၄။ စာသင်ခန်းတွင် တိုင်းရင်းသားဘာသာစကားသင်ဆရာများနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရမည်ကို ဥပမာများပေးရန် ကျောင်းသား တစ်ဦး သို့မဟုတ် နှစ်ဦးကို ရွေးပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** တိုင်းရင်းသားဘာသာစကားများလေ့လာသင်ယူရာတွင် ကြုံတွေ့ရမည့် အတားအဆီးများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို မိမိကိုယ်ကို ယုံကြည်မှုပိုရှိသော ကျောင်းသားများအား စဉ်းစားခိုင်းပါ။

**သင်ယူမှုလုပ်ငန်း ၂။** စာသင်ခန်းနှင့် စာသင်ကျောင်းတွင် ဆရာများ ပုံမှန်ပူးပေါင်း ဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုစဉ်းစားရန် မိမိကိုယ်ကို ယုံကြည်မှုနည်းသော ကျောင်းသားများအား တိုက်တွန်းအားပေးခြင်းဖြင့် ပံ့ပိုးကူညီပါ။

**သင်ယူမှုလုပ်ငန်း ၃။** နိုင်ငံခြားတိုင်းပြည်များရှိ တိုင်းရင်းသားဘာသာစကားသင်ကြားမှုကို အင်တာနက်အသုံးပြုပြီး မိမိကိုယ်ကိုယ်ယုံကြည်မှုပိုရှိသော ကျောင်းသားများအား နောက်ထပ် သုတေသနများလုပ်ဆောင်ခိုင်းပါ။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

မေးခွန်း ၁ - သင်ခန်းစာတွင် ပါဝင်ဆွေးနွေးခဲ့သည့် အကြောင်းအရာများအရ တိုင်းရင်းသားလူမျိုး ကျောင်းသားများနှင့် ဆက်ဆံသည့်အခါ သင်အသုံးပြုနိုင်သည့် လုပ်ဆောင်ရမည့်အချက်များနှင့် မလုပ်ဆောင်သင့်သည့် အချက်များကို အခြားဆရာများကို အကြံပေးရန် စာရင်းတစ်ခုပြုစုပါ။ အတန်းဖော်တစ်ဦးနှင့် မျှဝေပါ။

*အဖြေ - ကျောင်းသားများ ဖြေဆိုသည့်အဖြေများ ကွဲပြားနိုင်သော်လည်း အဖြေများတွင် စာသင်ခန်းအတွင်း အားလပ်ချိန်များတွင် ကျောင်းသားများ၏ မိခင်ဘာသာစကားကို အသုံးပြုရန် ခွင့်ပြုခြင်း၊ တိုင်းရင်းသားဘာသာစကားသင် ဆရာများနှင့် အပြန်အလှန် လေးစားမှုကို ပြသခြင်းနှင့် အဆိုပါ ဆရာများအား ပိုမိုကျယ်ဝန်းသော ဆရာအဖွဲ့အစည်းသို့ လက်ခံပေးခြင်း စသည်တို့ ပါဝင်နိုင်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် တိုင်းရင်းသားဘာသာစကားများကို မူလတန်းကျောင်းတွင် သင်ယူခွင့်ပြုပြီး ကျောင်းသားများသည် ၎င်းတို့၏ မိခင်ဘာသာစကားကို ဖွံ့ဖြိုးတတ်မြောက်ကာ လက်ရှိနားလည်မှုကို အခြားဘာသာစကားများနှင့် ချိတ်ဆက်သည့် MTB MLE အလေ့အထများအတွက် အခွင့်အရေးများပေးသည်။

- သုတေသနလေ့လာမှုများမှ ဖော်ပြသည်မှာ မိခင်ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခြင်းသည် ကျောင်းသားများ၏အိမ်တွင် စာသင်ခန်းတွင်း ညွှန်ကြားချက်ဘာသာစကားကို အသုံးမပြုသော်လည်း အပြုသဘောဆောင်သော ကျောင်းရလဒ်များဆီသို့ ဦးတည်စေသည်။

- လူနည်းစုတိုင်းရင်းသား ကျောင်းသားများသည် ၎င်းတို့၏ ဘာသာစကားကို အထူးသဖြင့် ခေတ်ရေစီးကြောင်းယဉ်ကျေးမှုတွင် ကိုယ်စားပြုမှုနည်းပါးခြင်းကြောင့် တိုင်းရင်းသားဘာသာစကား သင်ယူသည့်အခါ အခက်အခဲများကို ကြုံတွေ့နေရဆဲဖြစ်သည်။ အားလုံးပါဝင်သော စာသင်ခန်း အလေ့အထများမှ တစ်ဆင့် ထိုအခက်အခဲများကို လျှော့ပါးစေနိုင်သည်။

- မိခင်ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုသည် အခြားဘာသာစကားများတွင် ကျွမ်းကျင်မှုကို ပံ့ပိုးပေးသည့်အတွက် ဘာသာဗေဒအသိပညာနှင့် စွမ်းရည်များကို ဘာသာစကားများအကြားတွင် ပိုမိုကောင်းမွန်စွာ ကူးပြောင်းနိုင်ရန်အတွက် ကျောင်းသားများ၏ တိုင်းရင်းသားဘာသာစကား ဆရာများနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အရေးများကို ရှာဖွေသင့်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကား ထည့်သွင်းခြင်းဆိုင်ရာ အခြေခံအယူအဆများကို သင့်အားမိတ်ဆက်ပေးထားပြီး အဆိုပါသင်ရိုးကို သင်ကြားသည့်အခါ မတူညီသော တိုင်းရင်းသားဘာသာစကားပြောသည့် ကျောင်းသားများ ကြုံတွေ့နိုင်သည့် အခွင့်အရေးများနှင့် အတားအဆီးများကို လေ့လာစူးစမ်းနိုင်ရန် တွန်းအားပေးထားသည်။

ဘာသာစကားနှစ်မျိုး/ ဘာသာစကားတစ်မျိုးထက်ပိုသော ဘာသာစကားများ တတ်ကျွမ်းမှုသီအိုရီများကို ရည်ညွှန်းကာ တိုင်းရင်းသား ဘာသာစကားသင် ဆရာများနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အရေးများကို မိတ်ဆက်ပေးထားသည်။

မူလတန်းကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးများ/ ပြည်နယ်များတွင် သင်ကြားမည့် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုခေါင်းစဉ်များကိုလည်း ထည့်သွင်းထားသည်။

ဘာသာစကားတစ်မျိုးတည်း ပြောဆိုသင်ကြားသည့် ပညာရေး၏ ကန့်သတ်ချက်များသည် မည်သည့်အရာများ ဖြစ်သနည်း။

မိခင်ဘာသာစကား သင်ယူမှု၏ အရေးပါမှုကို သတိပြုမိရန် အဘယ့်ကြောင့် အရေးကြီးသနည်း။

မူလတန်းကျောင်းများ၌ တိုင်းရင်းသား ဘာသာစကားများ သင်ကြားခြင်း၏ လက်တွေ့ကျသည့် အစိတ်အပိုင်းများကို မိတ်ဆက်ပေးခဲ့ပြီး မွန်တိုင်းရင်းသား ကျောင်းသားများအတွက် ဘာသာစကား သုံးခု ပညာရေးစနစ်ကို ပံ့ပိုးပေးသော ပညာရေးဝန်ကြီးဌာန (MoE) နှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံး တိုင်းရင်းသားအဖွဲ့အစည်းဖြစ်သော မွန်အမျိုးသားပညာရေးကော်မတီ (MNEC) နှင့်လည်း မိတ်ဆက်ပေးခဲ့ပါသည်။

နောက်ဆုံးတွင် တိုင်းရင်းသားဘာသာစကားအမျိုးမျိုးပြောသည့် ကျောင်းသားများသည် ကျောင်းမတက်ခင်၊ ကျောင်းတက်နေစဉ်နှင့် ကျောင်းချိန်ပြီးသည့်အခါတွင် ၎င်းတို့၏ အတွေး သို့မဟုတ် စိတ်ခံစားမှု၊ ၎င်းတို့မြင်သည့်အရာနှင့် ကြားသည့်အရာ စသည်တို့ကို လေ့လာခွင့် ရခဲ့သည်။

တိုင်းရင်းသားဘာသာစကားများကို မူလတန်းကျောင်းများတွင် သင်ကြားသည့်အခါ မည်သည့် အရေးကြီး ခေါင်းစဉ်များကို ထည့်သွင်းစဉ်းစားသင့်သနည်းဟု သင်ထင်သနည်း။ ထိုသင်ကြားမှုကို တားဆီးနိုင်သည့် မည်သည့်အရာများကို သင်သတိပြုမိသနည်းနှင့် ထိုအတားအဆီးများကို သင်မည်ကဲ့သို့ ကျော်လွှားနိုင်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၂.၁

Bühmann, D., & Trudell, B. (2008). *'Mother Tongue Matters, Local Language as a key to Effective Learning.'* Paris: UNESCO.

ENAC. (2018). *Mother Tongue-Based Multilingual Education System in a future federal democratic union of Burma.*

Lwin, T. (2011). *Language, Identities and Education: in relation to Myanmar.*

Naing, T. (2016). *Education in a Federal Democracy'.* Yangon: Myanmar Knowledge Society, MKS.

Trudell, B., & Young, C. (2016). *Good Answers to Tough Questions in Mother Tongue- Based Multilingual Education.* Dallas: SIL International.

၂.၂

Cummins, J. (1981). *The role of primary language development in promoting educational success for language minority students.* Los Angeles: California State University Evaluation, Dissemination and Assessment Center.

UNESCO. (2003). *Education In A Multilingual World: UNESCO Education Position Paper.*

# အခန်း ၃

# စိုက်ပျိုးရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးသည် နိုင်ငံစီးပွားရေး၏ ပင်မကျောရိုးဖြစ်ကာ တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်မှုတွင် ပါဝင်ကူညီနေသည်။ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ % ခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်သည်။ ကျေးလက်ဒေသများတွင် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် အသိပညာနှင့် နည်းပညာချို့တဲ့မှုကို ကြုံတွေ့ခံစားနေရသည်။ အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ကျေးလက်ဒေသများရှိ လယ်သမားများအား ပညာပေးရန် ကြိုးစားနေသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါမှုကြောင့် စိုက်ပျိုးရေးဆိုင်ရာ ပညာရေးသည် ဦးစားပေးအချက်တစ်ချက်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းစဉ်တွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် စိုက်ပျိုးရေးဆိုင်ရာသင်ခန်းစာ ထည့်သွင်းမိတ်ဆက်ခြင်းသည် နောက်လာမည့် မျိုးဆက်သစ်များအတွက် လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ ဤအခန်းသည် ကျောင်းသားများအား စိုက်ပျိုးရေးဘာသာရပ်ကို နားလည်စေရန်နှင့် မြန်မာနိုင်ငံတစ်ဝန်း မူလတန်းကျောင်းများတွင် အခြေခံစိုက်ပျိုးရေးသိပ္ပံ ကျွမ်းကျင်မှုများကို ဘာသာရပ်တစ်ခုအဖြစ် မည်ကဲ့သို့ သင်ကြားရမည်ကို သိရှိနိုင်ရန် အကူအညီ ပေးမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းကျောင်းသားများကို သင်ကြားပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံသဘောတရား နှင့် အသိပညာများကို ရှင်းပြတတ်မည်။
- အခြေခံစိုက်ပျိုးရေးသိပ္ပံ နှင့် အပင်မျိုးပွားခြင်းနည်းစနစ်များ၏ လက်တွေ့လုပ်ဆောင်ခြင်း ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- အပင်များ၏ အရေးပါပုံကို ရှင်းလင်းပြနိုင်ပြီး အပင်အမျိုးမျိုးကို အမျိုးအစားခွဲခြားတတ်မည်။
- မူလတန်းကျောင်းသားများအား မျိုးစေ့နှင့်အညှောက်ပေါက်ခြင်းအကြောင်း သင်ကြားမှု အခြေခံစွမ်းရည်များကို သရုပ်ပြတတ်မည်။
- မြေဆီလွှာများ၊ အခြေခံ မြေဆီလွှာအမျိုးအစားများနှင့် မြေချဉ်ငန်ကိန်း၏ အရေးပါပုံကို ခွဲခြားသတ်မှတ်တတ်မည်။
- အပင်များအတွက် အာဟာရများ၊ မြေသြဇာအမျိုးမျိုးနှင့် အသုံးချမှုနည်းလမ်းများကို ရှင်းပြတတ်မည်။
- အပင်မျိုးပွားခြင်းအကြောင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်းဖြင့် အချို့အပင်များကို မည်သို့မျိုးပွားသည်ဆိုသည်ကို ရှင်းပြတတ်မည်။
- ကိုင်းဖြတ်မျိုးပွားခြင်းအကြောင်းကို ရှင်းပြနိုင်ပြီး အချို့သော အပင်များကို ပင်စည်ဖြတ်ခြင်း နည်းလမ်းဖြင့် မျိုးပွားတတ်မည်။
- အင်းဆက်များ၏ သဘောသဘာဝ နှင့် ၎င်းတို့ကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုကို သိရှိမှတ်သားတတ်မည်။
- အင်းဆက်ကာကွယ်နှိမ်နင်းနည်းများကို ဖော်ပြတတ်မည်။
- စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းလမ်းများကို စူးစမ်းလေ့လာတတ်မည်။

# ၃.၁။ အပင်နှင့် မျိုးစေ့များ

ဤအခန်းငယ်သည် မြန်မာနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနေသော အခြေခံအပင် အမျိုးအစားများကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ကျောင်းသားများအား ထိုအပင်များကို မည်ကဲ့သို့ အမျိုးအစားခွဲခြားရမည်ကို ညွှန်ကြားမည် ဖြစ်သည်။

## ၃.၁.၁။ အပင်များ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းကျောင်းသားများကို သင်ကြားပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံသဘောတရားများ နှင့် အသိပညာများကို ရှင်းပြတတ်မည်။
- အခြေခံစိုက်ပျိုးရေးသိပ္ပံ နှင့် အပင်မျိုးပွားခြင်းနည်းစနစ်များ၏ လက်တွေ့လုပ်ဆောင်ခြင်း ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- အပင်များ၏ အရေးပါပုံကို ရှင်းလင်းပြနိုင်ပြီး အပင်အမျိုးမျိုးကို အမျိုးအစားခွဲခြားတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်** - မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှု နည်းလမ်းများ။** အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ညွှန်ကြားမှုခေါင်းစဉ်နှင့် သင့်ကိုယ်သင် ရင်းနှီးကျွမ်းဝင်စေရန် ကျောင်းသားကိုင် ပုံနှိပ်စာအုပ်၏ သင့်လျော်သည့် အခန်းကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင် ပုံနှိပ်စာအုပ်၊ ကပ်၍ရသော စာရွက်ငယ်များ၊ မာကာပင်၊ ပိုစတာစာရွက်။

**သင်ယူမှုလုပ်ငန်း ၁ - အုပ်စုလိုက် ဆွေးနွေးခြင်း** (၁၀ မိနစ်)

၁။ အပင်များ၏ အသုံးပြုပုံအမျိုးမျိုး၊ အရေးပါမှုနှင့် အပင်များ မည်ကဲ့သို့ ရှင်သန်သနည်းကို မိတ်ဆက်ပါ။

၂။ မည်သည့်နေရာတွင် အပင်များသည် မည်ကဲ့သို့ ရှင်သန်သနည်းဆိုသည်ကို ကျောင်းသားများအား မေးခွန်းထုတ်စေပြီး အုပ်စုလိုက်ဆွေးနွေးပွဲငယ်တစ်ခုဖန်တီးပြီး အပင်များ၏ အရေးကြီးသော အသုံးဝင်ပုံအချို့ကို စဉ်းစားခိုင်းပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏အတွေးအခေါ်များကိုဆွေးနွေးရန် အုပ်စုငယ်များဖြင့် လုပ်ဆောင်စေပြီး ၎င်းတို့၏ဆွေးနွေးပွဲများအကြောင်းကို စာရွက်ပေါ်တွင် ချရေးခိုင်းပါ။

၄။ အဖွဲ့အသီးသီးမှ ကိုယ်စားတစ်ယောက်စီအား ၎င်းတို့အဖွဲ့ တွေ့ရှိချက်များမှ ဥပမာအချို့ကို ပြောခိုင်းပြီး အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

၅။ ၎င်းတို့ပြောသည့်အချက်များကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်မှုကို ကူညီပံ့ပိုးပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့တစ်ဖွဲ့ချင်းစီမှ တင်ပြသော အချက်များထဲမှ တစ်ချက်ကို အဖွဲ့အသီးသီးအား နောက်ထပ်အသေးစိတ် ရှင်းပြခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤတုံ့ပြန်မှုများသည် အဆိုပါအုပ်စုများမှ ပေးသော အဖြေများပေါ်တွင် အဓိကမူတည်နေသည် - သို့သော်လည်း ထိုအဖြေများတွင် - အပင်များသည် ၎င်းတို့၏ပတ်ဝန်းကျင်ကိုလိုက်၍ ပြောင်းလဲသောကြောင့် အသက်ရှင်နိုင်သော ပတ်ဝန်းကျင်တိုင်းအားလုံးနီးပါးတွင်ရှိသည်။ အပင်များအား အဓိက အသုံးပြုမှုတစ်ခုမှာ လူသားများအတွက် အစားအစာဖြစ်သည်။ အပင်များ၏ အရေးကြီးဆုံး အရာများမှာ ကောက်ပဲသီးနှံများနှင့် အစေ့အဆန်များဖြစ်သည်။

## ၃.၁.၂။
## မျိုးစေ့များ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းကျောင်းသားများအား မျိုးစေ့နှင့် အညှောက်ပေါက်ခြင်းအကြောင်း သင်ကြားမှု အခြေခံစွမ်းရည်များကို သရုပ်ပြတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်း၊ အချို့မျိုးစေ့များအား အညှောက်ဖောက်ခြင်းအားဖြင့် အညှောက်ပေါက်ခြင်း အမျိုးအစားများကို စူးစမ်းလေ့လာခြင်း၊ အုပ်စုလိုက် တင်ပြခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** အညှောက်ပေါက်နေသော မျိုးစေ့များ ပါရှိပြီးသား ကြိုတင်ပြင်ဆင်ထားသည့် မျိုးစေ့ လင်ပန်းတစ်ခု။ ညွှန်ကြားမှုခေါင်းစဉ်နှင့် သင့်ကိုယ်သင် ရင်းနှီးကျွမ်းဝင်စေရန် ကျောင်းသားကိုင်စာအုပ်၏ သင့်လျော်သည့် အခန်းကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ မျိုးစေ့အညှောက်ပေါက်များ ပါရှိသော လင်ပန်း/ဘူး သို့မဟုတ် ပျိုးခင်းများ၊ မျိုးစေ့များ (ပဲပုပ်စေ့များ၊, ပဲနောက်စိမ်းအစေ့များ၊ ပဲလွန်းနှင့် ပဲစင်းငုံ အစေ့များ)

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း** (မိနစ် ၄၀)

၁။ မျိုးစေ့ဆိုသည်မှာ အဘာယ်နည်းနှင့် မျိုးစေ့တစ်စေ့၏ တည်ဆောက်ပုံတွင် ပါဝင်သည့် အစိတ်အပိုင်းများကို စာရင်းလုပ်ပြီး ဤသင်ခန်းစာအတွက် အဆိုပြုထားသော လုပ်ငန်းစဉ်များအား အုပ်စုလိုက် မိတ်ဆက်ဆွေးနွေးမှုတစ်ခု လုပ်ဆောင်ပါ။

၂။ လက်တွေ့လုပ်ဆောင်ရန် ကျောင်းသားများအား သင့်တော်သော အုပ်စုအရွယ်များခွဲပြီး မျိုးစေ့ အညှောက်ဖေါက်ထားသော လင်ပန်းများနှင့် မျိုးစေ့အချို့ကို ခွဲဝေပါ။

၃။ ကျောင်းသားများအား ၎င်းတို့ကို ဝေပေးထားသည့် ပဲအမျိုးအစားအမျိုးမျိုးကို လေ့လာ မှတ်သားခိုင်းပါ။ ၎င်းတို့တွင် ပဲ၏အမည်၊ အစေ့ပုံသဏ္ဍာန်နှင့် အစေ့အရောင်တို့ ပါဝင်သည်။

၄။ ကျောင်းသားများအား မျိုးစေ့အမျိုးမျိုးကို အညှောက်ဖောက် လင်ပန်းထဲသို့ ထားခိုင်းပြီး အညှောက်ဖောက်ခြင်းအတွက် မျိုးစေ့များကို ပြင်ဆင်ရန် ၎င်းတို့ကို ညွှန်ကြားပြီး ပံ့ပိုးကူညီပေးပါ။ (အမှန်တကယ် အညှောက်ပေါက်ခြင်းသည် ၂၄ နာရီနှင့် ၄၈ နာရီအကြား ကြာမြင့်သည်။)

၅။ မျိုးစေ့များ အညှောက်ဖေါက်ရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် အချက်အလက်အချို့ကို ကျောင်းသားများအားပေးပြီး သင်အညှောက်ဖောက်ထားပြီးသား ဖြစ်သည့် ကြိုတင်ပြင်ဆင်ထားသော မျိုးစေ့များဖြင့် ကျောင်းသားများအား တင်ပြပါ။

၆။ ကျောင်းသားများသည် ၎င်းတို့၏ အညှောက်ဖောက်လင်ပန်းများကို အောင်မြင်သော အညှောက်ဖောက်ခြင်း ဖြစ်စေရန် သင့်လျော်သော နေရာတစ်ခုတွင် ထားရှိလိမ့်မည်။ နောက်သင်ခန်းစာ အချို့တွင် ဤပဲစေ့များအညှောက်ဖောက်ထားသည့် လင်ပန်းများအား လေ့လာနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား မျိုးစေ့များအပင်ဖောက်သည့်အခါ စဉ်းစားရမည့် အရေးကြီး အချက်အလက်များ ပေးစေပြီးနောက် အဘယ့်ကြောင့် မျိုးစေ့များ အပင်မပေါက်နိုင်သနည်းဆိုသည့် အကြောင်းပြချက်များကို ဥပမာများပေးခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မျိုးစေ့များ အညှောက်ပေါက်ရန် လိုအပ်သည့် အောက်ပါအခြေအနေများကို ကျောင်းသားများအား ပံ့ပိုးသင့်သည်

- အပင်လောင်းသည် ရှင်သန်ရမည်ဖြစ်ပြီး အညှောက်ပေါက်နိုင်ရမည်။
- အပင်လောင်းသည် အမြုံမဖြစ်ရပါ။
- အစေ့များအပင်ပေါက်ရန် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေများ ရရှိရမည် (ရေ၊ အပူချိန်၊ လေဝင်လေထွက်၊ အလင်းရောင်)။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ခြုံငုံမိစေကြောင်း ကျောင်းသားများကို သတိပေးပါ။

- မူလတန်းကျောင်းသားများအား မျိုးစေ့များ၊ အညှောက်ပေါက်ခြင်းနှင့် အပင်များ အကြောင်း အခြေခံသင်ကြားမှုစွမ်းရည်များကို သရုပ်ပြတတ်မည်။

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ ဤသင်ခန်းစာသည် အောက်ပါ ဆရာတတ်ကျွမ်းမှုစံများကို ခြုံငုံထားကြောင်း ကျောင်းသားများကို သတိပေးပါ။ -

*(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

*(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။*

တတ်ကျွမ်းမှုကို သင်ခန်းစာအတွင်း မည်သို့ခြုံငုံထားသနည်းကို ရှင်းပြပါ။

၃။ သင်ခန်းစာအတွင်း သင်ယူသော အဓိကအချက်များကို ပြန်လည်စုစည်းပါ။

၄။ မျိုးစေ့များကို မည်သို့အညှောက်ဖေါက်သနည်းဆိုသည့် ညွှန်ကြားချက်ပေးရန် ကျောင်းသား တစ်ဦး သို့မဟုတ် နှစ်ဦးကို ရွေးချယ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မိမိကိုယ်ကို ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများကို မျိုးစေ့အမျိုးမျိုး အညှောက်ဖောက်ခြင်းအား သုတေသနလုပ်ဆောင်ရန်နှင့် မျိုးစေ့အမျိုးမျိုး အပင်ပေါက်ရန် လိုအပ်သည့် ပတ်ဝန်းကျင်များကို နှိုင်းယှဉ်ပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း ၁ - ဤအခန်းတွင် သင်ယူခဲ့သော အပင်အမျိုးအစားခွဲခြားမှုအမျိုးမျိုးကို စဉ်းစားပါ။ ထိုအကြောင်းအရာ အချက်အလက်သည် သင်နေထိုင်သည့် ပတ်ဝန်းကျင်ရှိ ရှင်သန်နေသည့် အပင်များအကြောင်း သင်သိရှိထားမှုနှင့် မည်သို့ ဆက်နွယ်နေသနည်း။

*အဖြေ - အဖြေများသည် ၎င်းတို့နေထိုင်သည့် ပတ်ဝန်းကျင်၏ ယခင်နားလည်မှုနှင့် အသိပညာပေါ်တွင် မူတည်ပြီး အမျိုးမျိုးဖြစ်နိုင်သည်။*

မေးခွန်း ၂ - မျိုးစေ့အမျိုးမျိုးနှင့် ထိုမျိုးစေ့များအား အညှောက်ဖောက်ခြင်းအတွေ့အကြုံပေါ် သင်သင်ယူခဲ့သည့် အချက်အလက်ကို စဉ်းစားကြည့်ပါ။ သင်နေထိုင်သည့် ပတ်ဝန်းကျင်တွင် မည်သည့်အပင်များကို မျိုးစေ့မှ စိုက်ပျိုးနိုင်သနည်း။ ထိုမျိုးစေ့များ အောင်မြင်စွာ အပင်ပေါက်လာမည်ကို မည်သည့်အရာက သေချာစေသနည်း။

*အဖြေ - အဖြေများသည် အမျိုးမျိုးကွဲပြားမည်ဖြစ်သော်လည်း ၎င်းတို့၏ပတ်ဝန်းကျင်ကို နားလည်မှုနှင့် အညှောက်ဖောက်နိုင်သော မျိုးစေ့အမျိုးအစားနှင့် ထိုအပင်များ ကြီးထွား အောင်မြင်မှုကို ထိုအရာက မည်သို့ လွှမ်းမိုးသနည်းဆိုသည်ကို နားလည်ခြင်းအား ပြသသင့် သည်။*

# ၃.၂။ မြေဆီလွှာများနှင့် ဓာတ်မြေသြဇာများအား မိတ်ဆက်ခြင်း

ဤအခန်းငယ်သည်အပင်များ အညှောက်ပေါက်ရာတွင် မြေဆီလွှာ၏ အရေးပါပုံကို ကျောင်းသားများအား မိတ်ဆက်ပေးမည်ဖြစ်ပြီး မြေဆီလွှာများအကြား ကွဲပြားမှုများ၊ မြေဆီလွှာကို မည်ကဲ့သို့ ဖွဲ့စည်းထားသနည်းနှင့် မတူညီသောအပင်အမျိုးမျိုးအတွက် မတူညီသောမြေဆီလွှာ အမျိုးမျိုးသည် အဘယ့်ကြောင့် ပိုမိုသင့်လျော်သနည်းဆိုသည့် အခြေခံရှင်းလင်းချက်တစ်ခု ပေးနိုင်မည်ဖြစ်သည်။

## ၃.၂.၁။ မြေဆီလွှာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြေဆီလွှာများ၊ အခြေခံ မြေဆီလွှာအမျိုးအစားများနှင့် မြေချဉ်ငန်ကိန်း၏ အရေးပါပုံကို ခွဲခြားသတ်မှတ်တတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရေးစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုလိုက်လုပ်ငန်း၊ ဆွေးနွေးခြင်း၊ မြေဆီလွှာ အမျိုးအစားအမျိုးမျိုးအား စူးစမ်းလေ့လာခြင်း၊ မြေဆီလွှာ၏ မြေချဉ်ငန်ကိန်းကို စမ်းသပ်ခြင်း၊ အုပ်စုလိုက် တင်ပြခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ဒေသအမျိုးမျိုးမှ စုဆောင်းထားသော မြေဆီလွှာအမျိုးမျိုး၊ သင့်ကိုယ်သင် ခေါင်းစဉ်နှင့် ရင်းနှီးကျွမ်းဝင်စေရန် ကျောင်းသားကိုင်စာအုပ်၏ သင့်လျော်သည့် အခန်းကို ဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ ကပ်၍ရသော စာရွက်ငယ်များ၊ မာကာဘောပင်များ၊ ပိုစတာစာရွက်၊ မြေဆီလွှာ၏ မြေချဉ်ငန်ကိန်း စမ်းသပ်သည့် ကိရိယာ။

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း** (၄၀ မိနစ်)

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ ယူထားသော ဤသင်ခန်းစာ၏ အဓိက သင်ယူမှု အချက်များနှင့် မိတ်ဆက်ပါ။

၂။ လက်တွေ့လုပ်ငန်းစဉ်ဆောင်ရွက်ရန် စာသင်ခန်းအား သင့်လျော်သည့်အရွယ် အုပ်စုငယ်များအဖြစ်ခွဲပါ။

၃။ အုပ်စုအသီးသီးအား ဒေသအမျိုးမျိုးမှ မြေဆီလွှာနမူနာများပေးပါ။

၄။ သရုပ်ပြမြေဆီလွှာကိုအသုံးပြုပြီး ကျောင်းသားများအား မြေဆီလွှာ သွင်ပြင်လက္ခဏာများကို မည်ကဲ့သို့ စစ်ဆေးရမည်ကို ပြသပါ။

၅။ အဆိုပါအုပ်စုများအား မြေဆီလွှာအမျိုးမျိုးအား စူးစမ်းဖော်ထုတ်စေပြီး ၎င်းတို့၏ ကနဦး တွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။ ကျောင်းသားကိုင်စာအုပ်ပါ အချက်အလက်သည် မြေဆီလွှာ သွင်ပြင်လက္ခဏာများကို ဆုံးဖြတ်ရာတွင် ကူညီပေးမည်ဖြစ်သည်။

၆။ အုပ်စုအသီးသီးအား မြေဆီလွှာ၏ မြေချဉ်ငန်ကိန်း စမ်းသပ်ကိရိယာတစ်ခုပေးပြီး မြေဆီလွှာအမျိုးမျိုး၏ မြေချဉ်ငန်ကိန်းကို တိုင်းတာခိုင်းကာ ၎င်းတို့၏ အဖြေများကို မှတ်တမ်းတင်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်းစဉ်အတွင်း ကျောင်းသားများ၏ အောင်မြင်မှု စစ်ဆေးအကဲဖြတ်ရန်အတွက် မြေဆီလွှာနမူနာအမျိုးမျိုးတွင် စိုက်ပျိုးနိုင်သည့် ကောက်ပဲသီးနှံအမျိုးအစားများကို အဆိုပါအုပ်စုများအား ဆုံးဖြတ်စေပါ။ အုပ်စုအသီးသီးသည် မြေဆီလွှာ အမျိုးမျိုးတွင် စိုက်ပျိုးနိုင်သည့် ကောက်ပဲသီးနှံ အမျိုးမျိုးအား စာရင်းပြုစုပြီး တစ်တန်းလုံးနှင့် ဆွေးနွေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် မြေဆီလွှာ၏ သွင်ပြင်လက္ခဏာများနှင့် မြေဆီလွှာ၏ မြေချဉ်ငန်ကိန်း အပေါ်တွင် အခြေခံကာ မြေဆီလွှာနမူနာ အသီးသီးတွင် စိုက်ပျိုးရမည့် ကောက်ပဲသီးနှံအမျိုးအစား အမျိုးမျိုးကို ဆုံးဖြတ်နိုင်သင့်သည်။ ဥပမာ- မြေချဉ်ငန်ကိန်း ၅ မှ ၆အတွင်းရှိ မြေဆီလွှာသည် မြေပဲစိုက်ပျိုးရန် သင့်လျော်သည်။ ကျောင်းသားများသည် မြေဆီလွှာ၏ သွင်ပြင်လက္ခဏာ များကို ဆုံးဖြတ်နိုင်သင့်ပြီး မြေပဲစိုက်ပျိုးရန် ထိုမြေဆီလွှာသည် အဘယ့်ကြောင့် သင့်လျော်သနည်းဆိုသည့် ၎င်းတို့၏ အယူအဆဖော်ပြနိုင်သင့်သည်။ ဥပမာ- ရွှံ့ထူသော မြေဆီလွှာသည် အပင်များကြီးထွားမှုကို ကန့်သတ်ထားသည့်အတွက် ပဲတောင့်ရှည်ပင်များ စိုက်ပျိုးရန် မသင့်လျော်ပေ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ရရှိစေမည် ဖြစ်ကြောင်း ကျောင်းသားများအား သတိပေးပါ။ -

- *မြေဆီလွှာများ၏ အရေးကြီးပုံ၊ အခြေခံမြေဆီလွှာအမျိုးအစားများနှင့် မြေဆီလွှာ၏ မြေချဉ်ငန်ကိန်းကို ခွဲခြားသတ်မှတ်တတ်မည်။*

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ အဆိုပါသင်ခန်းစာသည် အောက်ပါ ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ ကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေးပါ။

- *(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*
- *(ခ) (၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။*

တတ်ကျွမ်းမှုကို ဤသင်ခန်းစာအတွင်း မည်သို့ခြုံငုံထားသည်ကို ရှင်းပြပါ။

၃။ သင်ခန်းစာအတွင်း သင်ယူသော အဓိကအချက်များကို ပြန်လည်စုစည်းပါ။

၄။ မြေဆီလွှာအပေါ်ဆုံးမျက်နှာပြင်အလွှာနှင့် အပေါ်ဆုံးမျက်နှာပြင်အောက်ရှိ မြေဆီလွှာ အကြား ကွဲပြားခြားနားမှု သတင်းအချက်အလက်များကိုပေးရန် ကျောင်းသား တစ်ဦး သို့မဟုတ် နှစ်ဦးကို ရွေးချယ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မိမိကိုယ်ကို ယုံကြည်မှုနည်းသော ကျောင်းသားများအား မြေဆီလွှာတွင် ပါဝင်သည့်အရာများ ပုံတစ်ပုံ ရေးဆွဲစေပြီး မြေဆီလွှာအမျိုးအစား အမျိုးမျိုးအကြောင်း ၎င်းတို့ နားလည်ရန် အဆိုပါပုံကို အသုံးပြုပြီး ကူညီပေးပါ။

## ၃.၂.၂။ ဓာတ်မြေသြဇာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အပင်များအတွက် အာဟာရများ၊ မြေသြဇာအမျိုးမျိုးနှင့် အသုံးချမှုနည်းလမ်းများကို ရှင်းပြတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှု နည်းလမ်းများ။** အုပ်စုဖွဲ့လုပ်ငန်း၊ ဆွေးနွေးခြင်း၊ ဖြစ်နိုင်ပါက အနီးနားရှိ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးဆိုင်သို့ သွားရောက်လေ့လာခြင်း၊ အုပ်စုဖွဲ့ တင်ပြခြင်း။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** ကိုယ်တိုင် အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိထားစေရန် ကျောင်းသားကိုင်စာအုပ်မှ သက်ဆိုင်ရာအခန်းကို ဖတ်ထားပါ။ ဒေသတွင်းရှိ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါး အရောင်းဆိုင်သို့ သွားရောက်နိုင်ရန် စီစဉ်ထားပါ။ သို့မဟုတ်၊ ထိုသို့သွားရောက်ရန် မဖြစ်နိုင်ပါက အတန်းထဲတွင် စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများကို ကြည့်ရှုနိုင်ရန် စီစဉ်ထားပါ။ ထိုသို့ပြုလုပ်ရန်လည်း မဖြစ်နိုင်ပါက ဈေးဆိုင်တွင် ရရှိနိုင်သော စိုက်ပျိုးရေးသုံးဓာတုဆေးဝါး ပုံများကို စီစဉ်ထားပါ။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ ဓာတ်မြေသြဇာအမျိုးမျိုး သို့မဟုတ် ဓာတ်မြေသြဇာ ဓာတ်ပုံများ။

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုဖွဲ့လုပ်ငန်း** (၄၀ မိနစ်)

၁။ သင်ခန်းစာ၏ အဓိက သင်ကြားသင်ယူမှု အချက်အလက်များကို ကျောင်းသားကိုင်စာအုပ်မှ ထုတ်နုတ်ရယူ၍ မိတ်ဆက်ပါ။

၂။ အတန်းသားများကို လက်တွေ့ လုပ်ငန်းလုပ်ဆောင်ရန် သင့်တော်သည့် အရေအတွက်ဖြင့် အုပ်စုအဖွဲ့ငယ်လေးများခွဲပါ။

၃။ မြေသြဇာ အမျိုးမျိုးကို စူးစမ်းလေ့လာရန် အတန်းသားများကို အနီးနားရှိ စိုက်ပျိုးရေးသုံး ဆေးအရောင်းဆိုင်သို့ သွားရောက်လေ့လာရန် စီစဉ်ပါ။ မဖြစ်နိုင်ပါက အတန်းတွင်းစီစဉ်ထားသော မြေသြဇာ နမူနာများ၊ သို့မဟုတ် မြေသြဇာများ၏ ရုပ်ပုံများပြသပါ။ မြေသြဇာဓာတ်ပုံများကို အင်တာနက်မှ သော်လည်းကောင်း၊ စိုက်ပျိုးရေးသုံးဆေးအရောင်းဆိုင်များတွင် ဓာတ်ပုံ ရိုက်ယူ၍ သော်လည်းကောင်း ရရှိနိုင်သည်။

၄။ အုပ်စုများအတွင်း မြေသြဇာအမျိုးမျိုးအကြောင်းဆွေးနွေးရန်ပြောပါ။ ထို့နောက် မြေသြဇာ အမျိုးအစားများစာရင်းတစ်ခု ပြုလုပ်ရေးဆွဲပါစေ။ ထိုစာရင်းကို ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော အမျိုးအစားများပေါ်တွင် အခြေခံပြုစုရမည်။

- အော်ဂဲနစ် မြေသြဇာ၊ အော်ဂဲနစ်မဟုတ်သော မြေသြဇာ။
- ပါဝင်ပစ္စည်းတစ်မျိုးတည်းပါဝင်သော မြေသြဇာ၊ ပြည့်စုံသော မြေသြဇာ၊ ရောစပ်ထားသော မြေသြဇာ၊ ဒြပ်နှောဓာတ်မြေသြဇာ။

၅။ ကျောင်းသားများက စာရင်းပြုစုပြီးလျှင် မြေသြဇာများ၏ မတူညီသော ဂုဏ်သတ္တိများကို အဖွဲ့အတွင်း ဆွေးနွေးပါစေ၊ သူတို့ တင်ပြခဲ့သော မြေသြဇာအမျိုးအစား အမျိုးမျိုးနှင့် ပတ်သက်၍ သဘောတူညီမှုရှိကြောင်း သေချာအောင်မေးပါ။

၆။ မြေသြဇာအသုံးပြုပုံနည်းလမ်းအမျိုးမျိုးကို ဖော်ပြ၊ သရုပ်ပြပြီးနောက် အသုံးပြုပုံနည်းလမ်းများသည် စိုက်ပျိုးသီးနှံနှင့် မြေသြဇာအမျိုးအစားပေါ်မူတည်၍ ပြောင်းလဲကြောင်း ရှင်းပြပြီး သင်ခန်းစာကို အဆုံးသတ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုတစ်ခုစီကို မြေသြဇာတစ်မျိုး အတွက် တာဝန်ပေးပါ။ အဖွဲ့အား ထိုမြေသြဇာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို စာရင်းပြုစုရေးသားရန်နှင့် အတန်းတွင်းပြန်လည် တင်ပြရမည် ဖြစ်ကြောင်း ပြောပါ။ ဤလုပ်ငန်းကို ပြည့်စုံစွာ ပြုလုပ်နိုင်စေရန် လိုအပ်သော အချက်အလက်များကို ကျောင်းသားကိုင်စာအုပ်တွင် တွေ့ရှိနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖွဲ့တစ်ခုခြင်းစီသို့ တာဝန်ပေးထားသော မြေသြဇာကိုလိုက်၍ အဖြေအမျိုးမျိုး ရရှိနိုင်သည်။ သို့သော် ဥပမာအားဖြင့် အော်ဂဲနစ်မဟုတ်သော ဒြပ်ပစ္စည်းတစ်မျိုးသာပါဝင်သော မြေသြဇာကို သုံးသပ်ရသည့် အဖွဲ့သည် နိုက်ထရိုဂျင်၊ ဖော့စဖောရပ် သို့မဟုတ် ပိုတက်စီယမ်နှင့်ပြုလုပ်ထားသည်၊ အပင်များအတွက် အာဟာရကို တိုက်ရိုက်ပေးနိုင်သည့် အကျိုးကျေးဇူးရှိသည်၊ စသည်ဖြင့် သုံးသပ်ထားနိုင်သည်။ သို့သော်လည်း မြေသြဇာအလွန်အကျွံ အသုံးပြုခြင်း၊ များလွန်းခြင်းတို့ကြောင့် မြေဆီလွှာကို ပျက်စီးစေသည်၊ ဂေဟစနစ်ကို ပျက်ယွင်းစေနိုင်သည် စသည့် ဆိုးကျိုးအချို့ကိုလည်း ဖော်ပြနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀မိနစ်)

၁။ သင်ခန်းစာသည် အောက်တွင်ဖော်ပြထားသည့် မျှော်မှန်းထားသောသင်ယူမှု ရလဒ်များကို ချိန်ညှိုင်းမိကြောင်းပြန်လည်သတိပေးပါ။

- *အပင်များအတွက် အာဟာရများ၊ မတူညီသော မြေသြဇာ အမျိုးအစားများနှင့် အသုံးပြုပုံ နည်းလမ်းများကို ရှင်းပြတတ်မည်။*

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ သင်ခန်းစာသည်အောက်ပါ တတ်ကျွမ်းမှု စံသတ်မှတ်ချက် ကို ခြုံငုံမိကြောင်း ကျောင်းသားများပြန်လည် သတိပေးပါ။

*(က) (၅.၁.) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

*(ခ) (၁.၁)ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။*

သင်ခန်းစာ သင်ကြားနေစဉ်အတွင်း တတ်ကျွမ်းမှု များကို မည်သို့ ခြုံငုံမိကြောင်း ရှင်းပြပါ။

၃။ သင်ခန်းစာမှ အဓိက အချက်များကို ပြန်လည် စုစည်းပါ။

၄။ မည်သည့် သီးနှံအတွက် မည်သည့်မြေသြဇာသည် အဘယ်ကြောင့် အသင့်တော်ဆုံး ဖြစ်ကြောင်း ရွေးချယ်ဆုံးဖြတ်ပုံကို သင်ကြားပို့ချမှု ပြုလုပ်ရန် ကျောင်းသားတစ်ယောက်၊ နှစ်ဦးကို ရွေးချယ်ပါ။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၁။** သီးနှံများကိုလိုက်၍ မြေသြဇာအသုံးပြုပုံနည်းလမ်းက သီးနှံများအပေါ် သက်ရောက်ပုံနှင့် အသုံးပြုပုံနည်းလမ်းများ သီးခြားလိုအပ်သော သီးနှံအမျိုးမျိုး၏ စာရင်း၊ အဘယ်ကြောင့် ထိုသို့ ပြုလုပ်ရပုံတို့ကို ပိုမိုအသေးစိတ် ရှာဖွေဖော်ထုတ်ရန် ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများကို မေးမြန်းပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း၁- အပင်များ ရှင်သန်ကြီးထွားရန် အဘယ့်ကြောင့် မြေသြဇာ လိုအပ်ပါသနည်း။

*ဖြေ- အပင်များသည် အောက်စီဂျင်၊ ဟိုက်ဒရိုဂျင်၊ ကာဗွန်နှင့် နိုက်ထရိုဂျင် ဓါတ်များကို ရေနှင့်လေမှ ရယူကြသည်။ ထို့ပြင် ဖော့စဖောရပ်၊ ပိုတက်စီယမ် စသည့် နောက်ထပ် အာဟာရဓါတ်များလည်း လိုအပ်သည်။ ၎င်းတို့ကို အပင်များအဓိကလိုအပ်သော အဟာရများဟု သတ်မှတ်ထားသည်။ ကယ်လစီယမ်၊ မဂ္ဂနီစီယမ်နှင့် ဆာလ်ဖာ (ကန့်) တို့ကိုလည်း ဒုတိယတန်းစား အဟာရများအဖြစ် လက်ခံထားသည်။ ဘိုရွန်၊ ကလိုရင်း၊ ကြေးနီ၊ သံ၊ မန်းဂနိ၊ မိုလစ်ဒီနမ်၊ နှင့် သွပ် (ဇင့်) ဓါတ်များသည်လည်း အဏုဇီဝ အဟာရများ သို့မဟုတ် အနည်းငယ်မျှလိုအပ်သော ဒြပ်များဖြစ်သည်။ အပင်အမျိုးမျိုးတွင် အဟာရလိုအပ်ချက် အမျိုးမျိုးရှိကြပြီး၊ မြေသြဇာဆိုသည်မှာ အပင်များကို အာဟာရဓာတ်ပေးနိုင်ရန် ရည်ရွယ်ချက်၍ အရွက်များကို ပက်ဖျန်းရန်နှင့် မြေဆီလွှာအတွင်းထည့်သွင်းရန် အဓိကပါဝင်သည့် ဓာတ်သတ္တုအဟာရများ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်သော ဒြပ် သို့မဟုတ် ဒြပ်နှော များ၏ အများခေါ်အမည်များ ဖြစ်သည်။*

မေးခွန်း ၂။ မည်သည့်မြေသြဇာ အသုံးပြုရမည်ကို ဆုံးဖြတ်ပေးသော အကြောင်းရင်းများမှာ အဘယ်နည်း။

*ဖြေ- မြေသြဇာရွေးချယ်ရသည့် အကြောင်းရင်းများစွာ ရှိသည်။ အရေးအကြီးဆုံးမှာ အပင်က မည်သည့် အဟာရလိုအပ်နေသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ အော်ဂဲနစ်မြေသြဇာဖြစ်စေ၊ အော်ဂဲနစ်မဟုတ်သော မြေသြဇာဖြစ်စေ အသုံးပြုရန် ရွေးချယ်ရာတွင် ထိုမြေသြဇာနှစ်မျိုးမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများပေါ်တွင် များစွာမူတည်သည်။ ကုန်ကျစရိတ်၊ လက်လှမ်းမီသုံးစွဲနိုင်မှုနှင့် သုံးစွဲသည့် အစဉ်အလာတို့ သည်လည်း ထည့်သွင်းစဉ်းစားရမည့် အရေးကြီးအချက်များဖြစ်သည်။*

# ၃.၃။ အပင်မျိုးပွားခြင်း

ဤအခန်းငယ်တွင် ဝတ်မှုန်ကူး/အစေ့မှပေါက်၍ မျိုးပွားမှုဖြစ်စေ၊ အခြားမျိုးပွားခြင်းအားဖြင့်ဖြစ်စေ အပင်အရေအတွက် တိုးပွားစေသော လုပ်ငန်းစဉ်များကို မိတ်ဆက်ပေးမည်ဖြစ်သည်။ ဤအခန်းတွင် သဘာဝအားဖြင့် မျိုးပွားခြင်း သို့မဟုတ် လူကဖန်တီးသော မျိုးပွားခြင်းတို့ ပြုလုပ်ပုံနည်းလမ်းများကို ရှင်းလင်းတင်ပြထားပြီး မြေထုပ်စည်းခြင်းလုပ်ငန်းစဉ်အသေးစိတ်ကိုလည်း ရှင်းလင်းတင်ပြထားသည်။

## ၃.၃.၁။ အပင်များမျိုးပွားခြင်းကို နားလည်ခြင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အပင်မျိုးပွားခြင်းအကြောင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်းဖြင့် အချို့အပင်များကို မည်သို့မျိုးပွားသည်ဆိုသည်ကို ရှင်းပြတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှု နည်းလမ်းများ။** အုပ်စုဖွဲ့လုပ်ငန်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ဆောင်မှု

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ရှင်သန်နေသော အပင်များ (မာလကာ၊ ရွက်လှ၊ ရောက်ပင်)၊ အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ကျောင်းသားကိုင်စာအုပ်မှ သက်ဆိုင်ရာအခန်းကို ဖတ်ရှုထားခြင်း

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ မျိုးပွားရေးကိရိယာများ (ကိုင်းကူးဓါး၊ ကိုင်းဖြတ်ကတ်ကြေး၊ ပလတ်စတစ်အိပ်များနှင့် ကြိုးများ)

**သင်ယူမှုလုပ်ငန်း ၁။ အုပ်စုဖွဲ့လုပ်ငန်း(၅၀ မိနစ်)**

၁။ ကျောင်းသားကိုင်စာအုပ်မှ ထုတ်ယူထားသော သင်ခန်းစာ၏ အဓိကအချက်များကို မိတ်ဆက်ပါ။

၂။ အတန်းကို လက်တွေ့လုပ်ငန်းများလုပ်ဆောင်နိုင်ရန် သင့်တော်သော အုပ်စုငယ်ကလေးများ ခွဲ၍ ဖွဲ့စည်းပါ။

၃။ ကျောင်းသားများစောင့်ကြည့်လေ့လာနိုင်ရန် မြေထုပ်စည်းခြင်းနည်းလမ်းကို ဦးစွာ လုပ်ပြပါ။ ထိုသို့ လုပ်ပြနေစဉ် အဆင့်တစ်ခုချင်းစီကို ရှင်းပြပြီး အဘယ့်ကြောင့် ဤသို့ အဆင့်တစ်ခုချင်းစီ ပြုလုပ်ရကြောင်း မိတ်ဆက်ပြောကြားပါ။

၄။ သူတို့ လေ့လာထားသော လုပ်ငန်းစဉ်ကို ရှင်းပြရန်နှင့် သရုပ်ပြထားသော နည်းလမ်းတွင် အဆင့်တစ်ခုချင်းစီကို လုပ်ဆောင်ရသည့် အကြောင်းရင်းကို ရှင်းပြရန် ကျောင်းသားများအား မေးမြန်းပြီး ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ဆွေးနွေးခြင်း ပြုလုပ်ပါ။

၅။ အဖွဲ့တစ်ခုစီအတွက် ပေးထားသည့် အပင်ကို အသုံးပြု၍ မြေထုပ်စည်းမျိုးပွားခြင်းကို လက်တွေ့လုပ်ဆောင်ပါစေ။ ကျောင်းသားတစ်ဦးစီတိုင်းကို မြေထုပ်စည်းခြင်းလုပ်ငန်းတွင် ပါဝင်ပါစေ၊ အဖွဲ့တစ်ခုစီသည် သင်ကြားပို့ချထားပုံအတိုင်း လိုက်ပါလုပ်ဆောင်ကြောင်းသေချာစေရန် လိုက်လံကြည့်ရှု ကူညီပေးပါ။

၆။ ကျောင်းသားများကို အကူအညီဖြစ်စေရန် ကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော သင်ကြားပို့ချမှုကို အသုံးပြုရန် သတိပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ခန်းစာကို စစ်ဆေးအကဲဖြတ်ရာတွင် သင်ကြားသင်ယူမှုကို ကောင်းစွာ လက်တွေ့ အသုံးချနိုင်ခြင်းဖြင့် အကဲဖြတ်သည်။ အဖွဲ့တစ်ဖွဲ့စီသည် သူတို့၏ အပင်များတွင် မြေထုပ်စည်းခြင်းကို ပြည့်စုံပြီးမြောက်အောင် ပြုလုပ်ထားကြောင်း ပြသနိုင်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤစစ်ဆေးအကဲဖြတ်ချက်သည် သင်ယူမှုကို လက်တွေ့အသုံးချခြင်းဖြစ်၍ ဖြစ်နိုင်ခြေရှိသော ကျောင်းသားများ၏ အဖြေများကို ထည့်သွင်းစဉ်းစားရန် မလိုချေ။ သို့သော် လုပ်ငန်းလုပ်ဆောင်နေစဉ် ကျောင်းသားများ မေးမြန်းသော မေးခွန်းများကို ဖြေကြားပေးရန် လိုသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ ဤသင်ခန်းစာမှ အောက်ပါ မျှော်မှန်းထားသည့်သင်ယူမှုရလဒ်များကို ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *အပင်မျိုးပွားခြင်းအကြောင်းနှင့် မြေထုပ်စည်းခြင်းနည်းလမ်းဖြင့် အချို့အပင်များ မည်သို့ မျိုးပွားသည် ဆိုသည်တို့ကို ရှင်းပြတတ်မည်။*

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင်ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ သင်ခန်းစာက အောက်ပါ တတ်မြောက်မှု စံနှုန်းများကို ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *(က)(၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်းပြသသည်။*

- *(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။*

သင်ခန်းစာသင်ကြားနေစဉ်အတွင်း တတ်မြောက်မှုကို မည်သို့ခြုံငုံမိကြောင်း ရှင်းပြပါ။

၃။ သင်ခန်းစာ သင်ကြားနေစဉ်အတွင်း သင်ယူမှု၏ အဓိက အချက်များကို ပြန်လည် စုစည်းပါ။

၄။ ဝတ်မှုံကူး/ အစေ့မှ ပေါက်၍ မျိုးပွားခြင်းနှင့် ပင်ပိုင်း မျိုးပွားခြင်း နှစ်မျိုး၏ ကွာခြားချက်များနှင့် ပတ်သက်သည့် အချက်အလက်များ တင်ပြရန် ကျောင်းသားတစ်ယောက်၊ နှစ်ယောက်ကို ရွေးချယ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန် နှင့် လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** လူက ဖန်တီးသော ပင်ပိုင်း မျိုးပွားခြင်း ပုံစံအမျိုးမျိုး နှင့်ပတ်သက်၍ (မြေထုပ်စည်းခြင်းနှင့် ကိုင်းဖြတ်ခြင်းမပါ) နောက်ထပ် သုတေသနများပြုလုပ်ရန် ပိုမိုယုံကြည်ချက်ရှိသော ကျောင်းသားများကို လုပ်ဆောင်စေပါ။ အမျိုးမျိုးသော နည်းလမ်းများနှင့် အသုံးပြုပုံတို့ကို နားလည်အောင် စမ်းသပ်လုပ်ဆောင်ကြည့်စေပါ။

# ၃.၃.၂။
# ကိုင်းဖြတ်နည်းဖြင့် အပင်များမျိုးပွားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကိုင်းဖြတ်မျိုးပွားခြင်းအကြောင်းကို ရှင်းပြနိုင်ပြီး အချို့သော အပင်များကို ပင်စည်ဖြတ်ခြင်း နည်းလမ်းဖြင့် မျိုးပွားတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်း။** အုပ်စုဖွဲ့လုပ်ငန်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ငန်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** မျိုးပွားခြင်း ပစ္စည်းကိရိယာများ (အောက်တွင် ကြည့်ပါ)၊ အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ကျောင်းသားကိုင်စာအုပ်မှ သက်ဆိုင်ရာ အခန်းကို ဖတ်ထားရန်။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ မျိုးပွားခြင်းကိရိယာများ (ကိုင်းဖြတ်ဓါး၊ ကိုင်းဖြတ်ကတ်ကြေး၊ ပလတ်စတစ်အိတ်များနှင့် ကြိုးများ)၊ သဲ၊ အပင်စိုက်ရန် ပန်းအိုး သို့မဟုတ် သေတ္တာငယ်၊ အပင်များ (စက္ကူပန်းပင်၊ နှင်းဆီပင်၊ စံပယ်ပင်၊ ဖော်ဂက်မီနော့ပန်းပင်)

## သင်ယူမှု လုပ်ငန်း ၁။ အုပ်စုဖွဲ့လုပ်ငန်း (၄၀ မိနစ်)

၁။ ကျောင်းသားများကို ကျောင်းသားကိုင်စာအုပ်မှ ထုတ်နုတ်ရယူထားသည့် သင်ခန်းစာ၏ အဓိက သင်ယူရမည့် အချက်များကို မိတ်ဆက်ပါ။

၂။ လက်တွေ့လုပ်ငန်းများလုပ်ဆောင်နိုင်စေရန်အတွက် အတန်းကို သင့်တော်သည့် အဖွဲ့ငယ်များအဖြစ် ဖွဲ့စည်းရန် စီစဉ်ပါ။

၃။ ကျောင်းသားများစောင့်ကြည့် လေ့လာနိုင်ရန်အတွက် ကိုင်းဖြတ်မျိုးပွားခြင်းကို လက်တွေ့ သရုပ်ပြပါ။ အဆင့်တစ်ဆင့်စီကို ရှင်းပြပြီး အဆင့်တစ်ဆင့်စီတိုင်းအတွက် လုပ်ဆောင်ရသည့် အကြောင်းရင်းများကို နိဒါန်းပျိုးပါ။

၄။ သူတို့ စောင့်ကြည့်လေ့လာခဲ့သည့် လုပ်ငန်းစဉ်ကို သူတို့ကိုယ်ပိုင်စကားလုံးများဖြင့် ရှင်းပြရန်၊ သရုပ်ပြခဲ့သည့် နည်းလမ်းတွင် အဆင့်တစ်ခုခြင်းစီကို လုပ်ဆောင်ရန် လိုအပ်သည့် အကြောင်းရင်းကို ရှင်းပြရန် မေးခြင်းဖြင့် ကျောင်းသားများနှင့်အတူ အဖွဲ့လိုက်ဆွေးနွေးခြင်းကို ဆက်လက်လုပ်ဆောင်ပါ။

၅။ သူတို့အတွက် ပေးထားသော အပင်များကို ကိုင်းဖြတ်မျိုးပွားခြင်းကို အဖွဲ့လိုက် လက်တွေ့လုပ်ဆောင်ခိုင်းပါ။ လုပ်ငန်းစဉ်အတွင်း ကျောင်းသားတိုင်းပါဝင်ပါစေ။ အဖွဲ့တစ်ခုစီတိုင်းသည် သင်ကြားပို့ချထားသည့်အတိုင်း လိုက်နာလုပ်ဆောင်ခြင်းရှိစေရန် လေ့ကျင့်ခန်းကို ကူညီပံ့ပိုးပါ။ အထောက်အကူဖြစ်စေရန်အတွက် ကျောင်းသားကိုင် စာအုပ်တွင်ပါရှိသည့် သင်ကြားပို့ချချက်များကို အသုံးပြုရန် သတိပေးနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ခန်းစာကို စစ်ဆေး အကဲဖြတ်ခြင်း သည် သင်ယူမှုကို အောင်မြင်စွာ လက်တွေ့အသုံးချနိုင်ခြင်း မှတစ်ဆင့်ပြုလုပ်ရာ အဖွဲ့တစ်ဖွဲ့စီသည် သူတို့၏ အပင်များ မြေထုပ်စည်းခြင်းကို ပြည့်စုံပြီးမြောက်စွာ လက်တွေ့ သရုပ်ပြနိုင်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤအကဲဖြတ်စစ်ဆေးခြင်သည် လက်တွေ့အသုံးချမှုပေါ်တွင် ပြုလုပ်ခြင်းဖြစ်သဖြင့် ကျောင်းသားများ၏အဖြေကို ထည့်သွင်းစဉ်းစားရန် မလိုပါ။ သို့သော် လုပ်ငန်းလုပ်ဆောင်နေစဉ် ကျောင်းသားများ မေးမြန်းလာသော မေးခွန်းများကို ဖြေကြားရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ဤသင်ခန်းစာမှ အောက်ပါ မျှော်မှန်းထားသည့်သင်ယူမှုရလဒ်များကို ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *ကိုင်းဖြတ်မျိုးပွားခြင်း ဆိုသည်ကို ရှင်းပြတတ်မည်ဖြစ်ပြီး အချို့သော အပင်များကို ပင်စည်ကိုင်းဖြတ် မျိုးပွားခြင်းနည်းလမ်းဖြင့် မျိုးပွားတတ်မည်။*

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ သင်ခန်းစာသည် အောက်ပါ တတ်ကျွမ်းမှုစံနှုန်းများကို ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *(က)(၅.၁) အတန်း (အဆင့်) တစ်ခုစီတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်းပြသသည်။*
- *(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။*

သင်ခန်းစာသည် တတ်မြောက်မှု ကို မည်သို့ ခြုံငုံမိကြောင်းရှင်းပြပါ။

၃။ ကျောင်းသားများအား သင်ယူခဲ့သော သင်ခန်းစာ၏ အဓိကအချက်များကို ပြန်လည် စုစည်းပါ။

၄။ ကျောင်းသားအဖွဲ့တစ်ဖွဲ့စီကို အပင်တမျိုးစီပေးပြီး လုပ်ငန်းတာဝန်ပေးပါ။ ထိုအပင်ကို ကိုင်းဖြတ်မျိုးပွားခြင်းပြုလုပ်နိုင်ရန်အတွက် လိုအပ်သောအသေးစိတ်အချက်အလက်များကို ရှာဖွေရန် ပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ယုံကြည်ချက်ပိုရှိသော ကျောင်းသားများကို ကိုင်းဖြတ်မျိုးပွားခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ရေးဆွဲစေပြီး ကျောင်းသားတစ်ဦးအား အချက်အလက်များကို တင်ပြစေခြင်းအားဖြင့် ယုံကြည်ချက်နည်းသော ကျောင်းသားများကို ကူညီပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း ၁- အဘယ့်ကြောင့် မှန်ကန်သော အမြစ်တွယ်အလွှာကို ရွေးချယ်ရမည်နည်း။

*ဖြေ- အချိန်တိုအတွင်းအမြစ်တွယ်မှု အကောင်းဆုံးဖြစ်စေရန်အတွက် အမြစ်တွယ်အလွှာကို မှန်ကန်စွာရွေးချယ်ရန် အရေးကြီးသည်။ အမြစ်တွယ်အလွှာကို ပိုးသတ်ထားရမည်။ မြေသြဇာ လျော့ချထားရမည်။ အောက်စီဂျင်လုံလောက်စွာရရှိနိုင်ရန် ကောင်းစွာ စစ်ယူနိုင်ရမည်။ ရေပြတ်လပ်မှုမရှိစေရန် အစိုဓါတ်ကို ထိန်းသိမ်းထားနိုင်ရမည်။*

မေးခွန်း ၂ - ကိုင်းဖြတ်ရာတွင် အဘယ်ကြောင့် အနည်းဆုံး အဆစ်နှစ်ခုပါရန်လိုအပ်ပါသနည်း။

*ဖြေ- ကိုင်းဖြတ်တစ်ခုတွင် အနည်းဆုံး အဆစ်နှစ်ခုပါရမည်။ အဆစ်တစ်ခုမှာ အမြစ်ထွက်ရန်ဖြစ်ပြီး နောက်တစ်ခုမှာ အစို့ထွက်ရန်ဖြစ်သည်။ ကိုင်းဖြတ်များ ဖြတ်ရာတွင် အနိမ့်ဆုံး အဖူး၏ ဆန့်ကျင်ဘက်တွင် ခပ်စောင်းစောင်းဖြတ်ပြီး ကျန်တဖက်ကို အပေါ်ဆုံးအဖူး၏ အထက် ၁ စင်တီမီတာမှ ၂.၅ စင်တီမီတာအတွင်း ဝင်ရိုးကိုထောင့်မှန်ကျကျ အတည့်ဖြတ်ခြင်းအားဖြင့် ဖြောင့်တန်းအောင် ပြုလုပ်သည်။ မတူညီသော ဖြတ်တောက်မှုများ သည် ကိုင်းဖြတ်၏ အထက်အောက် အစွန်းများကို မှတ်သားရန် လွယ်ကူစေသည်။ အောက်ခြေခပ်စောင်းစောင်းဖြတ်ထားခြင်းအားဖြင့် အမြစ်ထွက်ရမည့် ဧရိယာပိုမိုရရှိစေပြီး အလွှာအတွင်းသို့အလွယ်တကူ ထိုးစိုက်နိုင်သည်။ အပေါ်ဖြတ်သည် ရောဂါကူးစက်ခြင်းနှင့် အငွေ့ပျံခြင်းကို လျော့ချပေးသည်။*

မေးခွန်း ၃။ ကိုင်းဖြတ်စိုက်ပျိုးခြင်းကို မျိုးပွားခြင်းနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခြင်း၏ အားသာချက်များမှာ အဘယ်နည်း။

*ဖြေ။ ကိုင်းဖြတ်မျိုးပွားခြင်း၏ အားသာချက်များမှာ အောက်ပါတို့ ပါဝင်သည်။ အပင်အနည်းငယ်ရှိရုံဖြင့် အပင်သစ်များစွာကို နေရာလွတ်အနည်းငယ်အတွင်း စတင်ပွားယူနိုင်သည်။ ကုန်ကျစရိတ်များ၊ လျှင်မြန်သည်၊ ရိုးရှင်းသည်။ အဖူးထုတ်ခြင်း၊ ကိုင်းဆက်ခြင်းတို့တွင်ကဲ့သို့ အထူးကျွမ်းကျင်မှု မလိုအပ်ပါ။ ပင်ပွားမျိုးဆက် အံဝင်ခွင်ကျမှု ပြဿနာမရှိ။ မိခင်အပင်သည် မျိုးရိုးဗီဇပြောင်းလဲမှုမရှိဘဲ မျိုးပွားနိုင်သည်။*

# ၃.၄။ အင်းဆက် ဖျက်ပိုးများ၊ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

ဤအခန်းငယ်တွင် အင်းဆက်ဖျက်ပိုးများအကြောင်းနှင့် ရောဂါများအကြောင်းတို့ကို မိတ်ဆက်တင်ပြမည် ဖြစ်သည်။ ကျောင်းသားများသည် အင်းဆက်များကြောင့် အပင်များရရှိသည့် အကျိုးကျေးဇူးများနှင့် အင်းဆက်များကြောင့် အပင်များတွင် ထိခိုက်ပျက်စီးနိုင်မှုများ အကြောင်းကို သင်ယူရမည် ဖြစ်သည်။ ဖျက်ပိုး ကာကွယ်နှိမ်နင်းခြင်းနှင့်ပတ်သက်၍ ပုံမှန်နည်းလမ်းများ၊ ဓာတုနည်းလမ်းများ၊ ဇီဝနည်းလမ်းများကို မိတ်ဆက်ပေးသွားမည်ဖြစ်သည်။ ဤအခန်းသည် သင်ခန်းစာတစ်ခုတည်းပါဝင်သောကြောင့် အပင်များကိုထိခိုက်စေသည့် အပင်ရောဂါများအကြောင်း သင်ခန်းစာကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသည်။ ဤသင်ခန်းစာတွင် ကျောင်းသားများအနေဖြင့် စိတ်ဝင်စားပါက ရောဂါလက္ခဏာများနှင့် ပုံမှန်နည်းလမ်းများ၊ ဓာတုနည်းလမ်းများ၊ ရုပ်ဂုဏ်သတ္တိနည်းလမ်းများအပါအဝင် ရရှိနိုင်သည့် ရောဂါကာကွယ်နှိမ်နင်းနည်း အမျိုးမျိုးကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

## ၃.၄.၁။ အင်းဆက်ဖျက်ပိုးများ နှင့် ကာကွယ်နှိမ်နင်းနည်းများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အင်းဆက်များ ၏ သဘောသဘာဝ နှင့် ၎င်းတို့ကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုကို သိရှိမှတ်သားတတ်မည်။
- အင်းဆက်ကာကွယ်နှိမ်နင်းနည်းများကို ဖော်ပြတတ်မည်။
- စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းလမ်းများကို စူးစမ်းလေ့လာတတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် ၅၀ ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ။** အုပ်စုဖွဲ့လုပ်ငန်း၊ ဆွေးနွေးခြင်း၊ လယ်ယာစိုက်ခင်းများသို့ ကွင်းဆင်းသွားရောက်ခြင်း၊ သို့မဟုတ် လယ်ယာစိုက်ခင်းများသို့ သွားရောက်ရန် မဖြစ်နိုင်ပါက လယ်သမားတစ်ဦးကို အတန်းသို့ လာရောက်၍ အကျဉ်းအားဖြင့် တင်ပြရန် ဖိတ်ကြားနိုင်သည်။ သို့မဟုတ်ပါက https://www.youtube.com/watch?v=LMdn89t4auE စသည့် ဗီဒီယိုများပြသနိုင်သည်။

**လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ။** အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ကျောင်းသားကိုင်စာအုပ်မှ သက်ဆိုင်ရာအခန်းကို ဖတ်ထားရန်

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ စာရွက်ကြီး၊ မာကာဘောပင်

**သင်ယူမှုလုပ်ငန်း ၁- ကွင်းဆင်းလေ့လာခြင်း/ တင်ပြခြင်း (၅၀ မိနစ်)**

၁။ ကျောင်းသားကိုင်စာအုပ်မှ ထုတ်နုတ်ရယူထားသော သင်ခန်းစာ၏ အဓိက သင်ယူရမည့် အချက်များကို ကျောင်းသားများအား မိတ်ဆက်ပါ။

၂။ တောင်သူတစ်ဦးနှင့် တွေ့ဆုံရန်နှင့် အင်းဆက်နှင့်ဖျက်ပိုးကာကွယ်နှိမ်နင်း အကြောင်း ဆွေးနွေးရန် အနီးနားရှိ လယ်ယာစိုက်ခင်းသို့ ကွင်းဆင်းသွားရောက်ရန် စီစဉ်ပါ။ ကွင်းဆင်းသွားရောက်ရာတွင် ရှင်သန်ကြီးထွားနေသော အပင်များနှင့် ထိုအပင်များတွင် အသုံးပြုထားသော ဖျက်ပိုးကာကွယ် နှိမ်နင်းနည်းများကို လေ့လာခြင်းတို့ ပါဝင်မည်ဖြစ်သည်။ လယ်ယာစိုက်ခင်းသို့ သွားရောက်လေ့လာရန် မဖြစ်နိုင်ပါက ဒေသခံတောင်သူ

လယ်သမားတစ်ဦးကို အတန်းသို့ လာရောက်ပြီး ဖျက်ပိုးများ အကြောင်း နှင့် ကာကွယ်နှိမ်နင်းနည်းများအကြောင်း ပို့ချပေးရန် ဖိတ်ခေါ်ပါ။ ထိုသို့ပြုလုပ်ရန်လည်း မဖြစ်နိုင်ပါက အထက်တွင်ဖော်ပြထားသော ဗီဒီယိုကို ကျောင်းသားများအားပြပါ။ ထိုဗီဒီယိုသည် ၃၀မိနစ်ကြာမြင့်ပြီး ဤသင်ခန်းစာအတွက် လိုအပ်သည့်အချက်အလက်များ အားလုံး ခြုံငုံပါဝင်သည်။

၃။ ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ထဲမှ ဤဘာသာရပ်ဆိုင်ရာ အချက်အလက်များကို ဖတ်ရှုပြီး ဖြစ်ရမည်။ ထို့ကြောင့် တောင်သူလယ်သမားထံမှ ပိုမိုရှင်းလင်းသော အချက်များ မေးမြန်းရှာဖွေရန်နှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းမှုနှင့် ပတ်သက်၍ တောင်သူလယ်သမားများ၏ အတွေ့အကြုံများကို မေးမြန်းရန် အားပေးတိုက်တွန်းပါ။

၄။ လယ်ယာစိုက်ခင်းသို့ ကွင်းဆင်းသွားရောက်ပါက ကျောင်းသားများကို လယ်ကွင်းတွင် တွေ့ရသည့် အင်းဆက်ဖျက်ပိုးအမျိုးမျိုးကို လေ့လာပြီး အသေးစိတ်အချက်အလက်များကို စာအုပ်တွင် မှတ်တမ်းတင်ရန် အားပေးတိုက်တွန်းပါ။ လယ်ယာစိုက်ခင်းသို့ သွားရောက်ရန် မဖြစ်နိုင်ပါက တောင်သူလယ်သမားအား အချက်အလက်များပေးရန် မေးခွန်းများမေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အတန်းကို သင့်တော်သော အုပ်စုအဖွဲ့ငယ်များ ခွဲပါ။ အဖွဲ့တစ်ဖွဲ့စီကို အစီရင်ခံရန်အတွက် အင်းဆက်တမျိုးစီပေးပါ။ ထိုအင်းဆက်အကြောင်းသိရှိရန် လိုအပ်သည့် အချက်အလက်များအားလုံး ပါဝင်သည့် ပိုစတာတစ်ခု ပြင်ဆင်ရေးဆွဲရန် အဖွဲ့များကို ပြောပါ။ ဤအချက်အလက်များကို ကျောင်းသားကိုင်စာအုပ်မှ ရရှိနိုင်ပြီး အင်တာနက်မှ ရှာဖွေခြင်းအားဖြင့်လည်း ရရှိနိုင်သည်။ ပြီးဆုံးပါက အခြားအဖွဲ့များကြည့်ရှု နိုင်ရန် ပိုစတာကို စာသင်ခန်း နံရံတွင်ချိတ်ဆွဲရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ပြည့်စုံသော ပိုစတာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။ ပုံအညွှန်းများ၊ ဘဝစက်ဝန်း၊ အစားအစာရရှိပုံနည်းလမ်း၊ ဖြစ်ပွားစေနိုင်သော ထိခိုက်ပျက်စီးမှု၊ သင့်လျော်သည့် ကာကွယ်နှိမ်နင်းနည်းများကိုလည်း ထည့်သွင်းရေးဆွဲရန် အဖွဲ့များကိုပြောပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ အောက်ပါ မျှော်မှန်းထားသော သင်ယူမှု ရလဒ်များကို သင်ခန်းစာက ခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *အင်းဆက်များ၏ သဘာဝ၊ သီးနှံများသို့ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို နားလည်မှု ကို ပြသတတ်မည်။*
- *ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများကို ဖော်ပြတတ်မည်။*

သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိခဲ့သည့် အတိုင်းအတာနှင့် မည်ကဲ့သို့ အောင်မြင် ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ အောက်ပါ တတ်ကျွမ်းမှု စံနှုန်းများကို သင်ခန်းစာကခြုံငုံမိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်းပြသသည်။*
- *(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။*

သင်ခန်းစာတွင် တတ်ကျွမ်းမှုကို မည်သို့ခြုံငုံမိကြောင်း ရှင်းပြပါ။

၃။ သင်ခန်းစာ၏ အဓိက သင်ယူမှု အချက်များကို ပြန်လည်စုစည်းပါ။

၄။ ကျောင်းသားအဖွဲ့တစ်ဖွဲ့စီအား အင်းဆက်တစ်မျိုးစီကို တာဝန်ပေးပါ။ ထိုအင်းဆက်၏ အကြောင်း အင်းဆက်ကြောင့်ဖြစ်ပွားစေသော ထိခိုက်ပျက်စီးမှုများ၊ ထိုအင်းဆက်အတွက် ဖျက်ပိုး ကာကွယ် နှိမ်နင်းခြင်းဆိုင်ရာ အကောင်းဆုံးနည်းလမ်းများ အပါအဝင် တိကျစွာ အညွှန်းများ တပ်ထားသော ကားချပ်တစ်ခုကို ရေးဆွဲပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန် နှင့် လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှု လုပ်ငန်း ၁။** ကျောင်းသားအများအပြားမှာ လယ်တောဝန်းကျင်တွင် ကြီးပြင်းခဲ့သော အတွေ့အကြုံရှိနေနိုင်သည်။ သို့မဟုတ် ကျောင်းသားများ၏ မိသားစုဝင်များသည် တောင်သူလယ်သမားများဖြစ်နိုင်သည်။ အင်းဆက်ဖျက်ပိုးနှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းမှုနှင့်ပတ်သက်၍ ကိုယ်ပိုင် အတွေ့အကြုံ ဗဟုသုတများကို မျှဝေရန် ယုံကြည်မှု ပိုရှိသော ကျောင်းသားများကို အားပေးတိုက်တွန်းခြင်း ဖြင့် ယုံကြည်မှုနည်းသော ကျောင်းသားများကို ကူညီပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း ၁။ အပင်များကို အကျိုးပြုသော အင်းဆက်များအများအပြားရှိသည်။ ထိုအင်းဆက်များမှ အချို့ကို စာရင်းပြုစု၍ မည်သို့ အကျိုးပြုသည်ကို ရှင်းပြပါ။

*ဖြေ- အင်းဆက်များတွင် အပင်များကို အကျိုးပြုသော အင်းဆက်များမှာ- လေဒီဘတ် ပိုးတောင်မာ၊ မြေအောင်းပိုးတောင်မာ၊ ပိုင်းရိတ်ဘတ်၊ ဇာတောင်ပံပျံကောင်စိမ်း၊ ပျမှက်၊ ဒမ်ဆယ်ဘတ်၊ ဘရာခိုနစ် နကျယ်၊ ရှိခိုးကောင်၊ ပင့်ကူ၊ သားရဲကမျဉ်းနီ တို့ဖြစ်သည်။ ထိုအင်းဆက်များကြောင့် အကျိုးရှိသည့် အကြောင်းရင်းများစွာရှိသည်။ သဘာဝနည်းလမ်းဖြင့် ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်း၊ ဝတ်မှုံကူးခြင်းတို့ ပါဝင်သည်။ အခြားအကောင်များသည် အသေကောင် သို့မဟုတ် အပင်သေများကိုစားသောကြောင့် အစာအဟာရကို ပြန်လည် အသုံးပြုနိုင်သည်။*

မေးခွန်း ၂။ အင်းဆက်ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းသည် အဘယ်ကြောင့်အရေးပါသနည်း။
ဖြေ-အင်းဆက်ဖျက်ပိုးများသည် တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်ကြီးမားစေပြီး သီးနှံတန်ဖိုးကို လျော့နည်းစေသည့် သီးနှံထွက်နှုန်းနှင့် သီးနှံအရည်အသွေးကို သိသာစွာ လျော့ကျစေနိုင်ကြောင်း အဖြေများက ရှင်းပြရမည်။

မေးခွန်း ၃။ ဖျက်ပိုးကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးဝါးနည်းလမ်းအသုံးပြုခြင်းသည် မည်သည့်အန္တရာယ်များရှိသနည်း။

*ဖြေ။ အဖြေများတွင် ဓါတုဆေးဝါးဖြင့် ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများသည် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ကြောင်း၊ ထိုဓါတုဆေးဝါးများကို အသုံးပြုခြင်းသည် ဖျက်ပိုးများကို ခံနိုင်ရည် ဖြစ်ပေါ်လာစေနိုင်ပြီး ပေါက်ပွားမှုအလွန်များပြားလာနိုင်ကာ စိုက်ပျိုးစရိတ်များ များပြားလာပြီး ကြီးမားသော ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ရှင်းပြနိုင်သည့် အချက်အလက်များ ပါဝင်ရမည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- အပင်များကို အပင်တစ်ခုလုံး၏ သက်တမ်းကို အခြေခံ၍ ပင်ပျော့များနှင့် သစ်မာပင်များဟူ၍ အမျိုးအစားခွဲခြားသည်။ ရာသီအလိုက် ပေါက်ရောက်ရှင်သန်မှုတွင် မူတည်၍ တစ်နှစ်ခံပင်၊ နှစ်နှစ်ခံပင် နှင့် နှစ်ရှည်ပင်ဟူ၍လည်း အမျိုးအစားခွဲခြားနိုင်သည်။

- အစေ့သည် အသက်ဇီဝ၏ ထူးခြားသော အစိတ်အပိုင်းဖြစ်သည်။ ၎င်းတွင် အဟာရပေးနိုင်ပြီး ကာကွယ်ပေးသောတစ်ရှူးများပါသည့် အပင်လောင်းပါရှိသည်။ အစေ့များတွင် လူသားတို့အတွက် မရှိမဖြစ် အဟာရများဖြစ်သော ပရိုတိန်း၊ ဗိုက်တာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်၊ အဆီနှင့် ကယ်လိုရီ ပါဝင်သည်။ အစေ့သည် မျိုးစေ့ချခြင်း၊ အပင်စိုက်ခြင်းများအတွက် အသုံးပြုသော မျိုးပွားရေး ပစ္စည်းများဖြစ်သည်။ အစေ့ရွက် တစ်ခုသာပါသည့် အစေ့သည် မိုနိုကိုဒီလီဒိုနပ် ဖြစ်ပြီး အစေ့ရွက်နှစ်ခုပါဝင်သည့် အစေ့သည် ဒိုင်ကိုတီလီဒိုနပ်ဖြစ်သည်။ အညှောက်ပေါက်ခြင်း နည်းလမ်းနှစ်မျိုးရှိသည်။ မြေပေါ်အညှောက်ပေါက်ခြင်းနှင့် မြေအောက်အညှောက်ပေါက်ခြင်း တို့ဖြစ်သည်။

- အပင်မျိုးပွားခြင်းဆိုသည်မှာ အပင်အရေအတွက် တိုးပွားလာခြင်း သို့မဟုတ် အပင်များဆပွားလာခြင်းဖြစ်သည်။ မျိုးပွားနည်းနှစ်မျိုးမှာ ဝတ်မှုံကူး/အစေ့ဖြင့် မျိုးပွားခြင်းနှင့် ပင်ပိုင်းမျိုးပွားခြင်းဖြစ်သည်။ ပင်ပိုင်းမျိုးပွားခြင်းသဘာဝနည်းလမ်းများတွင် မြေလျှောက်ပင်များ၊ စတိုလွန်၊ ငုတ်တက်များ၊ မြေအောက်ပင်စည်ဖုများ၊ ဥများ၊ ရိုင်ဇုန်းများ၊ အတက်ထွက်သော ဥမြစ်များ၊ ခရောင်းနှင့် မြေအောက်ပင်စည်ဖုယောင် များပါဝင်သည်။ လူကဖန်တီးသော မျိုးပွားခြင်းတွင် ကိုင်းဖြတ်ခြင်း၊ မြေထုပ်စည်းခြင်း၊ အဖူးထုတ်ခြင်း၊ ကိုင်းဆက် ကိုင်းကူးခြင်းနှင့် တစ်ရှူးဖြင့်ပွားခြင်းတို့ ပါဝင်သည်။

- ကိုင်းဖြတ်မျိုးပွားခြင်းသည် ပင်ပွားမျိုးပွားနည်းတစ်ခုဖြစ်သည်။ ၎င်းတို့တွင် မိခင်အပင်မှ ဖြတ်ယူထားသော ပင်စည်၊ အမြစ် သို့မဟုတ် အရွက်များကို ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေတွင် ထားရှိပြီး အမြစ်နှင့် အစို့များ ထွက်လာအောင်ပြုလုပ်ခြင်းအားဖြင့် အပင်သစ်ဖြစ်ပေါ်လာစေသည်။

- မြေထုပ်စည်းခြင်း သည် အပင်တစ်ပင်၏ မြေပြင်အပေါ်တွင် ရှိနေသော အကိုင်းကို ဒဏ်ရာပေးပြီး နောက်ဒဏ်ရာကို အမြစ်စွဲနိုင်သည့် စိုထိုင်းသည့်ကြားခံဖြင့် အုပ်စည်းကာ အမြစ်များထွက်လာအောင် ပြုလုပ်ခြင်းဖြစ်သည်။

- မြေဆီလွှာများသည် သတ္တုဓါတ်များ၊ ရေ၊ လေ၊ အော်ဂဲနစ် ပစ္စည်းများနှင့် ယခင်က သက်ရှိရုပ်ကြွင်းများ ဆွေးမြေ့ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော မရေတွက်နိုင်သည့် သက်ရှိဇီဝရုပ်များ ရောနှောပါဝင်နေသည့် အရာဖြစ်သည်။ မြေမျက်နှာပြင်အနီးရှိ အပေါ်ဆုံး မြေဆီလွှာသည် အမြစ်များ ရှင်သန်ဖြစ်ပေါ်စေသည့် အဓိက အလွှာဖြစ်သည်။ မြေဆီလွှာအများစုတွင် ဓာတ်သတ္တုအမှုန် အရွယ်အစားအမျိုးမျိုးပါရှိသည်။ ထိုအမှုန်များ၏ အရွယ်အစားပေါ်မူတည်၍ သဲ၊ နုန်း၊ ရွှံ့စေး၊ စသည်ဖြင့် ခေါ်ဝေါ်သည်။

- ပုံမှန်အပင်တစ်ပင် ရှင်သန်ကြီးထွားရေးအတွက် (နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ကယ်လစီယမ်၊ မဂ္ဂနီစီယမ်၊ ကန့် (ဆာလ်ဖာ)၊ ဘိုရွန်၊ ကလိုရင်း၊ ကြေးနီ(ကောပါး)၊ သံ၊ မန်းဂနိ၊ မိုလစ်ဒီနမ်၊ သွပ် (ဇင့်)၊ ဟိုက်ဒရိုဂျင်၊ အောက်စီဂျင် နှင့် ကာဘွန်) ဒြပ်စင် ဆယ့်ခြောက်မျိုး လိုအပ်သည်။

- မြေဩဇာဆိုသည်မှာ အပင်ကို အာဟာရဓာတ်ပေးရန်အတွက် မြေဆီလွှာအတွင်း ထည့်ပေးရသော၊ အရွက်များတွင် ပက်ဖျန်းရသော မရှိမဖြစ် ဓာတ်သတ္တုအာဟာရ တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ပါဝင်သော ဒြပ်ပေါင်းများကိုဖြစ်စေ၊ ဒြပ်များကို ဖြစ်စေ ခေါ်ဝေါ်သည့် အမည်ဖြစ်သည်။ မြေဩဇာများကို အဓိကအားဖြင့် အော်ဂဲနစ် မြေဩဇာနှင့် ဓာတုဗေဒမြေဩဇာဟု အုပ်စု နှစ်မျိုးခွဲနိုင်သည်။ မြေဩဇာအသုံးပြုသည့်နည်းလမ်း သုံးမျိုးရှိသည်။ ကြဲပက်ခြင်း၊ ထည့်သွင်းခြင်းနှင့် အရွက်မှမြေဩဇာပေးခြင်းတို့ဖြစ်သည်။

- အင်းဆက် ဆိုသည်မှာ ခြေထောက်ခြောက်ချောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း သုံးခု (ဦးခေါင်း၊ ရင်ဘတ်နှင့် ဝမ်းဗိုက်)၊ ဦးမှင်တစ်စုံ နှင့် ပုံမှန်အားဖြင့် တောင်ပံပါသော အက်သရိုပေါ့ငယ်များ ဖြစ်သည်။ ယေဘုယျအားဖြင့် အင်းဆက်များ၏ အစာစားပုံနည်းလမ်းနှင့် ပတ်သက်သည့် အင်းဆက်ဖျက်ပိုးများကြောင့် သီးနှံများကို ဘေးအန္တရာယ်ကျရောက်စေသော နည်းလမ်း နှစ်မျိုး ရှိသည်။ ပါးစပ်အစိတ်အပိုင်းနှင့်ကိုက်ဝါး၍ ဖျက်ဆီးခြင်းနှင့်၊ စူးဝင်ထိုးဖောက်၍ စုပ်ယူကာ ဖျက်ဆီးခြင်းတို့ ဖြစ်သည်။

- အင်းဆက်ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းသည့် နည်းလမ်းများမှာ ပုံမှန် နည်းလမ်း၊ စက်သုံး နည်းလမ်း၊ ဓာတုဆေးဝါးသုံးနည်းလမ်းနှင့် ဇီဝနည်းလမ်းတို့ဖြစ်သည်။

- ရွေးချယ်သင်ကြားနိုင်သော သင်ခန်းစာတွင် အပင်ရောဂါများအကြောင်း သင်ကြားနိုင်ရန် ထည့်သွင်းထားသည်။ အပင်ရောဂါများကို ကြီးထွားမှု သို့မဟုတ် ဖွံ့စည်းမှု မူမမှန်ခြင်းများ အပါအဝင် အပင်အခြေအနေများအရ သတ်မှတ်နိုင်သည်။ အပင်ရောဂါအများစုမှာ မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးတို့ကြောင့် ဖြစ်စေနိုင်သည်။
- ရောဂါများကို ထိန်းချုပ်သည့်နည်းလမ်းများမှာ မွေးမြူခြင်းနည်းလမ်း၊ ဓာတုဗေဒနည်းလမ်းနှင့် ရုပ်ပိုင်းဆိုင်ရာနည်းလမ်းတို့ဖြစ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် အပင်အမျိုးအစားအမျိုးမျိုး၊ သဘာဝအားဖြင့်သော်လည်းကောင်း၊ လူကဖန်တီး၍ သော်လည်းကောင်း အပင်များမျိုးပွားနိုင်သည့် နည်းလမ်း အမျိုးမျိုးအပါအဝင် စိုက်ပျိုးရေး လုပ်ငန်းရှိ အခြေခံသဘောတရားများကို မိတ်ဆက်ပေးခဲ့သည်။

အစေ့အမျိုးမျိုးမှ အညှောက်ထွက်ခြင်းကို လက်တွေ့လေ့ကျင့်ရန် အခွင့်အလမ်းရခဲ့သည်။ ထိုအစေ့များ ပေါက်ရောက်ကြီးထွားရန် အသုံးပြုသည့် မြေဆီလွှာနှင့် မြေသြဇာ အမျိုးအစား အမျိုးမျိုးကို လေ့လာခဲ့သည်။

တစ်သမတ်တည်းဖြစ်ခြင်းနှင့် မြေဆီလွှာပြုလုပ်ခြင်းသည် အဘယ်ကြောင့် အလွန်အရေးပါ သနည်း။

အင်းဆက်များအကြောင်းနှင့် အပင်များကို ထိခိုက်ပျက်စီးစေနိုင်သည့်အကြောင်းများကို ကိုယ်တွေ့လေ့လာရန် အခွင့်အလမ်းရရှိခဲ့သည်။ ထိုအင်းဆက်များပြဿနာကို ကိုင်တွယ် ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးကိုလည်း တွေ့ရှိခဲ့မည်ဖြစ်သည်။

အင်းဆက်များကြောင့် အကျိုးကျေးဇူး ရရှိပါသလား။ အဘယ်ကြောင့်အပင်များအတွက် အကျိုးရှိ သနည်း။

ဤစိုက်ပျိုးရေးအခန်းတွင် အစေ့မှ အညှောက်ထွက်ခြင်းမှ အပြည့်အဝကြီးထွားပြီးသော အပင်များ မျိုးပွားခြင်းအထိ ခြုံငုံမိထားသည်။ အပင်တစ်ပင်ကို ကျန်းမာသန်စွမ်းစွာ ကြီးထွားပေါက်ရောက်စေရန် ထည့်သွင်းစဉ်းစားရမည့် လိုအပ်ချက်များအကြောင်း၊ အပင်များ ရင်ဆိုင်ရမည့် ပြဿနာများအကြောင်းကို လေ့လာခဲ့ပြီးဖြစ်သည်။ နောက်အခန်းတွင် ကိုယ်ပိုင်အပင်များကို စိုက်ပျိုးရန် စတင်လေ့လာရမည်ဖြစ်သည်။ ထို့ကြောင့် ဤအခန်းမှ သင်ခန်းစာများကို မှတ်မိနေရန် ကြိုးစားသင့်ပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ


### ၃.၁

Plant Science 4 U. Types of Seed Germination - Epigeal vs Hypogeal. (2019). Retrieved from https://www.plantscience4u.com/2014/08/types-of-seed-germination-epigeal-and.html

Plant Sexual and Asexual Reproduction: Pollination and Fertilization. (2019). Retrieved from https://courses.lumenlearning.com/suny-mcc-biology2/ chapter/pollination-and-fertilization

### ၃.၂

Gustafson, A. F. (2012). *Handbook of fertilizers (3rd ed.).* Jodhpur: AGROBIOS (INDIA).

Hartmann, H., & Kester, D. (1983). *Plant propagation (4th ed.).* New Jersey: Prentice-Hall International.

### ၃.၃

Aung, H., Man, E., & Aung, A. (2017). *Practical guide for Second Year B.Agr.Sc (2nd term)* . Nay Pyi Taw: Department of Horticulture and Agricultural Biotechnology, Yezin Agricultural University.

၃.၄

Knowledge Base Lookseek. Insect Anatomy. (2019). Retrieved from Knowledge Base Lookseek website: http://knowledgebase.lookseek.com/Insect-Anatomy.html

Purdue Agriculture. Plant and Pest Diagnostic Laboratory. (2015). Retrieved from Purdue Agriculture website: https://ag.purdue.edu/btny/ppdl/Pages/default.aspx

Tutor, M. (2017). Introduction to Insect Pests and Diseases 1 [Year-3]. Retrieved from https://www.youtube.com/watch?v=LMdn89t4auE

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **မြေထုပ်စည်းခြင်း** | မိခင်အပင်၏ အကိုင်းတစ်ခုကို ဒဏ်ရာဖြစ်စေပြီး ထိုဒဏ်ရာကို အမြစ်တွယ်နိုင်သော စိုထိုင်းသည့်ကြားခံဖြင့် လုံအောင်ထုတ်ပိုး၍ အပင်၏ မြေပြင်ပေါ်ရှိ အစိတ်အပိုင်းမှ အမြစ် ထွက်လာစေခြင်းအားဖြင့် အပင်မျိုးပွားစေသော နည်းလမ်းတစ်မျိုး |
| **တစ်နှစ်ခံပင်များ** | အစေ့-အပင်-အစေ့ ဆိုသည့် အပင်၏ သက်တမ်းစက်ဝန်း တစ်ခုလုံးသည် ရာသီတစ်ခုအတွင်း ပြီးဆုံးသည့် အပင်များ ဖြစ်သည်။ ပုံမှန်အားဖြင့် ပင်ပျော့များ ဖြစ်သည်။ ဥပမာ-ပြောင်း၊ ဆန်၊ ဂျုံနှင့် ပဲအမျိုးမျိုး။ |
| **နှစ်နှစ်ခံပင်များ** | အပင်၏ ဘဝစက်ဝန်းပြည့်စုံပြီးမြောက်ရန် နှစ်နှစ်အချိန်ကာလ လိုအပ်သည့် အပင်များဖြစ်သည်။ ပုံမှန်အားဖြင့် ပင်ပျော့များဖြစ်သည်။ ဥပမာ- မုန်လာဥ၊ ဂေါ်ဖီ၊ ပန်းမုန်လာနှင့် ကြက်သွန်နီ |
| **ပြောင်းလွဲပြောဆိုခြင်း** | စကားပြောရာတွင် ဘာသာစကားနှစ်ခုနှင့်အထက် အကြား ပြောင်းလဲ သုံးစွဲခြင်း။ |
| **ပူးပေါင်းဆောင်ရွက်ခြင်း** | ပိုမိုကောင်းမွန်သော ရလဒ်ရရှိရန် အတူတကွလုပ်ကိုင်ခြင်း |
| **သင်ရိုးညွှန်းတမ်း** | ကျောင်းသားတစ်ဦးအနေဖြင့် စာသင်ကျောင်းတွင် လေ့လာသင်ယူ ရမည့် အကြောင်းအရာ၊ ပုံမှန်အားဖြင့် ပြဋ္ဌာန်းစာအုပ်အနေဖြင့် ပေးထားလေ့ ရှိသည်။ |
| **ကိုင်းဖြတ်ခြင်း** | ပင်ပွားမျိုးပွားခြင်းနည်းလမ်းတစ်ရပ်ဖြစ်သည်။ မိခင်အပင်မှ ဖြတ်ယူထားသော ပင်စည်၊ အမြစ်၊ အရွက်တို့ကို ကောင်းမွန် သင့်လျော်သော ဝန်းကျင်အခြေအနေတွင် အမြစ်နှင့် အစို့များ ထွက်လာအောင် ပြုလုပ်ပြီး သီးခြားအပင်သစ်တစ်ခု ဖြစ်လာစေသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| မျှဝေစာနာမှု | အခြားသူများ၏ ခံစားချက်များနှင့်ပတ်သက်၍ နားလည်စေရန်နှင့် ဂရုထားစေရန်။ |
| မြေသြဇာ | အပင်များကို အာဟာရဓါတ်ဖြည့်ဆည်းပေးရန်အတွက် မြေဆီလွှာအတွင်း ထည့်ပေးရသော၊ အရွက်များတွင် ဖျန်းပက်ပေးရသော မရှိမဖြစ် ဓာတ်သတ္တုအဟာရ တစ်မျိုးနှင့်အထက် ပါဝင်သည့် ဒြပ်နှော သို့မဟုတ် ဒြပ်ကို ခေါ်သောအမည်။ |
| အညှောက်ထွက်ခြင်း | အစေ့များမှ အပင်သစ်အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်သော ဖြစ်စဉ် |
| ပင်ပျော့ | အပင်များ၏ မြေပေါ်အပိုင်းများသည် အသက်တိုပြီး တစ်ရှူးများသည် သိသိသာသာ ပျော့ပျောင်းသည့် အပင်များ |
| နောက်ခံသင်ရိုးညွှန်းတမ်း | တရားဝင်သင်ယူရန် ထုတ်ထားသော သင်ရိုးညွှန်းတမ်းအပြင် စာသင်ကျောင်းတွင် ရရှိနိုင်သော ရေးသားမထားသည့် လေ့လာသင်ယူမှုများ။ |
| အင်းဆက် | ခြေခြောက်ချောင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်း ၃ခု(ဦးခေါင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်)၊ ဥမှင် တစ်စုံနှင့် တောင်ပံများပါလေ့ရှိသော အာ့ထရိုပေါ့ |
| ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း | နိုင်ငံအဆင့် မဟုတ်ဘဲ ဒေသခံရပ်ရွာ သို့မဟုတ် စာသင်ကျောင်းအဆင့် အတွက် သတ်မှတ်ဆုံးဖြတ်သော သင်ရိုးညွှန်းတမ်းတစ်ခု |
| သင်ကြားပို့ချမှု ကြားခံ | ဘာသာရပ်တစ်ခုသင်ကြားရန်အသုံးပြုသော ဘာသာစကား၊ ဘာသာရပ်ပေါ်မူတည်၍ ဘာသာစကားကွဲပြားနိုင်သည်။ |
| အင်းဆက် ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းနည်းများ | ပုံမှန်၊ စက်သုံး၊ ဓါတုဆေးဝါးသုံး နည်းလမ်း နှင့် ဇီဝဆိုင်ရာ နည်းလမ်းများကို အပင်များကို အန္တရာယ်ပေးသော အင်းဆက် ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသည်။ |
| ရောဂါကာကွယ်နှိမ်နင်းနည်းများ | အပင်များကို အန္တရာယ်ကျရောက်စေသည့် ရောဂါများကို ကာကွယ်နှိမ်နင်းရာတွင် ပုံမှန်၊ ဓာတုဆေးဝါးနှင့် ရုပ်ဂုဏ်သတ္တိ ဆိုင်ရာ နည်းလမ်းများကို အသုံးပြုသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **ဘာသာစကားတစ်မျိုးတည်းသုံးသော ပညာရေး** | စာသင်ကျောင်းတွင် သင်ကြားပို့ချရာ၌ ဘာသာစကား တစ်မျိုးတည်းကို အသုံးပြုသောအခါ ထိုဘာသာစကားကို ပြောဆို သုံးစွဲခြင်းမရှိသည့် ကျောင်းသားများကို ထိခိုက် နစ်နာစေသည်။ |
| **မိခင်ဘာသာစကား** | ကလေးတစ်ယောက်အိမ်တွင် ပထမဆုံး လေ့လာသင်ယူ၍ ပြောကြားသော ဘာသာစကား |
| Mother Tongue-based Multilingual Education (MTB MLE) | ကျောင်းသားများ ကျောင်းစနေသည့် အချိန်တွင် တရားဝင် ကျောင်းသုံး ဘာသာစကားကို နားမလည်၊ မပြောတတ်သော ကလေးများအတွက် ပညာရေးအစီအစဉ်။ MTB MLE ကျောင်းသားများသည် အရေးအဖတ်တို့ကို ပထမဦးစွာ မိခင်ဘာသာစကားဖြင့် သင်ယူရသည်။ သူတို့သည် တရားဝင် စာသင်ကျောင်းသုံး ဘာသာစကား (နှင့် သင်ရိုးညွှန်းတမ်းအရ သင်ကြားသော နောက်ထပ် ဘာသာစကား) ကို နားလည်ရန်၊ ပြောဆိုရန်၊ ဖတ်ရန်၊ ရေးရန် လေ့လာသင်ယူသကဲ့သို့ သူတို့၏ မိခင်ဘာသာစကားကို သင်ကြားသင်ယူရန် အသုံးပြုသည်၂။ |
| **နှစ်ရှည်ပင်** | နှစ်နှစ်ထက်ပို၍ကြာရှည်စွာရှင်သန်သော အပင်များ၊ သစ်မာပင်များ သို့မဟုတ် အပင်ပျော့များဖြစ်လေ့ရှိသည်။ ဥပမာအားဖြင့်-နှင်းဆီ၊ လီလီ၊ သရက်၊ ပန်းသီး၊ အုန်း။ |
| **မြေချဉ်ငန်ကိန်း (pH)** | အက်စစ်ဓာတ်၊ အယ်ကာလီဓာတ်တို့ကို ဖော်ပြသော အတိုင်းအတာ၊ မြေချဉ်ငန်ကိန်း pH တိုင်းတာမှုသည် ၇.၀ ဖြစ်ပါက အက်စစ်မဟုတ် အယ်ကာလီ မဟုတ်သော ကြားနေဖြစ်သည်။ ၇.၀ အောက် နိမ့်ပါက အက်စစ်ဓါတ် သဘာဝရှိပြီး အချဉ်ဓါတ်ဖြစ်သည်။ ၇.၀ အထက် သို့ရောက်ပါက ဘေ့စ် သို့မဟုတ် အယ်ကာလီဖြစ်သည်။ |
| **အပင်** | အပင်၏ အမြင့်နှင့် သက်တမ်းကို အခြေခံ၍ အပင်ပျော့မျိုးနှင့် သစ်မာပင်များဟု အမျိုးအစားခွဲသည်။ ရာသီအလိုက် ပေါက်ရောက်ကြီးထွားမှုတွင် မူတည်၍ တစ်နှစ်ခံပင်၊ နှစ်နှစ်ခံပင်နှင့် နှစ်ရှည်ပင် ဟု၍လည်း ခွဲခြားသတ်မှတ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **အပင်ရောဂါများ** | ကြီးထွားမှု သို့မဟုတ် ဖွံ့စည်းမှု မှုမမှန်ခြင်းများပါဝင်သည့်အပင်၏ အခြေအနေဖြစ်သည်။ တွေ့ရအများဆုံး အပင်ရောဂါများမှာ မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးတို့ကြောင့် ဖြစ်ပွားသည်။ |
| **အပင်မျိုးပွားခြင်း** | အပင်အရေအတွက် များတိုးပွားလာခြင်း သို့မဟုတ် အပင်များ ဆပွားလာခြင်းဖြစ်သည်။ ဝတ်မှုံကူး/အစေ့ဖြင့် မျိုးပွားခြင်းနှင့် ပင်ပိုင်း မျိုးပွားခြင်းဟူ၍ နှစ်မျိုးရှိသည်။ |
| **အစေ့များ** | အစာကျွေးတစ်ရှူး၊ အကာအကွယ်တစ်ရှူးတို့နှင့်အတူ သားလောင်းတစ်ခု ပါရှိသည့် တမူထူးသော အပိုင်းဖြစ်သည်။ အစေ့သည် မျိုးကြဲခြင်း၊ ပျိုးထောင်ခြင်းအတွက် အသုံးပြုသော မျိုးပွားပစ္စည်းဖြစ်သည်။ |
| **ဒြပ်စင် ဆယ့်ခြောက်မျိုး** | နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ကန့်(ဆာလ်ဖာ)၊ ဘိုရွန်၊ ကလိုရင်း၊ ကြေးနီ (ကောပါး)၊ သံ၊ မန်ဂနီ၊ မိုလစ်ဒီနမ်၊ သွပ် (ဇင့်)၊ ဟိုက်ဒရိုဂျင်၊ အောက်စီဂျင်နှင့် ကာဗွန်တို့ကို ပုံမှန်အပင်များ ကြီးထွားရန် အတွက် လိုအပ်သည်။ |
| **မြေဆီလွှာ** | သက်ရှိအရာဝတ္ထု တစ်ခုခုမှ ကြွင်းကျန်သော အရာများ ဆွေးမြေ့ ပျက်စီးခြင်းမှ ဖြစ်ပေါ်လာသည့် မရေတွက်နိုင်သော သက်ရှိ ဇီဝရုပ်များနှင့် ဓာတ်သတ္တုများ၊ ရေ၊ လေ၊ အော်ဂဲနစ်ပစ္စည်းများ ရောနှောနေသော အရောအနှောဖြစ်သည်။ မြေမျက်နှာပြင်အနီးရှိ အပေါ်ယံ မြေလွှာသည် အမြစ်များကြီးထွား ဖွံ့ဖြိုးခြင်းအတွက် အဓိကဖုံဖြစ်သည်။ မြေဆီလွှာ အများစုတွင် အမှုန်အရွယ်အစား အမျိုးမျိုး ရှိသည်။ ထိုအမှုန်များ၏ အရွယ်အစားပေါ်မူတည်၍ သဲ၊ နန်း၊ သို့မဟုတ် မြေစေးဟု ခေါ်သည်။ |
| **ဘာသာစကားပြောင်းလဲခြင်း** | အကောင်းဆုံးထိရောက်မှု ရရှိရန် ဘာသာစကားနှစ်မျိုး သို့မဟုတ် ပိုများသော ဘာသာစကားတို့မှ ရင်းမြစ်များကို သုံးစွဲပြောဆိုခြင်း (ကုဒ်လဲခြင်းဟုလည်း အသုံးပြုသည်။)? |
| **သစ်မာပင်များ** | နှစ်ပေါင်းများစွာ အသက်ရှင်သော အစိုင်များပါရှိသည့် သစ်ပင်များ သို့မဟုတ် ချုံများ။ |

# ကျမ်းကိုးစာရင်း

AITSL. (2016). Multilingual approaches to teaching and learning. Retrieved from https://www.youtube.com/watch?v=J16Ruh0OgGA

Aung, H., Man, E., & Aung, A. (2017). *Practical guide for Second Year B.Agr.Sc (2nd term)* . Nay Pyi Taw: Department of Horticulture and Agricultural Biotechnology, Yezin Agricultural University.

Bennett, C. (1999). *Comprehensive multicultural education, theory and practice.* Boston: Allyn and Bacon.

Boonreang, K., & et al. (2004). *'Local-based Curriculum Development: A Case Study of Watsamankit Elementary School, Thailand.'* Australia: AARE.

Brady, N. (1984). *The nature and properties of soils.* (9th ed.). New York: Macmillan.

British Society of Soil Science. What do soils do for us? (2014). Retrieved from https://www.soils.org.uk/what-do-soils-do-us

Bühmann, D., & Trudell, B. (2008). '*Mother Tongue Matters, Local Language as a key to Effective Learning.'* Paris: UNESCO.

CAERT. (n.d.). Understanding soil texture and structure. Retrieved from www.senecahs.org/pages/.../Soil Texture and Structure E Unit.pdf

Chunrasaksakun, C., & et al. (2015). Local Curriculum Implementation Guide, February 2017. In *Developing Local Curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system.* Thailand: Khon Kaen University Department of Curriculum and Instruction.

Cummins, J. (1981). *The role of primary language development in promoting educational success for language minority students.* Los Angeles: California State University Evaluation, Dissemination and Assessment Center.

Day, J. (n.d.). Retrieved from The Debate over Organic vs. Chemical Fertilizers. Retrieved from https://www.todayshomeowner.com/debate-over-organic-chemical-fertilizers/

Edmond, J. B., Senn, T., & Andres, F. (1964). *Fundamentals of Horticulture.* (3rd ed.). New York: McGraw-Hill Book Company.

*Education Degree College B.Ed. Primary school subject syllabus: Local Curriculum*. (n.d.).

Eggen, & Kauchak. (2001). *Strategies and Models for Teachers: Teaching Content and Thinking Skills.*

ENAC. (2018). *Mother Tongue-Based Multilingual Education System in a future federal democratic union of Burma.*

ER services. Plant Sexual and Asexual Reproduction: Pollination and Fertilization. (2019). Retrieved from https://courses.lumenlearning.com/suny-mcc-biology2/chapter/pollination-and-fertilization

Evans W., & J., S. (2015). *Developing a Local Curriculum: Using your locality to inspire teaching and learning.*

*Fundamentals of Plant Pathology.* (n.d.). Retrieved from https://s3.wp.wsu.edu/uploads/sites/408/2015/02/fundamentals_plantpathology_management.pdf

Great Schools Partnership. Multicultural Education Definition. (2013). Retrieved from https://www.edglossary.org/multicultural-education/

Gustafson, A. F. (2012). *Handbook of fertilizers* (3rd ed.). Jodhpur: AGROBIOS (INDIA).

Haddad, C. (2007). '*Mother Tongue-based Literacy Programmes: Case Studies of Good Practice in Asia'.* Bangkok: UNESCO Bangkok.

Hartmann, H., & Kester, D. (1983). *Plant propagation* (4th ed.). New Jersey: Prentice-Hall International.

Hill, D., & Waller, J. (1990). Pests and Diseases of Tropical Crops. In *Handbook of Pests and Diseases.* Harlow: Longman Scientific & Technical.

IBE-UNESCO. (2013). *Glossary of Curriculum Terminology: Localization of Curriculum.*

Insect Anatomy. (2019). Retrieved from Knowledge Base Lookseek website: http://knowledgebase.lookseek.com/Insect-Anatomy.html

Isleib, J. (2012). Signs and symptoms of plant disease: Is it fungal, viral or bacterial? Retrieved from Michigan State University website: https://www.canr.msu.edu/news/signs_and_symptoms_of_plant_disease_is_it_fungal_viral_or_bacterial

Japan International Cooperation Agency (JICA). (n.d.). *Basic Education Primary English Curriculum.*

Kajornsin, B., & et al. (2014). *'Local-based curriculum development: A case study of Watsamankit Elementary School, Thailand.'* Retrieved from https://www.aare.edu.au/data/publications/2004/kaj04082.pdf

Kajornsin, B., Chuaratanaphong, J., & Sienglueecha, T. (2018). *Local Curriculum Development Through School- Community collaboration.* Australia: AARE.

King, L. (2013). *'Education in a multilingual world"*. UNESCO.

Lall, M., & South, A. (2014). Comparing Models of Non-state Ethnic Education in Myanmar: The Mon and Karen National Education Regimes. *Journal of Contemporary Asia*, 44(2), 298–321.

Lejenue. (1999). *Collaborative Learning for Educational Achievement.*

Lwin, T. (2002). *Issues Surrounding Curriculum Development in the Ethnic Minority Areas of Burma.*

Lwin, T. (2007). *Education and Democracy in Burma.*

Lwin, T. (2011). *Language, Identities and Education: in relation to Myanmar.*

Lwin, T. (2011). Local Curriculum Implementation Guide, February 2017 Annex. In *Language, Identities and Education: in relation to Burma/Myanmar.*

Malone, D., & Malone, S. (2011). *Teacher Education for Mother Tongue-¬Based Education Programs*. SIL International.

Malone, S. (2016). *MTB MLE RESOURCE KIT Including the Excluded: Promoting Multilingual Education*. Bangkok: UNESCO.

Mansour, A., & Butler-Kisber, L. (2015). *Collaboration between language teachers and instances of cross - language learning transfer.* (McGill University., Ed.). Montreal.

Moore, D., Robson, G. D., & Trinci, A. P. J. (n.d.). 14.9 Plant disease basics: the disease triangle. In *21st Century Guidebook to Fungi* (2nd ed.). Retrieved from http://www.davidmoore.org.uk/21st_Century_Guidebook_to_Fungi_PLATINUM/Ch14_09.htm

Naing, T. (2016). *Education in a Federal Democracy'*. Yangon: Myanmar Knowledge Society, MKS.

National Institute of Open Schooling. (2013). Types of pests. Retrieved http://oer.nios.ac.in/wiki/index.php/Types_of_Pests

O'Connell, J. (2012). *Supporting children's mother tongue in our schools.* InTouch.

OHCHR. *Convention on the Rights of the Child.* , (1989).

Pinnock, H., & Vijayakumar, G. (2009). *Language and education: The missing link.* Reading: CfBT Education Trust.

Plant Science 4 U. Types of Seed Germination - Epigeal vs Hypogeal. (2019). Retrieved from https://www.plantscience4u.com/2014/08/types-of-seed-germination-epigeal-and.html

Prideaux, D. (2003). ABC of learning and teaching in medicine: Curriculum design. BMJ, 326(7383), 268–270. https://doi.org/10.1136/bmj.326.7383.268

Purdue Agriculture. Plant and Pest Diagnostic Laboratory. (2015). Retrieved from https://ag.purdue.edu/btny/ppdl/Pages/default.aspx

Soil Science Society of America. (2017). DigDeeper: What is Soil? Retrieved from https://www.soils4kids.org/about

South, A., & Lall, M. (2016). *Schooling and Conflict: Ethnic Education and Mother Tongue-based Teaching in Myanmar.*

Stabback, P. (2016). '*What Makes a Quality Curriculum?'* International Bureau of Education.

TESS-India. (2015). *Multilingualism in the classroom.* Open University.

TNAU Agritech Portal. (2014). Nutrient Management: Methods of Fertilizer Application. Retrieved from http://agritech.tnau.ac.in/agriculture/agri_nutrientmgt_methodsoffertilizerappln.html

Trudell, B., & Young, C. (2016). *Good Answers to Tough Questions in Mother Tongue- Based Multilingual Education.* Dallas: SIL International.

Tutor, M. (2017). Introduction to Insect Pests and Diseases 1 [Year-3]. Retrieved from https://www.youtube.com/watch?v=LMdn89t4auE

UNESCO. (2003). *Education In A Multilingual World: UNESCO Education Position Paper.*

UNESCO. *Mother tongue-based literacy programmes: Case studies of good practice in Asia.* (2007). Bangkok: UNESCO Bangkok.

UNICEF. (n.d.). Sub-Activity 2.4.3. In *MYWP 2018 & 2019.*

Union Parliament of Myanmar. *National Education Law.* , (2014).

Weever, F., Johnson, J., Neri, L., Intosh, Y., Henery, N., & Archer, W. (1998). *Agricultural Science for Secondary School in Guyana (Book 1).* Georgetown: Guyana National Printers Limited.

White, R. (2006). *Principles and practices of soil science (The soil as a natural resource)* (4th ed.). Malden: Blackwell Science Ltd.

Whiting, D., Card, A., Wilson, C., & Breeder, J. (2008). CMG GardenNotes #222: Soil pH. Retrieved from https://www.eaglecounty.us/CSU/Documents/Horticulture_Docs/222_Soil_pH_Garden_Notes/

Wilson, C., & Looms, W. (1962). *Botany* (3rd ed.). Holt, Rinehart and Winston, Inc.

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ ၁။
# အပင်များကြီးထွားရန်အတွက် မည်သည့်အာဟာရများ (ဒြပ်စင်များ) လိုအပ်သနည်း။

ပုံမှန်အားဖြင့် အပင်များကြီးထွားရှင်သန်ရန်အတွက် ဒြပ်စင် ဆယ့်ခြောက်မျိုးလိုအပ်သည်။

## အပင်များ ပုံမှန်ရှင်သန်ကြီးထွားရန် လိုအပ်သော ဓာတု ဒြပ်စင်များ

| စဉ် | ဒြပ်စင် (အာဟာရ) | ဓာတု သင်္ကေတ | အပင်များတွင် အဓိကလုပ်ဆောင်မှုများ |
|---|---|---|---|
| ၁။ | နိုက်ထရိုဂျင် | N | သန်မာအားကောင်းသော ကြီးထွားမှု၊ အရွက်၏ အရောင် ကောင်းမွန်မှုနှင့် အလင်းမှီစုဖွဲ့ခြင်းတို့ အတွက် ဖြစ်သည်။ |
| ၂။ | ဖော့စဖရပ် | P | အမြစ်ဖြစ်ထွန်းဖွံ့ဖြိုးမှု၊ ပန်းပွင့်မှု၊ အစေ့နှင့် အသီးများရင့်မှည့်မှုတို့ကို တိုးမြှင့်ပေးသည်။ |
| ၃။ | ပိုတက်စီယမ် | K | အပင်၏ အလုံးစုံကျန်းမာရေးကို တိုးမြှင့်ပေးသည်။ အလွန်ပူသော၊ အလွန်အေးသော ရာသီဥတုဒဏ်ကို ခံနိုင်စေရန် ရောဂါများကိုခုခံကာကွယ်ရန်၊ အသီးဖြစ်ထွန်းရန်၊ အလင်းမှီစုဖွဲ့ရန်နှင့် အခြားအာဟာရများ ရယူရန် ကူညီပေးသည်။ |
| ၄။ | ကယ်လစီယမ် | Ca | အားကောင်းသန်မာသော၊ ကောင်းမွန်သော အမြစ်ငယ်များ၊ အစို့များ ဖြစ်ပေါ်စေရန် အားပေးပြီး ဆဲလ်နံရံများတည်ဆောက်ခြင်းကို ကူညီပေးသည်။ |
| ၅။ | မဂ္ဂနီစီယမ် | Mg | အခြားအပင်အစာများကို ရယူရန် ထိန်းညှိပေးပြီး အစေ့ဖြစ်ထွန်းမှုကို ထောက်ကူပေးသည်။ |
| ၆။ | ကန့် (ဆာလ်ဖာ) | S | ပိုမိုသန်မာအားကောင်းသော အပင်ဖြစ်လာနေချိန်တွင် အစိမ်းရင့်ရောင်ကို ထိန်းသိမ်းထားရန် ကူညီသည်။ |

| စဉ် | ဒြပ်စင် (အာဟာရ) | ဓာတု သင်္ကေတ | အပင်များတွင် အဓိကလုပ်ဆောင်မှုများ |
|---|---|---|---|
| ၇။ | ဘိုရွန် | B | အပင်၏ ဇီဝတွင်းဖြစ်ပျက်မှုကို ထိန်းညှိပေးရန်နှင့် ဆဲလ်များဖွံ့ဖြိုးမှုကို ကူညီပေးသည်။ |
| ၈။ | ကလိုရင်း | Cl | အလင်းမှီစုဖွဲ့ခြင်းတွင် ပါဝင်သည်။ |
| ၉။ | ကြေးနီ (ကောပါး) | Cu | အပင်များ နိုက်ထရိုဂျင်ကို အစာခြေဖျက်ရန်ကူညီပေးသည်။ |
| ၁၀။ | သံ | Fe | အစိမ်းရောင်ခြယ်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားဇီဝဓာတု ဖြစ်စဉ်များကို ထောက်ကူပေးသည်။ |
| ၁၁။ | မန်းဂနိ | Mn | အစိမ်းရောင်ခြယ်ပစ္စည်းထုတ်လုပ်ရေးအတွက် လိုအပ်သည်။ |
| ၁၂။ | မိုလစ်ဒီနမ် | Mo | နိုက်ထရိုဂျင်အသုံးပြုရန် အပင်ကို ကူညီသည်။ |
| ၁၃။ | သွပ် (ဇင့်) | Zn | အင်ဇိုင်းများနှင့် ဟော်မုန်းများဖွံ့ဖြိုးမှုတွင်အသုံးပြုသည်။ |
| ၁၄။ | ဟိုက်ဒရိုဂျင် | H | အလင်းမှီစုဖွဲ့ခြင်းဖြစ်စဉ်အတွက် အရေးကြီးသည်။ |
| ၁၅။ | အောက်စီဂျင် | O | အလင်းမှီစုဖွဲ့ခြင်းနှင့် အသက်ရှူခြင်းတို့အတွက် အရေးကြီးသည်။ |
| ၁၆။ | ကာဗွန် | C | အလင်းမှီစုဖွဲ့ခြင်းဖြစ်စဉ်အတွက် အရေးပါသည်။ |

# နောက်ဆက်တွဲ ၂။
# ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများဆိုင်ရာ အစားထိုး သင်ခန်းစာ (စိတ်ကြိုက်)

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများကို ဖော်ထုတ်သတ်မှတ်တတ်မည်။

**ရရှိမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။

**စာသင်ချိန်။** မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

**သင်ယူမှု နည်းလမ်းများ။** အဖွဲ့လိုက်လုပ်ငန်း၊ ဆွေးနွေးခြင်း၊ လယ်ကွင်းများသို့ ကွင်းဆင်းလေ့လာခြင်း (သင်ခန်းစာ ၃.၄.၁. တွင် လယ်ကွင်းများသို့ ကွင်းဆင်းလေ့လာစဉ် တစ်ပါတည်း ပြုလုပ်နိုင်သည်။) သို့မဟုတ် ၊ ကွင်းဆင်းလေ့လာရန် မဖြစ်နိုင်ပါက တောင်သူလယ်သမားတစ်ဦးကို အတန်းသို့လာရောက်၍ အကျဉ်းမျှ တင်ပြပေးရန် ဖိတ်ကြားနိုင်သည်။ (သင်ခန်းစာ ၃.၄.၁ အတွက် ဖိတ်ကြားစဉ် တစ်ပါတည်းပြုလုပ်နိုင်သည်။)

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** အကြောင်းအရာနှင့်ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ကျောင်းသားကိုင်စာအုပ်မှ သက်ဆိုင်ရာ အခန်းကို ဖတ်ထားရန်။

**လိုအပ်သော ရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ စာရွက်ကြီး၊ မာကာဘောပင်။

**သင်ယူမှုလုပ်ငန်း ၁။ ကွင်းဆင်းလေ့လာခြင်း/ တင်ပြဆွေးနွေးခြင်း( ၄၀ မိနစ်)**

၁။ ကျောင်းသားကိုင်စာအုပ်မှ ထုတ်နုတ်ယူထားသည့် သင်ခန်းစာ၏ အဓိက အချက်များနှင့် မိတ်ဆက်ပါ။

၂။ အတန်းကို အနီးအနားရှိ လယ်ကွင်းသို့ လယ်သမားတစ်ဦးနှင့် တွေ့ဆုံ၍ အပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းသည့် နည်းလမ်းများအကြောင်းဆွေးနွေးရန်အတွက် ကွင်းဆင်းသွားရောက်ရန် စီစဉ်ပါ။ ကွင်းဆင်းသွားရောက်ရာတွင် စိုက်ပျိုးကြီးထွားနေသော အပင်များနှင့် အသုံးပြုထားသည့် ရောဂါ ကာကွယ်နှိမ်နင်းနည်းလမ်းများကို စောင့်ကြည့်လေ့လာခြင်း ပါဝင်ရမည်။ လယ်ကွင်းသို့ သွားရောက် လေ့လာရန် မဖြစ်နိုင်ပါက ဒေသခံလယ်သမား တစ်ဦးကို သူတို့ကြုံတွေ့ဖူးသော အပင်ရောဂါများ အကြောင်းနှင့် ထိုရောဂါများကို ကာကွယ်နှိမ်နင်းသည့် နည်းလမ်းများအကြောင်း မျှဝေပေးရန် အတန်းသို့ ဖိတ်ခေါ်ထား ရမည်။

၃။ ကျောင်းသားများသည် ဤဘာသာရပ်နှင့်ပတ်သက်သည့် အချက်အလက်များကို ကျောင်းသားကိုင်စာအုပ်တွင် ကြိုတင်ဖတ်ရှုထားရမည်။ သို့မှသာ လယ်သမားများထံမှ ရှင်းပြချက်များတောင်းခံရန် အားပေးပြီး ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းနှင့်ပတ်သက်၍ လယ်သမား၏ အတွေ့အကြုံများကို မေးခွန်းမေးရန် ပြောပါ။

၄။ လယ်ကွင်းတစ်ခုသို့ကွင်းဆင်းသွားရောက်ပါက ကျောင်းသားများကို လယ်ကွင်းထဲတွင် တွေ့ရှိနိုင်သော အပင်ရောဂါအမျိုးမျိုးကို ကြိုးစားလေ့လာစူးစမ်းရန်နှင့် တွေ့ရှိချက်များကို စာအုပ်ထဲတွင် အသေးစိတ် ရေးမှတ်ရန် တိုက်တွန်းပါ။ လယ်ကွင်းသို့ သွားရောက်ရန် မဖြစ်နိုင်ပါက လယ်သမားများကို အတန်းသို့ လာရောက်၍ အချက်အလက်များပံ့ပိုးရန် ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အတန်းကို သင့်တော်သော အုပ်စုအဖွဲ့ငယ်လေးများ ခွဲရန် စီစဉ်ပါ။ အစီရင်ခံရန်အတွက် အဖွဲ့တစ်ခုစီကို အပင်ရောဂါတစ်မျိုးပေးပါ။ ထို့နောက် အဖွဲ့များကို ထိုအပင်ရောဂါနှင့်ပတ်သက်သည့် သိရှိထားရန်လိုအပ်သည့် အချက်အလက်များ အားလုံး ပါဝင်သော ပိုစတာတစ်ခု ပြင်ဆင်ပါစေ။ ဤ အချက်အလက်များတွင် ကျောင်းသားကိုင်စာအုပ်မှ ရရှိသော အချက်အလက်များ၊ အွန်လိုင်းမှ ရှာဖွေတွေ့ရှိသော အချက်အလက်များ ပါဝင်နိုင်သည်။ လုပ်ငန်းပြီးဆုံးလျှင် ပိုစတာကို အခြားအဖွဲ့များ ကြည့်ရှုနိုင်ရန် စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ပြီးပြည့်စုံသော ပိုစတာတစ်ခုတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။ ရောဂါဖြစ်နေသော အပင်၏ ပုံ၊ ရောဂါကို ဖော်ပြချက်၊ ရောဂါဖြစ်ရသည့် အကြောင်းရင်းနှင့် ရောဂါလက္ခဏာများ၊ ဖြစ်သည်။ ပိုစတာတွင် လက်ခံပင်အမျိုးအစား၊ ရောဂါဖြစ်ပွားစေသောသက်ရှိ အမျိုးအစား၊ ရောဂါကိုအားပေးသော ပတ်ဝန်းကျင် အခြေအနေများကို မီးမောင်းထိုးဖော်ပြထားသည့် ပြီးပြည့်စုံသော ရောဂါဖြစ်စေသော သုံးပွင့်ဆိုင် အကြောင်းရင်းများလည်း ပါဝင်ရမည်။ ပိုစတာတွင် ရောဂါကာကွယ်နှိမ်နင်းနည်း အမျိုးမျိုးအတွက် အကြံပြုချက်များလည်း ပါဝင်ရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို သင်ခန်းစာသည် အောက်ပါ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ခြုံငုံမိကြောင်း သတိပေးပါ။

- *အပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများကို ဖော်ထုတ်သတ်မှတ်တတ်မည်။*

ဤသင်ယူမှုရလဒ်များမှ မည်သည့်အတိုင်းအတာအထိ သင်ယူမှုရလဒ်ကိုကျောင်းသားများ ရရှိခဲ့သည်နှင့် မည်ကဲ့သို့ ရရှိခဲ့သနည်း ဆိုသည်ကို ပြန်လည်ဆန်းစစ်ပါ။

၂။ သင်ခန်းစာသည် အောက်ပါ ဆရာများအတွက် တတ်ကျွမ်းမှု စံနှုန်းများကို ချိုင့်မိကြောင်း ကျောင်းသားများကို သတိပေးပါ။

- *(က) (၅.၁) အတန်း (အဆင့်) တစ်ခုစုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*
- *(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသသည်။*

သင်ခန်းစာတွင် တတ်ကျွမ်းမှုကို မည်သို့ချိုင့်မိကြောင်း ရှင်းပြပါ။

၃။ သင်ခန်းစာတွင် သင်ယူမှုအဓိကအချက်များကို ပြန်လည်စုစည်းတင်ပြပါ။

၄။ ကျောင်းသားအဖွဲ့တစ်ခုစီကို အပင်ရောဂါများကို ဖြေရှင်းခြင်းအတွက် ကာကွယ် နှိမ်နင်း နည်းတစ်ခုကို တာဝန်ပေးပါ။ ထိုနည်းလမ်းနှင့် တွဲလျက်ပါလာနေသည့် အပေါင်းလက္ခဏာ ဆောင်သော အချက်များနှင့် အနုတ်လက္ခဏာဆောင်သော အချက်များကို စာရင်းတစ်ခု ပြုစုရန် အလုပ်ပေးပါ။ အဖွဲ့များအချင်းချင်းကို သူတို့၏ စာရင်းအမျိုးမျိုးကို မျှဝေကြည့်ရှုစေပြီး စာရင်းအတွင်းထပ်မံထည့်သွင်းနိုင်သည့် စိတ်ကူးများ၊ အကြံပြုချက်များ မျှဝေရန် တိုက်တွန်းပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းစဉ်များ

**သင်ယူမှုလုပ်ငန်း ၁။** ယုံကြည်မှုနည်းသော ကျောင်းသားများကို သူတို့၏ စာအုပ်ထဲတွင် ရောဂါဖြစ်စေသော သုံးပွင့်ဆိုင်အကြောင်းရင်း ပုံစံတစ်ခုကို ရေးဆွဲစေပြီး၊ ရောဂါကူးစက်လွယ်သော လက်ခံပင်၊ ရောဂါဖြစ်စေသော သက်ရှိပစ္စည်းနှင့် ရောဂါကိုအားပေးသော ပတ်ဝန်းကျင် စသည့် အညွှန်းများကို စာရင်းပြုစုခိုင်းခြင်းအားဖြင့် ကူညီပေးပါ။ ထိုအကြောင်းအရာသုံးချက်သည် ရောဂါဖြစ်ပွားအောင် မည်သို့မည်ပုံ ပါဝင်ကြောင်း လေ့လာရန် တိုက်တွန်းပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ - ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း ၁။ ရောဂါကိုအားပေးသော ပတ်ဝန်းကျင်ဆိုသည်မှာ မည်သည့်ပတ်ဝန်းကျင်ကို ဆိုလိုသနည်း။

*ဖြေ- အားပေးသော ပတ်ဝန်းကျင်ဆိုသည်မှာ ရောဂါဖြစ်စေသော သက်ရှိပစ္စည်းများရှင်သန်ရန် လိုအပ်သော ရာသီဥတု ကိုဆိုလိုသည်။ အပင်များအတွက် အားမပေးသော ပတ်ဝန်းကျင် ဖြစ်သည်မှာ ထင်ရှားသည်။*

မေးခွန်း ၂။ မြန်မာနိုင်ငံတွင် တွေ့ရများသော အပင်ရောဂါ လက္ခဏာများမှာ အဘယ်နည်း။

*ဖြေ။ အဖြေများတွင် အောက်ပါတို့ ပါဝင်နိုင်သည်။*

*မှိုစွဲရောဂါ- ဘယ်ရီသီးများပေါ်တွင် ငှက်မျက်လုံး အစက်များ၊ ခရမ်းချဉ်သီး ပျိုးပင်များပုပ်ရိခြင်း*
*ဘက်တီးရီးယားကြောင့်ဖြစ်သော ရောဂါများ- သစ်ပုပ်နာ၊ အပင်ကျိုးပေါင်း*
*ဗိုင်းရပ်ကြောင့်ဖြစ်သော ရောဂါများ-- တွန့်နေသော အရွက်များ၊ အသီးပုံပျက်ခြင်း*
*ကပ်ပါးကောင်ကြောင့်ဖြစ်သော ရောဂါလက္ခဏာများ- အမြစ်အရည်အိတ်၊ အမြစ်ထုံး*

မေးခွန်း ၃။ မည်သည့် ရောဂါကာကွယ်နှိမ်နင်းမှု နည်းလမ်းကို ပုံမှန်ကာကွယ်နှိမ်နင်းမှုဟု မှတ်ယူသနည်း။

*ဖြေ- အောက်ပါ ကာကွယ်နှိမ်နင်းနည်းများပါဝင်နိုင်သည်။*

*ရေဆိုးထုတ်စနစ်- သန့်ရှင်းသော ပတ်ဝန်းကျင် မှိုများဖြစ်ပေါ်စေနိုင်သည့် ရင်းမြစ်များကို ဖယ်ရှားခြင်း၊ လျှော့ချခြင်း။*

*ဖြတ်တောက်ခြင်း- ရောဂါကူးစက်နေသောတစ်ရှူးများကို ဖယ်ရှားသည်။ ပိုမိုအားကောင်းစွာ ကြီးထွားနိုင်အောင်တိုးမြှင့်သည်။ လေဝင်လေထွက် ပိုမိုကောင်းမွန်စေသည်။*

*ရေလောင်းခြင်း- မြေဆီလွှာရေနစ်မြုပ်ခြင်း၊ ရေများလွန်းခြင်း၊ ရေနည်းလွန်းခြင်းတို့ကို ရှောင်ကြဉ်သည်။*

*စိုက်ပျိုးသည့်ရက်စွဲ- ရောဂါဖြစ်စေသော သက်ရှိပစ္စည်းများအတွက် အားမပေးသော အခြေအနေ၊ လက်ခံပင်အတွက် အားပေးသော အခြေအနေ။*

*မြေသြဇာကျွေးခြင်း -မြေသြဇာနည်းလွန်းခြင်း များလွန်းခြင်းကို ရှောင်ကြဉ်သည်။*

*အလှည့်ကျ လှည့်ပေးခြင်း- လက်ခံပင်မဟုတ်သောအပင်များနှင့် ခုခံအားရှိသော မျိုးကွဲများ။ မြေဆီလွှာတွင် ပေါက်ဖွားသော ရောဂါဖြစ်စေသည့်ပစ္စည်းများ များပြားလာခြင်းကို လျှော့ချပေးသည်။*

*ထောင်ချောက်ပင်များနှင့် ရန်မူတတ်သောအပင်များ -ဥပမာ-ထပ်တစ်ရာပန်း နယ်မြေ ပြည်နယ်၊ နိုင်ငံနယ်စပ်များအကြား အပင်ပစ္စည်းများရွှေ့ပြောင်းခြင်းကို တင်းကြပ်ခြင်း၊ ရောဂါမကူးစက်အောင် သီးခြားချုပ်ထားခြင်း။*

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန